မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် ၂၀၁၉ ခုနှစ်၊ မေ ၂၀ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၂၃၃)

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

တစ်နိုင်ငံလုံး၌ ဓလေ့စရိုက်သဖွယ် ပျံ့နှံ့နေသော အဂတိလိုက်စားမှုစနစ်ဆိုးကို တိုက်ဖျက်ရာတွင် မိမိတို့ကော်မရှင်အနေဖြင့် ချဉ်းကပ်နည်း(၃)နည်းကို အသုံးပြုလျက်ရှိကြောင်း ကော်မရှင်ဥက္ကဋ္ဌပြောကြား

နေပြည်တော် မေ ၂၀

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်ကိစ္စ**နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အဆိုပါစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်ခြင်း၊ အလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်ခြင်းနှင့် နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိနိုင်သည့်အတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အခြားအာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❁

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။ သတင်းစဉ်

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်

စာမျက်နှာ - ၈

ဂူဂဲလ်ကုမ္ပဏီက ဟွာဝေးနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်း

နိုင်ငံတကာသတင်း

စာမျက်နှာ - ၁၄

မြန်မာ့အလင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ခိုင်မာသည့်သန္နိဋ္ဌာန်

မိမိတို့နိုင်ငံကို လူတစ်ဦးအနေဖြင့်လည်းကောင်း၊ အဂတိလိုက်စားမှုကို ရောဂါဆိုးတစ်ခုအနေဖြင့်လည်းကောင်း ဥပမာပေးမည်ဆိုပါက လက်ရှိနိုင်ငံ၏အခြေအနေမှာ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးဆီသို့ ရောဂါဆိုးပျံ့နှံ့နေသည့် အခြေအနေသို့ ရောက်ရှိနေသည်။ အစိုးရဌာနများ၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများနှင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ဓလေ့ထုံးတမ်းအပါအဝင်ဖြစ်သည့် အင်စတီကျူးရှင်းဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်လုံးသည်လည်း အဂတိလိုက်စားမှုရောဂါဆိုးကြောင့် အပြင်းအထန်နာမကျန်းဖြစ်နေရပြီဖြစ်သည်။ ဤသည်မှာ ယမန်နှစ်ဒီဇင်ဘာလဆန်းပိုင်းက ကျင်းပခဲ့သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဖိုရမ်တွင် ပြောကြားခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၏ အမှာစကားပါ အချက်အလက်များကို ကိုးကား၍ သုံးသပ်တင်ပြရခြင်းပင်ဖြစ်သည်။

အဂတိလိုက်စားမှုရောဂါက နာတာရှည်သဖွယ်အမြစ်တွယ်နေပြီဖြစ်သည့်အလျောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကလည်း ရောဂါကုထုံးသဖွယ် အနာနှင့်ဆေး တည့်အောင်ပေးကာ နာမကျန်းမှုများကင်းစင်ပပျောက်သည်အထိ နည်းလမ်းအသွယ်သွယ်ဖြင့် အချိန်ယူကုသသွားရမည်သာ ဖြစ်သည်ဟု ယုံကြည်မိသည်။ လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှုများအပါအဝင် အဂတိလိုက်စားမှုများက နေရာတိုင်း၊ အဆင့်တိုင်းတွင် ထုနှင့်ထည်နှင့် စွဲကပ်နေဆဲဖြစ်သလို ကင်ဆာရောဂါဆဲလ်များသဖွယ်ပင် အခြေအနေပေါ်လိုက်၍ ပြောင်းလဲဖုံးကွယ် ရှောင်တိမ်းရှင်သန်နေဆဲဖြစ်သည့်အတွက်ကြောင့်လည်း နှိမ်နင်းရန်၊ တိုက်ဖျက်ရန်အခက်အခဲကြီးမားနေခြင်းဖြစ်သည်ဟု နားလည်ရသည်။

အချို့သော ရုံးဌာနများတွင် အောက်ခြေမှသည် အထက်အဆင့်ဆင့်သို့ ဆိုင်ရာဆိုင်ရာအဆင့်အလိုက်၊ အချိုးအစားအလိုက်ဝေပုံကျခွဲဝေကြကာ အသံမထွက်စေသောနည်းဖြင့် အဂတိလိုက်စားနေကြသည်များလည်း ရှိနေသည်။ အဆိုပါ ရုံးဌာနများသို့ သွားရောက်၍ ဝန်ဆောင်မှုရယူကြရသည့် ပြည်သူများထံမှ လည်းကောင်း၊ အချင်းချင်းမကျေလည်သည့်အခါကျမှသာလည်းကောင်း အဂတိလိုက်စားမှုသတင်းများ ပြင်ပသို့ပေါက်ကြားလာတတ်သည်။

လက်ရှိအခြေအနေတွင် နိုင်ငံနှင့်အဝန်းရှိ အဂတိလိုက်စားမှု၏ အထုအထည်ကြီးမားခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သလောက် ကော်မရှင်၏လူသားအရင်းအမြစ်၊ နည်းပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံအားနည်းနေခြင်း စသည့် အခြေခံအကြောင်းတို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ စိတ်သွားတိုင်းကိုယ်မပါ ထင်တိုင်းမပေါက်သေးဟုဆိုသည့်တိုင် ကြီးမားသည့် အရွေ့များရှိနေသည်ကိုလည်း အသိအမှတ်ပြုကြရမည်ဖြစ်သည်။ ယခုအခါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် နိုင်ငံတော်၏ ခိုင်မာသည့် သန္နိဋ္ဌာန်တစ်ခုဖြစ်သည်ကို ပိုမိုထင်ရှားစွာ တွေ့မြင်လာနေရပြီး အဂတိလိုက်စားမှုများကိုလည်း ပြည်သူများက လက်မခံဘဲ ပိုမိုဆန့်ကျင်လာနေခြင်း၊ ဓလေ့ထုံးစံသဖွယ်ဖြစ်နေသော အဂတိလိုက်စားမှု ပုံစံအချို့တို့မှာလည်း ခေါင်းလျှိုငုပ်လျှိုးသွားကြခြင်းစသည်တို့က အဂတိလိုက်စားမှု တိုက်ဖျက်ရေး၏ အရွေ့များအနက်မှ အချို့ပင်ဖြစ်သည်။ ဤသည်မှာ ရှေ့သို့ဆက်လက်လှမ်းတက်သွားရမည့်ခြေလှမ်းများအတွက် အင်အားများဖြစ်သည်ဟု ဆိုနိုင်သည်။

မိမိတို့အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ တတ်နိုင်သည့်ကဏ္ဍများမှ ဝိုင်းဝန်းပါဝင်ကူညီပေးခြင်းဖြင့် နိုင်ငံတော်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်တာများကို အားဖြည့်ပေးကြဖို့ပင်ဖြစ်သည်။ အထူးသဖြင့် ပြည်သူများနှင့် မီဒီယာများအပါအဝင် စုပေါင်းအင်အားများဖြင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ၊ ဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုတို့အပေါ် စွဲကပ်နေသည့် အဂတိလိုက်စားမှု ရောဂါဆိုးကို ပါဝင်တိုက်ဖျက်နိုင်ကြပါစေကြောင်း။ ။

မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း ဖွဲ့စည်းတည်ထောင်ခြင်း အခမ်းအနား ကျင်းပစဉ်။ ဓာတ်ပုံ-လှမိုး

မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း ဖွဲ့စည်းတည်ထောင်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၀

မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း ဖွဲ့စည်းတည်ထောင်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က လက်ရှိအချိန်တွင် တရုတ်-မြန်မာနှစ်နိုင်ငံက ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်းကို တက်တက်ကြွကြွ အတူတကွတည်ဆောက်လျက်ရှိပါကြောင်း၊ ယင်းသည် တရုတ်-မြန်မာ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေး လမ်းကြောင်း ဖြစ်ပါကြောင်း၊ ယင်းမူဘောင်အောက်တွင် နှစ်နိုင်ငံက တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ဆောက်ရေးကို စတင်ခဲ့ပါကြောင်း၊ တရုတ်-မြန်မာ စီးပွားကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ကျယ်ပြောသည့် အနာဂတ်ကို ဖွင့်လှစ်ပေးလိုက်ပြီး နှစ်နိုင်ငံစက်မှုလက်မှုနယ်ပယ်က ပုဂ္ဂိုလ်များပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးအခွင့်အလမ်းများစွာ ထောက်ပံ့ပေးလိုက်ပါကြောင်း၊ ခေတ်ကာလသစ်တွင် မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း ဖွဲ့စည်းတည်ထောင်ခြင်းသည် နှစ်နိုင်ငံအစိုးရနှင့် စက်မှုလက်မှုနယ်ပယ်၏ ဘုံရည်မှန်းချက်နှင့် မျှော်မှန်းချက် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာ-တရုတ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Mr. Liu Ying တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်အနေဖြင့် သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်းကို မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ နှစ်နိုင်ငံ အကြား အပြန်အလှန် ကုန်သွယ်မှုနှင့် ရေရှည်ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်နိုင်ရန်နှင့် အိုင်တီနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း စသည့် ကဏ္ဍပေါင်းစုံတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ပိုမိုရင်းနှီးသည့် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို မြှင့်တင်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်လေးဦး၊ ကဏ္ဍပေါင်းစုံ ကိုယ်စားပြုသည့် လုပ်ငန်းရှင် ၁၂ ဦး တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မင်းသစ် (MNA)

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၂/ ၂၀၁၉) သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးစီးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၄၂/ ၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄၂/ ၂၀၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ သင်တန်းပို့ချပေးမည့် အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်း၌ သံတမန်ရေးရာနှင့်သက်ဆိုင်သည့် အခြေခံဘာသာရပ်များ၊ ဓေ့စပ်ညှိနှိုင်းမှု ပညာရပ်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံနှင့် အစည်းအဝေးများ ကျင်းပခြင်း၊ နိုင်ငံတကာဆက်ဆံရေး ပညာရပ်များ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များပါဝင်မည်ဖြစ်ကာ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာ အချိန်ပိုင်း တက်ရောက်ရပြီး သင်တန်းဆင်းလက်မှတ်ရ သင်တန်းဖြစ်သည်။ အဆိုပါသင်တန်းသည် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်နေသော ပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများ၊ အခြားဌာနများမှ ဝန်ထမ်းများ၊ ဘွဲ့ရလူငယ်များ၊ ဘာသာရပ်အပေါ် စိတ်ဝင်စားလေ့လာလိုသူများအတွက် ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ဖွင့်လှစ်နေသော သင်တန်းဖြစ်ပြီး တစ်နှစ်လျှင်နှစ်ကြိမ် ဖွင့်လှစ်လျက်ရှိသည်။

သတင်းစဉ်

ကော့နွဲ့ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲကျင်းပ

လှိုင်းဘွဲ့ မေ ၂၀

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကော့နွဲ့ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကော့နွဲ့ကျေးရွာ ကော့နွဲ့ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်စွာမြင့်၊ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဝင်းဇော်ဦးတို့က ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်အား အမွှေးနံ့သာများနှင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒေါက်တာ ကျော်စွာမြင့်က အမှာစကားပြောကြားပြီး ကော့နွဲ့ကျေးရွာ အုပ်စု ကျေးလက်ကျန်းမာရေးဌာနဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် အဆောက်အအုံဖွင့်လှစ်ခြင်းအထိမ်းအမှတ်အလံကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့သား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းသူများ တွေ့ကြုံရသည့်အခက်အခဲများ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆောင်ရွက်ပေးစေလိုသည့် အကြံပြုချက်များ၊ မသန်စွမ်းသူများ ရွေးကောက်ပွဲတွင် ပိုမိုပါဝင်လာစေရန် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

မြန်မာနိုင်ငံသစ်တောကျောင်း၊ အခြေခံသစ်တောပညာ (၂)နှစ် သင်တန်းအမှတ်စဉ် (၁၁၅) သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၂၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မေ ၁၉ ရက်က ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာခန်းမတွင် ကျင်းပသည့် အခြေခံသစ်တောပညာ (၂) နှစ် သင်တန်း အမှတ်စဉ် (၁၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကြိုးပမ်းဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး က အစဉ်အလာကောင်းရှိခဲ့သည့် ကျောင်း၏ဂုဏ်ကို သင်တန်းသားတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုနှင့် ဆက်လက်ထိန်းသိမ်းကြရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ကျောင်းစည်းကမ်းများနှင့် အကျင့်စာရိတ္တ ကောင်းမွန်အောင် လိုက်နာကြရန်၊ သင်တန်းတွင် ထူးချွန်ဆုများရရှိအောင် ကောင်းသော ယှဉ်ပြိုင်ခြင်းဖြင့် အပြိုင်အဆိုင် ကြိုးစားကြရန်၊ စာတွေ့လက်တွေ့ထူးချွန်အောင် ကြိုးစားကြရန်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီး၏ အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး ဦးတည်ဆောင်ရွက်သွားကြရန်၊ စွမ်းဆောင်ရည် ထက်မြက်သည့် ဝန်ထမ်းကောင်းများ ဖြစ်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူဆည်းပူးကြရန်၊ နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို အစဉ်ထာဝရ ဖော်ဆောင်နိုင်သည့် ရိုးသားကြိုးစားသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၉ ရက်က မိတ္ထီလာမြို့နယ်နှင့် ကျောက်ဆည်မြို့နယ် သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့မှ ပျိုးထောင်ဆောင်ရွက်လျက်ရှိသော အမြဲတမ်းပျိုးဥယျာဉ်များနှင့် ပြင်ဦးလွင်မြို့သစ်တောဦးစီးဌာန ဒိုးကွင်း ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာနိုင်ငံသစ်တောကျောင်း၊ အခြေခံသစ်တောပညာ (၂)နှစ် သင်တန်းအမှတ်စဉ် (၁၁၅) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တားဆီးကာကွယ်ရေးနှင့် ပညာပေးရေးလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၂၀

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေး တရားစွဲဆိုရေးလုပ်ငန်းကိုသာမက တားဆီးကာကွယ်ရေးနှင့် ပညာပေးရေးလုပ်ငန်း အပိုင်းများကိုပါ တစ်ပြိုင်နက်တည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာ၌ အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်

ထို့ပြင် ဦးအောင်ကြည်က မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်ခြင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူအများအပြားတွင် ဓလေ့စရိုက်သဖွယ် စွဲကပ်နေသည့် အကျင့်ဖောက်ပြန်မှုကို ပပျောက်စေရန် ပြုပြင်ပေးရခြင်းဖြစ်သည့်အတွက် အပြစ်ရှိသူများကို တရားစွဲဆိုအရေးယူဆောင်ရွက်ရုံမျှဖြင့် ရည်မှန်းချက်များ မအောင်မြင်နိုင်ကြောင်း ဆက်လက်ပြောကြားသည်။

"လွှတ်တော်ကိုယ်စားလှယ်တချို့က တစ်ပါတီအုပ်ချုပ်ရေးစနစ်နိုင်ငံတွေမှာ လုပ်နေတဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်နည်းလုပ်ဟန်တချို့ကို နမူနာပေးပြီး ပိုမိုပြတ်သားစွာ လုပ်ဆောင်သွားဖို့ တိုက်တွန်းခဲ့တာရှိပါတယ်။ စေတနာကောင်းနဲ့ တိုက်တွန်းတာ ဖြစ်ပေမယ့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစနစ်တွေ မတူညီတဲ့အပြင် တရားစွဲဆိုရတဲ့ လုပ်ထုံးလုပ်နည်းတွေပါ မတူညီတဲ့အတွက် အသွင်ကူးပြောင်းဆဲ ဒီမိုကရေစီနိုင်ငံဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံမှာ ပုံတူယူကျင့်သုံးဖို့ မသင့်တော်ဘူးလို့ ထင်ပါတယ်။ ဖွံ့ဖြိုးဆဲဒီမိုကရေစီနိုင်ငံတွေက အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်ချက်တွေနဲ့ နှိုင်းယှဉ်သုံးသပ်မှုသာလျှင် ပိုမိုလက်တွေ့ကျပြီး အသုံးဝင်နိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံ၌ အသေးစားအဂတိလိုက်စားမှုများ မကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းတစ်ခုမှာ ရုံးဌာနများတွင် အရှိုးစွဲနေသော ဌာနတွင်း အဂတိလိုက်စားမှုများကြောင့် ဖြစ်သည်မှာ သိသာထင်ရှားပြီး ကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်များတွင် အောက်မှအထက်သို့ ပံ့ပိုးပေးမှုများလည်း တွေ့ရှိရကြောင်း၊ အောက်ခြေမှ အကျင့်ဖောက်ပြန်မှု ကျူးလွန်သည့်အခါ အထက်က စစ်ဆေးသည့် အရာရှိကြီးများကိုယ်တိုင် ဖြစ်ရပ်မှန်ကို ဖော်ထုတ်စစ်ဆေး အရေးယူရမည့်အစား ကျူးလွန်ခဲ့သော အပြစ်များကို ဖုံးဖိပြုပြင်ပေးခဲ့ပြီး ပေါ့လျော့အောင်ပြုလုပ်မှုများကိုလည်း တွေ့ရှိအရေးယူခဲ့ရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကော်မရှင်က သက်ဆိုင်ရာ ဌာနတွေကို လွှဲပြောင်းပေးတဲ့ တိုင်ကြားစာတွေအပေါ် ယုံကြည်မှုနည်းစေတဲ့ တကယ့်အကြောင်းအရင်းက ဌာနတွင်း အဂတိလိုက်စားမှုများကြောင့်လို့ ပြောလိုပါတယ်။ ဒီအရာတွေဟာ အစိုးရဌာနတွေဘက်ကလည်း တာဝန်ယူမှု တာဝန်ခံမှု ရှိစွာနဲ့ ကိုင်တွယ်ဖြေရှင်းပေးသင့်တဲ့ အချက်လို့ မြင်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ဦးအောင်ကြည်က အုပ်ချုပ်ရေးအပိုင်းတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများ အပိုင်းတွင်ဖြစ်စေ မိမိတို့လုပ်ဆောင်ချက်၊ ဆုံးဖြတ်ချက်များအတွက် တာဝန်ယူမှု မရှိခြင်း၊ ပူးပေါင်းဆောင်ရွက်လိုသော ဆန္ဒမရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ရုံးလုပ်ငန်းစနစ်၊ မှတ်တမ်းထိန်းသိမ်းရေးစနစ်တို့အပေါ် တာဝန်ခံမှုစံနှုန်း နိမ့်ကျနေခြင်းသည်လည်း ကော်မရှင်၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများတွင် ကြီးမားသည့် အဟန့်အတားများဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

"ကျွန်တော့်အနေနဲ့ လုပ်ငန်းခွင် အခက်အခဲတချို့ကို အခုလိုရှင်းပြနေတာဟာ ကော်မရှင်ရဲ့ တာဝန်ရှိမှုကို ရှောင်လွှဲလိုလို့ မဟုတ်ပါဘူး။ ကိုယ်စားလှယ်တွေအနေနဲ့ ကျွန်တော်တို့ရဲ့ လုပ်ငန်းပမာဏကို မှန်ကန်စွာ ချိန်ဆနိုင်ဖို့ဖြစ်ပါတယ်။ ဒီတာဝန်ကို ယူထားပြီးပြီဆိုမှတော့ ဘယ်လောက်အခက်အခဲရှိရှိ ဖြစ်နိုင်တဲ့နည်းလမ်းအားလုံးကို အသုံးပြုပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စိတ်ဆန္ဒပြင်းပြစွာနဲ့ ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ကျော်စောသတင်း ဆိုသည်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃(ဂ)အရ အများပြည်သူအကြား ကျယ်ပြန့်စွာ ပျံ့နှံ့နေပြီး အဂတိလိုက်စားမှု ဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သင်္ကာမကင်းဖွယ်ဖြစ်သည့်အပြင် ယင်းအတွက် ခိုင်လုံသော အထောက်အထားရှိမှသာ ကော်မရှင်ကပင် သတ်မှတ်ပေးနိုင်ခြင်းဖြစ်ပြီး ကော်မရှင်သည် အများပြည်သူအကြားတွင် ကျယ်ပြန့်စွာ ပျံ့နှံ့နေသော သတင်းဖြစ်လာပါက အဆိုပါသတင်းကို မျက်ခြည်ပြတ်မခံဘဲ စူးစမ်းလေ့လာမှု အမြဲပြုလုပ်လျက်ရှိနေပါကြောင်း ၎င်းကပြောသည်။

"ပျံ့နှံ့နေတဲ့သတင်းဟာ အဂတိလိုက်စားမှုမမြောက်ရင် တဖြည်းဖြည်း ပျောက်ကွယ်သွားလေ့ရှိပြီး အဂတိလိုက်စားမှုမြောက်ခဲ့ရင်တော့ ဥပဒေအရ ပျက်ပြယ်မှာ မဟုတ်တဲ့အပြင် ခိုင်လုံတဲ့ အထောက်အထားတွေ ပိုမိုထွက်ပေါ် လာလေ့ရှိတာမို့ စိုးရိမ်စရာ မရှိပါဘူး" ဟု ကော်မရှင်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

အဆိုပါ ကော်မရှင်၏နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် ၃၃ ဦးက ပါဝင်ဆွေးနွေးခဲ့ကြပြီး ယင်းအစီရင်ခံစာ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ကော်မရှင်ဥက္ကဋ္ဌ၏ ပြန်လည်ရှင်းလင်း တင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။ **အောင်ရဲသွင်၊ အေးအေးသန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၅/၂၀၁၉) ကျင်းပစဉ်။ သတင်းစဉ်

နေပြည်တော် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၅/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၀

ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များမှာ ကချင်ပြည်နယ် ဖားကန့်ဒေသအတွင်း ရွှေ့ပြောင်းအလုပ်သမားများ၊ ရေမဆေးကျောက်ရှာဖွေသည့် အလုပ်သမားများ၊ ထိခိုက်လွယ်အုပ်စုများ ဖြစ်ကြသော မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ တိုက်ပွဲရှောင်စခန်းများမှ ဒုက္ခသည်မိသားစုများအတွက် လူနေမှုအဆင့်အတန်းနှင့်အညီ ပြည့်စုံစွာနေထိုင်နိုင်ရေး ဆောင်ရွက်ခြင်း၊ ပြည်သူလူထု၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာစွာ၊ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူမှုအသိုက်အဝန်းဖြစ်ပေါ်စေရေးနှင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရရှိရေးအတွက် ထိရောက်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံချက်ချမှတ်ဆောင်ရွက်ခြင်း၊ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်သော လူမှုအသိုက်အဝန်းတစ်ရပ်ဖြစ်ပေါ်လာစေရန်အတွက် ဆောင်ရွက်ခြင်း။

မြေလွတ်မြေရိုင်းများတွင် အခြေချနေထိုင်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ စီမံဆောင်ရွက်ခြင်း၊ ဖားကန့်ဒေသရှိ အခြေခံလူတန်းစား၊ ရွှေ့ပြောင်းအလုပ်သမားများ (ရေမဆေးကျောက်သမားများ အပါအဝင်)၊ မူးယစ်ဆေးစွဲသူများနှင့် ဘဝရပ်တည်ရန် ခက်ခဲသည့် အုပ်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ ဖားကန့်ဒေသရှိ မူးယစ်ဆေးစွဲသူများအား စိစစ်ဖော်ထုတ်၍ မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရေရှည်စီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဘဏ္ဍာငွေရရှိရေး ပြည်နယ်အစိုးရနှင့်အတူ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများ၊ ပြည်တွင်း/ပြည်ပမှ စေတနာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ခြင်း၊ ဖားကန့်ဒေသအတွင်း ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေး စီမံကိန်း၏ တရားဥပဒေစိုးမိုးရေး၊ အဂတိတိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲပိုင်ခွင့်ရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေးတို့အတွက် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်တို့မှ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့် အမိန့်၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား ထုတ်ပြန်ရန် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲမှ တင်ပြလာပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခြင်းတို့ ပါဝင်ကြောင်း။

လုပ်ငန်းအဖွဲ့ခွဲ (၆)ဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈)ကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး ထိုအစည်းအဝေးမှ ရရှိသည့် ဆုံးဖြတ်ချက် ၃၉ ချက်အား လုပ်ငန်းအဖွဲ့ခွဲ(၆)ဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ဒေသခံပြည်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ တင်ပြချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယနေ့အစည်းအဝေးခေါ်ယူခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ဖားကန့်ဒေသ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ၊ ရှေ့တွင်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် အားလုံးပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဒေါက်တာ ရဲမြင့်ဆွေ၊ ဦးစိုးအောင်၊ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က လုပ်ငန်းအဖွဲ့ခွဲများအလိုက် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လုပ်ငန်းခွဲများအလိုက် လက်တွေ့မြေပြင်တွင် လက်ရှိဥပဒေများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ သက်ရောက်မှုရှိ/မရှိ ကွင်းဆင်း၍ ဒေသခံပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံရန် တိုက်တွန်းပါကြောင်း၊ မိမိတွင်ရှိသည့် အင်အားနှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သည့်နေရာတွင် ဆောင်ရွက်မှုများ ထိရောက်မှုရှိရန်၊ လက်တွေ့မြေပြင်တွင် အမှန်တကယ်အပြောင်းအလဲဖြစ်ရန် လုပ်ငန်းအဖွဲ့ခွဲအသီးသီးမှ အားထည့်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့အကြံပြုချက်များကို စုစည်းပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၀

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်ဇနီး နှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၂၀

ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro L. Locsin, Jr. နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးနှင့် တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲ ကော်မရှင်အစည်းအဝေးတက်ရောက်ရန် ယနေ့ညနေ ၆ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးတို့အား နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

သတင်းစဉ်

❀ *ရှေ့ဖုံးမှ*

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် တစ်နိုင်ငံလုံးတွင် ဓလေ့စရိုက်သဖွယ် ပျံ့နှံ့နေသော အဂတိလိုက်စားမှုစနစ်ဆိုးကိုတိုက်ဖျက်ရာတွင် မိမိတို့ကော်မရှင်အနေဖြင့် ချဉ်းကပ်နည်း(၃)နည်းကို အသုံးပြုလျက်ရှိပါကြောင်း၊ ပထမချဉ်းကပ်နည်းမှာ အဖွဲ့တွေ့စေ့ဆော်မှု၊ ဒုတိယချဉ်းကပ်နည်းမှာ မိသားစုစေ့ဆော်မှုနှင့် တတိယချဉ်းကပ်နည်းမှာ ဗဟိဒ္ဓစေ့ဆော်မှုတို့ ဖြစ်ပါကြောင်း။

ကော်မရှင်သည် တစ်နှစ်လုံးတွင် ၄၆ မှုသာ အရေးယူနိုင်ခဲ့ခြင်းသည် နိုင်ငံတစ်နိုင်ငံတွင် ဖြစ်သင့်သည်ထက် များစွာနည်းသည်မှာ မှန်

ကိုယ်စားလှယ်တော်ကြီးများ ဝေဖန်ထောက်ပြသည့်အချက်မှာ တိုင်ကြားစာ ၁၀၅၄၃ စောင်တွင် ၄၆ မှုကိုသာ ကော်မရှင်က စုံစမ်းစစ်ဆေး တရားစွဲဆိုနိုင်ခဲ့ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ ၁၇၉၅ စောင်သည် အမှုမှန်မပေါ်ပေါက်ခြင်း၊ ထိုက်တန်စွာအရေးယူခံရမှုမရှိဘဲ ဖြစ်နိုင်သည်ကို စိုးရိမ်ခြင်းနှင့် အရေးယူဆောင်ရွက်ပေး၍မရသော တိုင်ကြားစာ ၂၈၂၄ စောင်ကို သိလိုကြခြင်းပင် ဖြစ်ပါကြောင်း၊ ကော်မရှင်သည် တစ်နှစ်လုံးတွင် ၄၆ မှုသာ အရေးယူနိုင်ခဲ့ခြင်းသည် နိုင်ငံတစ်နိုင်ငံတွင် ဖြစ်သင့်သည်ထက် များစွာနည်းသည်မှာ မှန်ပါကြောင်း။

ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ရှင်းလင်းဆွေးနွေးစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရှင်းလင်းဆွေးနွေးစဉ်။

ကော်မရှင်တွင် လူသားအရင်းအမြစ်၊ နည်းပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံအားနည်းချက်များက အကြောင်းရင်းတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ အမှုတစ်ခုကို စစ်ဆေးရာတွင် အမှု အသေးအကြီးပေါ်မူတည်ပြီး ကော်မရှင်အဖွဲ့ဝင်တစ်ဦးမှ ခေါင်းဆောင်၍ ဝန်ထမ်းဦးရေ ၁၀ ဦးမှ ၁၅ ဦးအထိ အသုံးပြုရပါကြောင်း၊ ပြစ်မှုဖြစ်ပွားရာ ဒေသများတွင် လနှင့်ချီ၍ စစ်ဆေးရသည်များရှိပါကြောင်း၊ ကော်မရှင်၏ မူလဖွဲ့စည်းပုံအရ တစ်ပြိုင်တည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ ငါးဖွဲ့ထက်ပို၍ မစေလွှတ်နိုင်ပါကြောင်း၊ တိုင်ကြားထားသောအမှုသည် ကြာပြီဆိုပါက ခိုင်လုံသောသက်သေများနှင့် သက်သေခံအထောက်အထားများကို ခက်ခဲစွာရှာဖွေရပါကြောင်း၊ ထို့ကြောင့် တစ်နှစ်တွင် ၄၆ မှုသာ အရေးယူနိုင်ခဲ့သည်မှာ မိမိတို့၏စွမ်းဆောင်ရည်ကို အမြင့်ဆုံး အသုံးပြုထားရသည်ကို ကိုယ်စားလှယ်များအနေဖြင့် တွက်ချက်ကြည့်ပါက တွေ့မြင်နိုင်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျော်စောသတင်းနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မှုနည်းခြင်းကိုလည်း ထောက်ပြထားပါကြောင်း၊ ကျော်စောသတင်းဆိုသည်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(ဂ)အရ အများပြည်သူအကြား ကျယ်ပြန့်စွာပျံ့နှံ့နေပြီး အဂတိလိုက်စားမှုဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်းကို သက်သေမကင်းဖြစ်သည့်အပြင် ခိုင်လုံသော အထောက်အထားရှိမှသာ ကော်မရှင်မှ သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ကော်မရှင်သည် အများပြည်သူများအကြား ကျယ်ပြန့်စွာပျံ့နှံ့နေသည့် သတင်းဖြစ်လာပါက ထိုသတင်းကို မျက်ခြည်ပြတ်

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

မခံဘဲ စူးစမ်းလေ့လာမှု အမြဲပြုလုပ်လျက်ရှိပါကြောင်း။

ဆွေးနွေးချက်များမှ လိုက်နာဆောင်ရွက်နိုင်သော အချက်များအား အစီရင်ခံစာ အခန်း(၅) ၂၀၁၉ ခုနှစ် အတွက် ရှေ့လုပ်ငန်းစဉ်တွင် ထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များမှ လိုက်နာဆောင်ရွက်နိုင်သော အချက်များအား အစီရင်ခံစာ အခန်း(၅) ၂၀၁၉ ခုနှစ် အတွက် ရှေ့လုပ်ငန်းစဉ်တွင် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ ပြန်လည်ရှင်းလင်းတင်ပြချက်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း က **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန် ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန် ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ချေးငွေရယူရေး**နှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းချေးငွေရယူရေးကိစ္စကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၂၀ မဲ၊ ကန့်ကွက်မဲ ၁၅ မဲနှင့် ကြားနေမဲ ၇ မဲ ဖြစ်၍ ထောက်ခံမဲများသဖြင့် သဘောတူအတည်ပြုကြောင်းနှင့် အဆိုပါချေးငွေကို ရယူအသုံးပြုမည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကိုပါ အလေးထားဆောင်ရွက်သွားရန် ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရန်နှင့် အတည်ပြုနိုင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး (ဘောဂဗေဒ) တို့က ဆွေးနွေးကြသည်။

နိုင်ငံ၏သဘာဝသယံဇာတ သစ်တောများပြုန်းတီးပြီး ရာသီဥတုဖောက်ပြန်မှုများနှင့် ဂေဟစနစ်ပျက်ယွင်းမှုများကြုံခဲ့ရမှု စသည့်ကိစ္စရပ်များ နောက်ထပ်မဖြစ်ပွားစေရန်အတွက် ပြင်ဆင်ရေးဆွဲသင့်

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ယခုရေးထိုးမည့် အခြေပြစာချုပ်၌ အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံရမည့်လုပ်ငန်း ငါးမျိုးတွင် မိမိတို့နိုင်ငံအနေဖြင့် အခွင့်အရေးရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခင်ကခွင့်ပြုခဲ့သည့် မြစ်ဆုံဆည်စီမံကိန်း၊ ဖားကန့်ကျောက်စိမ်းထုတ်လုပ်မှုစီမံကိန်းများ၊ ပြဿနာများဖြစ်ခဲ့သည့် လက်ပံတောင်းတောင်ကိစ္စရပ်များ၊ နိုင်ငံ၏သဘာဝသယံဇာတ သစ်တောများပြုန်းတီးပြီး ရာသီဥတုဖောက်ပြန်မှုများနှင့် ဂေဟစနစ်ပျက်ယွင်းမှုများကြုံခဲ့ရမှု စသည့်ကိစ္စရပ်များ နောက်ထပ်မဖြစ်ပွားစေရန်အတွက် ပြင်ဆင်ရေးဆွဲသင့်သည်များကို ထည့်သွင်းပြင်ဆင်ရန်နှင့် အလုပ်လက်မဲ့ပြဿနာများကို ဖြေရှင်းကူညီနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် အဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ ပို၍ဝင်ရောက်လာနိုင်မည့် ပြင်ဆင်ချက်များလည်း ထည့်သွင်းစဉ်းစားထားသင့်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအတွက်သာမက အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် ပြင်ဆင်ချက်စာချုပ်တွင် လက်မှတ်ရေးထိုးအတည်ပြုနိုင်ရေးအတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)က စာချုပ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် တစ်နိုင်ငံချင်းစီအပေါ်တွင် ပေးထားသည့် ဖြေလျှော့သည့်ပုံသဏ္ဌာန် မတူညီသည့်အခြေအနေကြောင့် စာချုပ်များတွင် လက်မှတ်ရေးထိုးရာ၌ ဖြစ်လာမည့်အကြောင်းတရားများကိုလည်း ကြိုတင်ဖြေရှင်းရန် လိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ စက်မှုကဏ္ဍသည် ယခုအချိန်တွင် သုညအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ) ဆွေးနွေးစဉ်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ဆွေးနွေးစဉ်။

တွင်သာရှိပါကြောင်း၊ သုညရှိသည့်အချိန်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များ၊ ဒေသတွင်း လွတ်လပ်စွာကုန်သွယ်မှုများနှင့် လွတ်လပ်စွာ စီးဆင်းသည့် စာချုပ်များကြောင့် အမြင်ကျယ်ကျယ်ဖြင့် ကြည့်တတ်ရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုစာချုပ်များ ချုပ်ဆိုလိုက်သည့်အခါ တိုင်းပြည်မှ ပေးဆပ်ရမည့် အရာများ များစွာရှိနိုင်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အာဆီယံဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အား ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုခြင်းဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံရင်းနှီးမြှုပ်နှံမှုဘက်စုံသဘောတူစာချုပ်အား ပြင်ဆင်သည့် စတုတ္ထအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒသမနေ့ကို မေ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့တွင်း သောက်သုံးရေဖြန့်ဖြူးပေးနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၂၀

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ စက်ရုံစုရပ်ကွက် မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းနှင့် ရွာသာယာရပ်တို့ရှိ သောက်သုံးရေရရှိမှုနှင့် ဖြန့်ဖြူးပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

သတင်းစဉ်

ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂၀- ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၇ ဒီဂရီစင်တီဂရိတ်နှင့် မုံရွာမြို့၊ မြင်းမူမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ဂန့်ဂေါမြို့၊ ပေါက်မြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ချောင်းဆုံမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မြိတ်မြို့တွင် ၀ ဒသမ ၅၅ လက်မ၊ မဒေါက်မြို့၊ လှည်းကူးမြို့၊ ရန်ကုန် (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)နှင့် ဟသ်ာတမြို့တို့တွင် ၀ ဒသမ ၂၀ လက်မစီနှင့် ပဲခူးမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

မိုး/၉လ

မြန်ပြည်တစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ကြပါစို့

ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)

“ငါ့အနားကဖြတ်သွားပြီး ငါ့အား လက်နှင့်ရွယ်သူ၊ ငါ့အား မနာကျင်စေမီ နားဆင်ပါ။ ကျွန်ုပ်ကား အေးချမ်းသော ဆောင်းညများဝယ် သင့်မီးလင်းဖို၏ အပူဓာတ်ဖြစ်၏။ နွေနေ၏ အပူဒဏ်မှ ကာကွယ်ပေးသော သင့်မိတ်ဆွေဖြစ်၏။ ကျွန်ုပ်၏ သစ်သီးများမှာ သင်ခရီးသွားနေစဉ် ရေငတ်ပြေစေသော၊ လန်းဆန်းသွားစေသော အာဟာရဖြစ်၏။ ကျွန်ုပ်ကား သင့်အိမ်ကို ခိုင်ခံ့တောင့်တင်းစေသော ရက်မ၊ သင့်စားပွဲခုံ၏ အသားဖြစ်၏။ သင်လဲလျောင်းအိပ်စက်သော ခုတင်၊ သင့်လှေကိုဆောက်သော အသားဖြစ်၏။ ကျွန်ုပ်ကား သင့်ပေါက်ပြား၏ လက်ကိုင်ရိုး၊ သင့်ခါးမဦးချမြေ၏ ဝင်းတံခါး၊ သင့်ပုခက်၏ သစ်သား၊ သင့်အသုဘခေါင်း၏ ကိုယ်ထည်ဖြစ်၏။ ကျွန်ုပ်သည်ကား ဘုရားသခင်၏ လက်ဆောင်ဖြစ်ကာ လူသား၏ မိတ်ဆွေဖြစ်တော့သည်။” ပေါ်တူဂီနိုင်ငံ ပြည်သူ့ဥယျာဉ်ဝင်းအဝင်ဝမှာ ကမ္ပည်းထိုးထားတဲ့ နှစ်သက်ဖွယ်စာသားလေး ဖြစ်ပါတယ်။

လူသားတို့၏ မိတ်ဆွေရင်းချာ

သစ်ပင်တွေဟာ လူသားတို့နဲ့ ကမ္ဘာကြီးပေါ်မှာ အတူပေါက်ဖွားရှင်သန်ကြီးထွားလာကြပြီး တစ်ဦးနဲ့တစ်ဦး အပြန်အလှန် အမှီသဟဲပြုနေကြတဲ့ မိတ်ဆွေရင်းချာများ ဖြစ်ကြပါတယ်။ သစ်ပင်တစ်ပင်ကို ခုတ်လှဲဖို့ပြင်လိုက်တာနဲ့ သစ်ပင်က ပြောကြားမယ့် ရင်တွင်းစကားလေးတွေကို ခံစားနိုင်အောင် စာရေးသူရဲ့ အတွေးနဲ့ အရေးကတစ်ဆင့် တွေ့နိုင်ပါတယ်။ ဗုဒ္ဓမြတ်ဘုရားရှင်ကလည်း ဘူတဂါမပါတဗျ သိက္ခာပုဒ်မှာ “ကြီးပွားဆဲ၊ ကြီးပွားပြီး သစ်ပင်အပေါင်းကို ဖျက်ဆီးခြင်းသည် ပါစိတ်အာပတ် (အပြစ်) ဖြစ်ကြောင်း၊ အာပတ်သင့်လျှင် ဓမ္မအန္တရာယ်၊ တရားမတက်ကြောင်း၊ သစ်ပင်၏ အမြစ် (အဆစ်)၊ အညွန့်၊ မျိုးစေ့ စသည့်ဗီဇဂါမ်တို့ကိုပါ မဖျက်ဆီးရ” လို့ ဆိုထားပါတယ်။ သစ်ပင်သစ်တောတွေကို အလွန်ချစ်ခင်နှစ်သက်တော်မူပြီး မဖျက်ဆီးဖို့၊ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ ရဟန်းတွေနဲ့ နောင်လာနောက်သားတွေကို မှာကြားခဲ့တာမို့ မှတ်သားလိုက်နာစရာ ဖြစ်ပါတယ်။

လူမျိုးအသီးသီး၏ ယုံကြည်မှု

သစ်ပင်တွေကို ကမ္ဘာအနှံ့ လူမျိုးအသီးသီးကလည်း မိမိတို့အယူအဆအလိုက် အနက်အဓိပ္ပာယ်အမျိုးမျိုးဆောင်ပြီး လေးစားချစ်ခင်ကြတာ တွေ့ရပါတယ်။ ရှေးခေတ်အင်္ဂလန်မှာ ဒရူးဝစ် (Druid) လူမျိုးတွေအတွက် ဝက်သစ်ချပင် (Oak tree) ဟာ အထွတ်အမြတ်ပူဇော်ရာဖြစ်သလို ဥရောပတိုင်းပြည်အများစုက သစ်ပင်တွေမှာ အသက်ဝိညာဉ်ရှိတယ်လို့ ယူဆထားကြပါတယ်။ ဒရူးဝစ်ဆိုသူတွေကတော့ ရှေးအင်္ဂလန်ခေတ်က အထက်တန်းစားလူ့အလွှာဖြစ်ပါတယ်။ ရှေးက ဂျာမနီပြည်မှာ သစ်ပင်အားလုံးကို ပုံပျက်ပန်းပျက်လုပ်သူကို သေဒဏ်ပေးလေ့ရှိကြောင်း သိရပါတယ်။ ရှေးခေတ်ရောမသားတွေက ကော်နဲလ် (Cornel) အပင်ကို အထူးအလေးယူစောင့်ရှောက်ကြပြီး သစ်ပင်စောင့်နတ်ထံမှာ လူကိုတောင် ယဇ်ပူဇော်လေ့ရှိကြောင်း သိရပါတယ်။ အမေရိကန်အင်ဒီးယန်းတွေကို သစ်ပင်ခုတ်ခိုင်းရင် ငြင်းဆန်လေ့ရှိကြပါတယ်။ သစ်ပင်ခုတ်တာဟာ သူတို့ကို မကောင်းတဲ့အလုပ် လုပ်ခိုင်းတာဖြစ်တယ်လို့ ယူဆကြပါတယ်။ သူတို့တစ်ဆွေမျိုးလုံး “ခိုက်” တတ်တယ်လို့ ယုံကြည်ကြပါတယ်။ တချို့ကတော့ သစ်ပင်မခုတ်မီ ရှိခိုးတောင်းပန်ပူဇော်ပသတတ်ကြပါတယ်။ ခရစ္စမတ်နေ့ဆိုရင် သစ်ပင်တွေကို အလှဆင်ကြပါတယ်။ အမြတ်တနိုးထားကြပါတယ်။ ဟိန္ဒူဘာသာဝင်တွေက သဖန်းပင် (Fig tree) တွေကို အထူးအရိုအသေပေးကြပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားဟာ ညောင်ပင်အောက်မှာ ပွင့်တော်မူတာမို့ ညောင်ပင်ကို အထူးတန်ဖိုးထားလေ့ရှိကြသလို ဖြစ်ပါတယ်။ ရှေးက လူတချို့ဟာ သစ်ကိုင်းနဲ့ ရေရှာနိုင်ကြတယ်လို့ ယူဆကြပါတယ်။ သစ်ကိုင်းကို ကိုင်ပြီး လမ်းလျှောက်သွားလိုက်ပါ။ မြေအောက် ရေရှိရာအရပ်ရောက်တဲ့အခါ သစ်ကိုင်းကို တစ်ခုခုကဆွဲထားသလို ခံစားရတတ်တယ်လို့ ဆိုပါတယ်။ ဒီနည်းနဲ့ ရေရှာခြင်း dowsing လုပ်ကြတယ်လို့ သိရပါတယ်။ ရေရှာဖို့ တရုတ်လူမျိုးတွေက မက်မွန်ကိုင်း၊ ဒရူးဝစ်တို့က ပန်းသီးကိုင်း၊ မြောက်အမေရိကတိုက်ဒေသခံတို့က Witch hazel ကိုင်းတို့ကို သုံးကြကြောင်းလည်း သိရပါတယ်။

အင်္ဂလိပ်ဘာသာစကားမှာ "Knock on wood" ဖွဟဲ့လွဲပါစေလို့ အဓိပ္ပာယ်ရတဲ့ အီဒီယံအသုံးရှိပါတယ်။ ရှေးက သစ်ပင်ကို နတ်စောင့်တယ်လို့ ယုံကြည်ကြလို့ ဆုတောင်းပြည့်တဲ့အခါ ကျေးဇူးတင်တဲ့အနေနဲ့ အပင်ကို လက်နဲ့ခေါက်ရတယ်လို့လည်း ဆိုကြပါတယ်။ ဒီအချက်တွေကို ကြည့်ခြင်းဖြင့် ကမ္ဘာအနှံ့က လူမျိုးအသီးသီးတို့ဟာ သစ်ပင်တွေကို ချစ်ခင်နှစ်သက်ခဲ့ကြတာ တွေ့နိုင်ပါတယ်။

“တောင်တောရယ်သာ၊ မာလာကင့်ဖူး၊ တစ်ပင်ကိုနှစ်ပင်ယှက်တယ်၊ ကျေးငှက်ကမြူး” တဲ့။ “သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားနိုင်” တဲ့။ ကျွန်တော်တို့မြန်မာတွေ သစ်ပင်တွေကို အထူးချစ်ခင်ကြပါတယ်။ သစ်ပင်တွေကို စိုက်ပျိုးကြ၊ ထိန်းသိမ်းကြတဲ့အလေ့ကို ရှေးကပင် လုပ်ခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။ အခုအခါမှာ သစ်ပင်တွေကို နည်းအမျိုးမျိုးနဲ့ ခုတ်လှဲနေကြ၊ ဖျက်ဆီးနေကြတာတွေ့ရလို့ အထူးစိတ်မကောင်းဖြစ်မိပါတယ်။ ၂၅-၁-၂၀၁၈ ရက်နေ့ မြန်မာ့အလင်းသတင်းစာမှာ နှစ် ၁၀၀ ကျော်သက်တမ်းရှိ ကညင်ပင်ကြီးကို မသမာသူတစ်စုက ခုတ်လှဲတဲ့အကြောင်း ဖတ်ရပါတယ်။ အလေးချိန် ၃၅ ဒသမ ၆၆၀၂ တန်၊ သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်တဲ့ ကညင်ပင်ကြီးကို ခုတ်လှဲကြတာဖြစ်ပါတယ်။ ဒီလိုမျိုးတွေ တရားမဝင်ခိုးယူခုတ်လှဲနေကြတာတွေ အများအပြားရှိနေမှာလို့လည်း အောက်မေ့မိပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ တန်ဖိုးထားမှု လျော့ရဲလာမှုတွေထဲမှာ အခုလို သစ်ပင်တွေကို တန်ဖိုးမထားကြတာ၊ ဖျက်လိုဖျက်ဆီးလုပ်နေကြတာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခြေခံကျတဲ့ လူသားဂုဏ်ရည်တွေ လျော့ပါးနေမှုတွေကို ဒီအတိုင်း လျစ်လျူရှုမထားသင့်ကြတော့ပါဘူး။ နိုင်ငံသားတွေ စိတ်ဓာတ်မြင့်မားလာစေဖို့ အထူးသတိပြုဆောင်ရွက်သင့်ပါတယ်။ ဒါဟာ နိုင်ငံအတွက် တာဝန်သိသူတွေ မဖြစ်မနေလုပ်သင့်တဲ့ တာဝန်ဖြစ်ပါတယ်။ နိုင်ငံသားတိုင်းရဲ့ ပခုံးပေါ် ရောက်လာတဲ့ တာဝန်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သယံဇာတတွေအနက် သစ်တောထွက်ပစ္စည်းတွေ အထူးသဖြင့် ကျွန်းသစ်ဟာ ကမ္ဘာ့ကုန်သွယ်ရေးဈေးကွက်မှာ အလွန်မျက်နှာပွင့်ခဲ့ပါတယ်။ ကျွန်းပင်အမျိုးအစားတွေထဲမှာတောင် မြန်မာ့ကျွန်းသစ်က ထိပ်တန်းအမျိုးအစားဖြစ်ပါတယ်။ သဘာဝတရားရဲ့လက်ဆောင်မွန်ဖြစ်ပါတယ်။ ကိုလိုနီခေတ်က အင်္ဂလိပ်အစိုးရက ကြေးတိုင်လုပ်ငန်းကို သေသေချာချာလုပ်ခဲ့တယ်လို့ သိရပါတယ်။ သစ်တောဧရိယာကို မြေပုံဆွဲပြီး သီးသန့်ကြိုးဝိုင်းတွေ သတ်မှတ်ပါတယ်။ သစ်တောဌာနကိုလည်း စနစ်တကျဖွဲ့စည်းပြီး ကျွန်း၊ ပျဉ်းကတိုး၊ ကညင်၊ အင်ကြင်း၊ သစ်ရာ စတဲ့ သစ်ပင်တွေကို ပင်ထောင်ရိုက် (စာရင်းယူ၊ နံပါတ်တပ်) ပါတယ်။ ကျွန်းပင်အပါအဝင် သစ်ပင်တွေကို သင်းသတ်ပါတယ်။ သင်းသတ်တယ်ဆိုရာမှာ မြေမှ နှစ်ပေခန့်အကွာမှာ သစ်ပင်ပတ်လည်ရှိ အခေါက်တွေကို ဖြက်ခြောက်လက်မခန့် ခွာပစ်လိုက်တာ ဖြစ်ပါတယ်။ သုံးနှစ်ကြာ သင်းသတ်ထားမှ ကျွန်းပင်ဟာ အနှစ်တက်မာကျောလာပြီး အကောင်းစားတန်းဝင်သစ်ဖြစ်လာတယ်လို့ သိရပါတယ်။ ဒီအခါမှ ခုတ်လှဲရပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်းသစ်ပျိုးပင်တွေ ပျိုးထောင်တာ၊ စိုက်ပျိုးတာ၊ အုပ်မိုးကာဆိုင်းတာ စတာတွေ ရှေးကာလများမှာ ထုတ်ယူနိုင်မယ့် ကျွန်းသစ်တွေကို စာရင်းပြုစုပျိုးထောင်စောင့်ရှောက်ကြရတယ်လို့လည်း သိရပါတယ်။ ရသမျှ ခုတ်လှဲပစ်နေရင်တော့ အဖိုးတန်သစ်တွေ ကုန်ဆုံးသွားမှာ ဖြစ်ပါတယ်။

ရှေးဘိုးဘွားများ၏ တန်ဖိုးရှိအမွေ

သစ်ပင်တွေဟာ လူသားတွေအတွက် ပြောမကုန်နိုင်လောက်အောင် အကျိုးပြုနေတဲ့ သဘာဝမိတ်ဆွေကောင်းတွေဖြစ်ကြပါတယ်။ သူတို့က လူသားတွေကို အကျိုးပြုနေသလို လူသားတွေကလည်း စည်းကမ်းရှိရှိ အသုံးပြုကြဖို့၊ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုပါတယ်။ ကျွန်းပင်ဆိုရင် ခုတ်လှဲအသုံးပြုနိုင်ဖို့ စောင့်ရတဲ့ကာလက နှစ်ပေါင်း ၂၀ (သင်းသတ်ချိန်ပါထည့်ပေါင်းရင် ၂၃ နှစ်) ဖြစ်ပါတယ်။ သရက်ပင်လို အပင်မျိုးတောင် အနည်းဆုံး သုံးနှစ်စောင့်ရပါတယ်။ သစ်ပင်များစိုက်ပျိုးတာဟာ ရေရှည်လုပ်ရတဲ့ အလုပ်ဖြစ်သလို နှစ်ကာလများစွာလည်း လူသားတွေနဲ့ သဘာဝပတ်ဝန်းကျင်ကြီးကို အကျိုး ပြုနိုင်တာဖြစ်ပါတယ်။ အခုရေတွင်းတူး အခုသောက်လို့ရတဲ့ တစ်နပ်စားအလုပ်မျိုးသဘောထားလို့ မဖြစ်ပါဘူး။ အခုလူသားတွေကို အကျိုးပြုနေတဲ့ သစ်ပင်သစ်တောတွေဟာ ရှေးလူကြီးတွေ စိုက်ပျိုးခဲ့ကြ၊ စောင့်ရှောက်ခဲ့ကြလို့၊ အမြော်အမြင်ကြီးခဲ့ကြလို့ ဖြစ်ပါတယ်။ ရှေးလူကြီးတွေရဲ့ ကျေးဇူးဖြစ်ပါတယ်။ အခုခေတ် ကျွန်တော်တို့တစ်တွေကလည်း အလားတူဆောင်ရွက်နိုင်ကြဖို့ လိုပါတယ်။ ကျွန်တော်တို့အပေါ် ကျရောက်လာတဲ့ တာဝန်လည်း ဖြစ်ပါတယ်။ အခုတွေ့နေရတဲ့အတိုင်း တစ်တောလုံးပြောင်၊ တစ်တောလုံးပြုန်းနေတာကို တွေ့ရတာ အတော်ဝမ်းနည်းဖွယ်ဖြစ်ပါတယ်။ တောတောင်ရေမြေ၊ သစ်ပင်သစ်တောတွေဟာ အကျည်းတန်စွာ ပျက်စီးဆုံးရှုံးနေပြီ ဖြစ်ပါတယ်။ ဒါနဲ့ အကျိုးဆက်ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ကြီး ထိခိုက်ပျက်စီးလာမှုအပါအဝင် လူသားတွေနဲ့ ဇီဝဝန်းကျင်တွေအတွက် အနုတ်လက္ခဏာများစွာ ဖြစ်လာနေတာ တွေ့နိုင်ပါတယ်။ သို့သော် ကျွန်တော်တို့တစ်တွေ အပြစ်တွေ ပြောနေလို့တော့ ပြန်မကောင်းလာနိုင်ပါဘူး။ လုပ်သင့်တာကို လုပ်ကြဖို့ ဖြစ်ပါတယ်။ သစ်ပင်တစ်ပင်စိုက်ဖို့ အကောင်းဆုံးအချိန်ဟာ လွန်ခဲ့တဲ့နှစ်ကာလ ၂၀ ကဖြစ်ပါတယ်။ ဒုတိယအကောင်းဆုံးအချိန်ကတော့ အခုအချိန်ပဲ ဖြစ်ပါတယ်။ သစ်ပင်တွေကို ချစ်ခင်စိတ်တွေ မွေးမြူကြရပါမယ်၊ ကျန်နေသေးတဲ့ သစ်ပင်တွေကို စည်းကမ်းတကျ စောင့်ရှောက်ကြရပါမယ်၊ သစ်ပင်ပျိုးပင်လေးတွေကို စနစ်တကျစိုက်ပျိုးကြရပါမယ်၊ သစ်ပင်တွေ ရှင်သန်အောင်၊ ကြီးထွားအောင်၊ အသုံးဝင်တဲ့ ကာလအထိရောက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရပါမယ်၊ အသုံးပြုပြီးသစ်ပင်တွေ အစားထိုးအသုံးပြုနိုင်မယ့် အစီအစဉ်စတာတွေကိုလည်း ဆောင်ရွက်ကြရပါမယ်။

သစ်ပင်များ၏ အကျိုးပြုပုံများ

အခုတွေ့ကြုံနေရတဲ့ အပူလွန်ကဲတာ၊ ရေကြီးရေလျှံတာ အပါအဝင် သဘာဝဘေးအန္တရာယ်တွေဟာ သဘာဝပတ်ဝန်းကျင်ကြီး ပျက်စီးလာရလို့ဖြစ်တယ်ဆိုတာ လက်ခံကြရပါမယ်။ အပူဟော့၊ ရေဟော့၊ လေဟော့လို့ ဆိုတာနဲ့ မြန်မာနိုင်ငံ ပြေးမလွတ်သလောက်ဖြစ်နေပါပြီ။ ပျက်စီးဆုံးရှုံးမှုတွေနဲ့အတူ ပြည်သူတွေ ဒုက္ခအပေါင်းနဲ့ ရင်ဆိုင်ကြရပါတယ်။ ကမ္ဘာကြီးပူနွေးစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို သစ်ပင်တွေက ရှင်းလင်းပေးကြပါတယ်။ သစ်ပင်တစ်ပင်ဟာ နှစ်စဉ် လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၄၈ ပေါင်ကို စုပ်ယူပေးနိုင်ပြီး နှစ် ၄၀ ရှိ သစ်ပင်တစ်ပင်ဟာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တစ်တန်ကို နှစ်စဉ်စုပ်ယူပေးနိုင်ပါတယ်။လူသားတွေဟာ လေထုရဲ့အပူချိန်ကို ခံနိုင်စေပါတယ်။ လူတစ်သန်းခန့် (သို့မဟုတ်) ထိုထက်ပိုသော လူဦးရေရှိတဲ့ မြို့ကြီးတစ်မြို့ရဲ့ ပျမ်းမျှလေထုအပူချိန်ဟာ ပတ်ဝန်းကျင်ဒေသတွေထက် နှစ်စဉ် 1.8 - 5.4 degree F (1-3 degree C) နှစ်စဉ် မြင့်မားနေတတ်ပါတယ်။ သစ်ပင်တွေစိုက်ထားတာကြောင့် "heat island effect" ခေါ် မြို့ကြီးတွေရဲ့ အပူလွန်ကဲနေမှုကို လျော့ကျစေပါတယ်။ အိမ်တွေအနီးမှာ သစ်ပင်တွေရှိရင် နွေရာသီမှာ လေအေးပေးစက်၊ ပန်ကာ စတာတွေ သုံးရတဲ့ စရိတ်ရဲ့၁၂ ရာခိုင်နှုန်းလောက် လျော့ကျစေပါတယ်။ သစ်ပင်သစ်တောလေးတွေထဲမှာ လမ်းလျှောက်ရတာကလည်း စိတ်စွမ်းအင်တွေ တိုးတက်စေပါတယ်။ လေ့လာမှုတွေအရ ကန်တော်ကြီးလို သစ်ပင်တွေအုပ်ဆိုင်းနေတဲ့ နေရာမျိုးတွေမှာ ပုံမှန်လေ့ကျင့်ခန်းအနေနဲ့ လမ်းလျှောက်ပါများရင် cognitive function ခေါ် မှတ်ဉာဏ်တွေတိုးတက်လာတာ တွေ့ရပါတယ်။ သစ်ပင်တွေကို စုပေါင်းစိုက်ပျိုးကြတဲ့အခါ လူမျိုး ဘာသာ မည်မျှပင်ခြားနားပါစေ အချင်းချင်း ချစ်ခင်မှုတွေ ရရှိစေတဲ့၊ အချင်းချင်း စုပေါင်းဆောင်ရွက်လိုစိတ်တွေ ဖြစ်စေတဲ့ အကျိုးတို့ ရရှိစေနိုင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာတွေသာမက စိတ်ပိုင်း ဆိုင်ရာတွေအတွက်ပါ ကောင်းကျိုးပြုနိုင်တာဖြစ်ပါတယ်။

သစ်ပင်တွေကင်းမဲ့လာလေ ခြောက်သွေ့တဲ့ ပတ်ဝန်းကျင်ဖြစ်လာသလို လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာတွေလည်း စိုပြည်မှုကင်းမဲ့လာတဲ့သဘောကို တွေ့ရတယ်။ သစ်ပင်တွေရှိတဲ့ ဆေးရုံတွေရှိ လူနာတွေဟာ ဆေးရုံတက်နေချိန် တိုတောင်းခြင်း၊ ကျန်းမာလာခြင်းတွေ တွေ့ရပါတယ်။ သစ်ပင်တွေဟာ ဆူညံသံတွေကို စုပ်ယူတားဆီးနိုင်တာကြောင့် noise pollution ဆူညံသံညစ်ညမ်းမှုမှ ကာကွယ်ပေးပါတယ်။

“မြတ်စွာဘုရားရှင်က နေ့နေ့ညည ကုသိုလ်ရနေတဲ့ ကုသိုလ် ခြောက်မျိုး - ဥယျာဉ်၊ သစ်ပင်၊ ရေချမ်းစင်၊ တံတား၊ ရေကန်၊ ကျောင်း ဆောက်လုပ်လှူဒါန်းခြင်းတွေဖြစ်တယ်” ဟုလည်း ဆိုထားတော်မူပါတယ်။ ရှေးမြန်မာတွေက “လူရယ်လို့ဖြစ်လာရင် သစ်ပင် သုံးပင်စိုက်ရမယ်။ တစ်ပင်က အတိတ်ကဆွေမျိုးတွေအတွက်၊ တစ်ပင်က အခုဘဝအတွက်၊ နောက်တစ်ပင်က နောက်မျိုးဆက်တွေအတွက်” ဟု ဆိုကြပါတယ်။ သစ်ပင်တွေကို ချစ်မြတ်နိုးတတ်အောင်လည်း သင်ကြားပေးလေ့ရှိပါတယ်။ ဂျပန်ပြည်မှာ အငြိမ်းစားတွေကို ဥယျာဉ်စိုက်ပျိုးနည်းသင်တန်းတွေပေးပြီး ဥယျာဉ်စိုက်ပျိုးစေတာဟာ ပင်စင်စားတို့ ပိုမိုကျန်းမာ အသက်ရှည်လာတာကို တွေ့ရပါတယ်။

နောက်ဆက်တွဲထိန်းသိမ်းရန်တာဝန်

ကျွန်တော်တို့နိုင်ငံမှာ သစ်ပင်တွေဆုံးရှုံးကုန်ရတာဟာ အတော်စိတ်မချမ်းသာစရာ ဖြစ်ပါတယ်။ ဝမ်းနည်းနေရုံနဲ့ သစ်ပင်တွေ ပြန်ရှင်လာမှာမဟုတ်ပါဘူး။ လက်တွေ့လုပ်ကြဖို့ လိုပါတယ်။ ရှိပြီးသားသစ်ပင်တွေကို ရှင်သန်အောင် ထိန်းသိမ်းရပါမယ်။ သစ်ပင်တွေကိုလည်း စိုက်ပျိုးကြ၊ ရှင်သန်အောင် ထိန်းသိမ်းကြရပါမယ်။ အထူးသဖြင့် မျိုးဆက်သစ်လေးတွေ သစ်ပင်တွေကို ချစ်တတ်၊ ပြုစုစိုက်ပျိုးတတ်အောင် လေ့ကျင့်သင်ကြားပေးရပါမယ်။ မြို့ကြီးတွေကို ချဲ့ထွင်ရာမှာ သစ်ပင်တွေ စိုက်ပျိုးပေးတာ၊ green space ခေါ် ကြားကွက်လပ်တွေထားပေးတာတွေ လုပ်ပေးသင့်ပါတယ်။ သစ်ပင်တွေဟာ လူသားတွေနဲ့ ဇီဝမျိုးတွေအားလုံးကို ကျန်းမာသက်ရှည်စေတာကြောင့် ခင်မင်ဖွယ်မိတ်ဆွေတွေ ဖြစ်ကြပါတယ်။ မိုးရာသီရောက်လာရင် သစ်ပင်စိုက်ပျိုးပွဲတွေကို ကျင်းပလေ့ရှိကြပါတယ်။ ဆိုင်းသံ ဗုံသံတွေနဲ့ ပျော်ပျော်ပါးပါးစိုက်ကြ၊ ဓာတ်ပုံတွေ ရိုက်ကြ၊ သတင်းထဲထည့်ကြ ပြီးရင် သစ်ပင်ကလေးတွေ ခမျာ မျက်နှာငယ်ငယ်နဲ့ ကျန်ရစ်ခဲ့ရလေ့ရှိပါတယ်။ ထိန်းသိမ်းမယ့်သူမရှိ၊ ရေလောင်းပေါင်းသင်မယ့်သူ မရှိဘဲ သစ်ပင်ကလေးတွေများစွာ ဆုံးရှုံးခဲ့ရတာကို တွေ့ခဲ့ရဖူးပါတယ်။ သစ်ပင်တွေကို ချစ်ကြ၊ ရှင်သန်အောင် စိုက်ပျိုးကြ၊ ထိန်းသိမ်းကြဖို့၊ အားစိုက်ကြဖို့ လိုပါတယ်။

၅-၅-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ နေပြည်တော်စိမ်းလန်းစိုပြည်ရေး သစ်ပင် စိုက်/ထိန်း ကော်မတီများ ရွေးချယ်ဖွဲ့စည်းပြီး လက်တွေ့အကောင်အထည်ဖော်မယ့်အကြောင်း ဖတ်ရပါတယ်။ သစ်ပင်ပျိုးပင်ပေါင်း လေးသိန်းကျော်စိုက်ပျိုးဖို့ လျာထားပြီး အလှူငွေကျပ် ၆၃ သိန်း မတည်လှူဒါန်းခြင်း၊ ဆပ်ကော်မတီရှစ်ဖွဲ့မှာ စည်းရုံးလှုံ့ဆော်ရေး၊ စိုက်ပျိုးရေး၊ ဘဏ္ဍာငွေရှာဖွေစုဆောင်းရေး၊ ထောက်ပံ့ရေး၊ မြေပြင်စစ်ဆေးရေး၊ ပြည်သူပါဝင်သောလုပ်ငန်းစဉ်၊ မြေနေရာရွေးချယ်အတည်ပြုရေး၊ စိုက်ပျိုးပြီးသစ်ပင်တွေ ထိန်းသိမ်းရေးလုပ်ငန်းနဲ့ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီများ ပါဝင်ကြောင်း သိရပါတယ်။ အခုလို စနစ်တကျစိုက်ပျိုးမယ်၊ စောင့်ရှောက်ကြမယ်ဆိုရင် နောင်မျိုးဆက်လေးတွေခေတ်မှာ တစ်နိုင်ငံလုံး စိမ်းလန်းစိုပြည်လာမယ်လို့ ထင်ပါတယ်။ မျိုးဆက်လေးများကို ကျွန်တော်တို့တစ်တွေ ပေးနိုင်ခဲ့မယ့် ကောင်းတဲ့အမွေ ဖြစ်ပါလိမ့်မယ်။ သစ်ပင်ကလေးတွေ ရှင်သန်ဝေဆာနေအောင် တစ်နိုင်ငံလုံး သစ်ပင်ရှင်သန်ရေး ဆောင်ရွက်ကြသင့်ကြောင်းပါခင်ဗျား။ ။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နမ့်ခမ်းနှင့် မူဆယ်မြို့နယ်ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်လူဝင်မှုစစ်ဆေးရေးဂိတ်များအား စစ်ဆေး

နေပြည်တော် မေ ၂၀

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မေ ၁၈ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့သို့ ရောက်ရှိပြီး နမ့်ခမ်းမြို့နယ် နောင်တိန်းကျေးရွာရှိ နောင်တိန်း လူဝင်မှုကြီးကြပ်ရေး ကင်းစခန်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နောင်တိန်းကျေးရွာအနီး မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ်အခြေအနေ၊ ရွှေလီမြစ်အား ကူးတို့ယာဉ်များဖြင့် နှစ်နိုင်ငံပြည်သူများ ဖြတ်သန်းသွားလာမှု၊ ဒေသခံပြည်သူများ အဆင်ပြေစွာကူးသန်းသွားလာနိုင်ရေးအတွက် ဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နောင်တိန်းကင်းစခန်းသည် မိမိနယ်မြေအတွင်းတွင် ရှိနေသည့်အတွက် ဝင်၊ ထွက်မှုများ စနစ်တကျဖြစ်စေရေး ဂရုပြုဆောင်ရွက်ရန်၊ ရွှေလီမြစ်အတွင်း သဲထုတ်လုပ်မှုများအား မြစ်ကြောင်းပြောင်းလဲမှုနှင့် နယ်နိမိတ်သတ်မှတ်မှု မထိခိုက်စေရေးအတွက် တာဝန်ရှိသူများက အမြဲမပြတ် လေ့လာစောင့်ကြပ်ကြည့်ရှုကြရန်၊ တရားမဝင် ဝင်၊ ထွက်မှုများမရှိစေရေးအတွက် ဒေသခံပြည်သူများအား အသိပညာပေးခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်ကြရန်မှာကြားပြီး နောင်တိန်းကင်းစခန်းအနီးရှိ မန်ဟောင်းကင်းစခန်း၏ လူဝင်၊ လူထွက်သွားလာမှု အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ နမ့်ခမ်းမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးခန်းနှင့် ကိုယ်ရေးမှတ်တမ်းများ ထိန်းသိမ်းထားရှိသည့် မှတ်တမ်းခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား မီးဘေးအန္တရာယ်နှင့် လုံခြုံမှုရှိစေရေးအတွက် သတိပြုဆောင်ရွက်ကြရေး၊ စက္ကူ၊ စာရွက်စာတမ်း ဖိုင်စနစ်မှ Digital စနစ်ဖြင့် e-ID စနစ် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် ကြိုတင်မျှော်တွေး ဆောင်ရွက်ကြရေး၊ နယ်စပ်မြို့နယ်ရုံးဖြစ်သည်နှင့်အညီ ဒေသခံတိုင်းရင်းသားများအပြင် လူမျိုးပေါင်းစုံနှင့် ဆက်စပ်ဆောင်ရွက်ရသဖြင့် ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မူဆယ်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်တင်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များ ဝင်၊ ထွက်သွားလာသည့် မန်ဝိန်း စစ်ဆေးရေးစခန်းသို့ ရောက်ရှိပြီး ဌာနအလိုက် တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မူဆယ်မြို့ နန်းတော်ဂိတ်၌ ဝန်ထမ်းများက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆင်ဖြူဂိတ်၌ လူနှင့် ယာဉ်ငယ်များ ဝင်၊ ထွက်သွားလာမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံပြည်သူများ ဝင်၊ ထွက်သွားလာမှု အဆင်ပြေစေရေးအတွက် ဌာနဆိုင်ရာအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ တာဝန်ရှိသူအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ဟိုဆောင်ကင်းစခန်း အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) (၆)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) (၆)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၀

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) (၆)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ ညနေ ၅ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ Myanmar Sport Hotel ၌ ကျင်းပသည်။

အထောက်အကူပြုနိုင်မည်

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ယခုအခါ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမှတစ်ဆင့် မဟာဗျူဟာမြောက် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ကို မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းကဲ့သို့သော အသင်းများက ကူညီဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က (၆)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား ကျင်းပရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်များက မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)သို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ အသင်း(ဗဟို) နာယက ဦးတင်ဦးက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) အတွင်းရေးမှူး ဦးစိုးမြင့်ထွန်းက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း မန္တလေး၊ လားရှိုး-မူဆယ်၊ မော်လမြိုင်၊ တောင်ကြီးအသင်းခွဲများမှ တာဝန်ရှိသူများက အသင်း၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အသင်းငွေစာရင်းရှင်းတမ်းအား တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်အေးသူက ရှင်းလင်းတင်ပြပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဗဟို ဒုတိယဥက္ကဋ္ဌ ဦးမျိုးအောင်က ရှေ့လုပ်ငန်းစဉ်များအား ချမှတ်ကြေညာ၍ ဗဟိုဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့်အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) နာယကများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အပြန်အလှန်ကူညီ

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)သည် အသင်းစတင်ဖွဲ့စည်းပြီးသည်မှစ၍ လူမှုရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အစဉ်တစိုက် ဆောင်ရွက်ခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင်လည်း ကူညီပံ့ပိုးမှုများ ဆောင်ရွက်ခဲ့သည့်အပြင် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကိုလည်း အပြန်အလှန်ကူညီပေးလျက်ရှိသည်။ **သတင်းစဉ်**

၂၀၁၉ ခုနှစ် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းပြီးမြောက်ခြင်း ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် မေ ၂၀

၂၀၁၉ ခုနှစ် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ပြီးမြောက်ခြင်း ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြင်းခြံဒီဂရီကောလိပ် ဘက်စုံခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြင်းခြံမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ပန်းများဝေစီပွင့်ဖူးသည်" သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က အမှာစကား ပြောကြားသည်။

ယင်းနောက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ မြင်းခြံမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးက ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် စာတတ်မြောက်ရေးလုပ်ငန်းလှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုအား ပြသသည်။

ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက မန္တလေးတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ပေးခဲ့သော တိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြင်းခြံဒီဂရီကောလိပ်၊ အစိုးရနည်းပညာကောလိပ်(မြင်းခြံ) နှင့် မြင်းခြံခရိုင် ပညာရေးမှူးရုံးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက မြင်းခြံခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် စေတနာဖြင့် လုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် မြင်းခြံဒီဂရီကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်(မြင်းခြံ) တို့မှ စေတနာလုပ်အားပေး နည်းပြကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ မြင်းခြံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် သင်ယူပြီးမြောက်ခဲ့ကြသည့် လေးမြို့နယ်မှ စာသင်သားများအား သင်ယူပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် တက်ရောက်သင်ကြားခဲ့သည့် စာသင်သားများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင် ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် စေတနာလုပ်အားပေး နည်းပြအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သူများကိုယ်စား နည်းပြကျောင်းသားကျောင်းသူများက စာတတ်မြောက်ရေး လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြင်းခြံဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာမောင်မောင်က အခမ်းအနားတွင် ဂုဏ်ပြုဖျော်ဖြေသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။

အလားတူ ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်တို့တွင်လည်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ပြီးမြောက်ခြင်း ဂုဏ်ပြုပွဲ အခမ်းအနားများကို ကျင်းပခဲ့ကြသည်။

အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်တို့တွင် ရက်ပေါင်း ၄၀ ကြာ ကျင်းပဆောင်ရွက်ခဲ့ရာ စေတနာရှင် လုပ်အားပေး နည်းပြကျောင်းသား ကျောင်းသူ ၁၅၀၀ က စာသင်သား ၇၄၉၈ ဦးအား အခြေခံမြန်မာစာ အရေး၊ အဖတ်နှင့် သင်္ချာအတွက်များ သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၉ / ၂၀၁၉

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်)

"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်း တိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

စဉ်	သတင်းလက်ခံရရှိမှု	ဖော်ထုတ်ဖမ်းဆီးအရေးယူမှု
၁	စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်းကျေးရွာနေ မခင်မာချို(ခ)သြဇာသီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၃-၅-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကြက်တကောင်းကျေးရွာနေ ခင်မာချို(ခ)သြဇာသီး(၃၅)နှစ်၊ (ဘ)ဦးမြစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ WY/MY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၂၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၂	တနင်္သာရီတိုင်းဒေသကြီး၊ ကရသူရီမြို့၊ ဟန်ကပြုကျေးရွာနေ ထွန်းဝေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၆-၅-၂၀၁၉ ရက်နေ့တွင် ကရသူရီမြို့၊ ဟန်ကပြုကျေးရွာနေ ထွန်းဝေ(၄၄)နှစ်၊ (ဘ) ဦးစန်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကရသူရီ) မယ(ပ)၅/၂၀၁၉၊ မူး။ စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၃	တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ စစ်ဘုကျေးရွာနေ ကိုအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၆-၅-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ စစ်ဘုကျေးရွာနေ ကိုအေး(၂၄)နှစ်၊(ဘ) ဦးအေးငြိမ်း၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်)မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။
၄	မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ သံကလောင် ကျေးရွာနေ သောင်းကြည်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၂-၅-၂၀၁၉ ရက်နေ့တွင် ကျိုက်မရောမြို့နယ်၊ သံကလောင်ကျေးရွာနေ သောင်းကြည်(၄၉)နှစ်၊ (ဘ)ဦးတွတ်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့် သားဖြစ်သူ မွန်စိုး(၂၈)နှစ်၊ တရနာကျေးရွာနေ စိုးထက်(၂၀)နှစ်၊ (ဘ) ဦးထွန်းလှတို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျိုက်မရော)မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၅	ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ မာလာရုံလမ်းနေ အောင်မျိုး(ခ) တောပုန်းကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၃-၅-၂၀၁၉ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်းနေ အောင်မျိုး(ခ)တောပုန်းကြီး(၄၂)နှစ်၊ (ဘ) ဦးတင်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်း ပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်) မယ(ပ)၁၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။
၆	ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ ဝမ်လုံကျေးရွာနေ နန်းခမ်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။	၁၃-၅-၂၀၁၉ ရက်နေ့တွင် သီပေါမြို့နယ်၊ ဝမ်လုံကျေးရွာနေ နန်းခမ်းအောင်(၂၃) နှစ်၊ (ဘ)ဦးစိုင်းဆု၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သီပေါ)မယ(ပ)၂၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၈-၅-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၂၇)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၂၄)ဦး၊ မ(၁၆၂)ဦး၊ ပေါင်း(၉၈၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၁၃၄.၁၅)ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၃၈၄၆၀)ပြား၊ ဆေးခြောက်(၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဂေါ်ဆက်ယန်ကျေးရွာအနီး ဝိုင်းမော်-ကန်ပိုက်တီးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနိုင်းမြို့ မုန်ဒိန်ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၇၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ နမ့်လန်ကျေးရွာအဝင် လမ်းပေါ်၌သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၃၁၀)ပြား၊ ဘိန်း(၂၅၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ နမ့်လန်ကျေးရွာအနီး မိုးညှင်း-ဝေ့ခါသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၇၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ရှရော်ခကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၂၀)ပြား၊ ဘိန်းဆီခဲ (၁၃၀၀)ဂရမ်၊ ဗန်းမော်မြို့၊ အရှေ့သာစည်ရပ်ကွက်၊ ဂေါက်ကွင်းလမ်းသွယ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ အောင်သပြေကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၂)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သံလွင်တံတားစစ်ဆေးရေးဂိတ်၌ သတင်းအရ Hyundai ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ Sodium Cyanide (၄၉၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ သင်္ကန်းညီနောင်မြို့နယ်၊သင်္ကန်းညီနောင်ကျေးရွာအနီး အေးသုခ- ပွင့်လင်းအေးမြိုင် ကျေးရွာသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၉၆၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊ နတ်မော့်ရွာသစ်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာရွက်(၂၅၀၀)ဂရမ်၊ ရေးမြို့နယ်၊ စုံနံ့သာကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၀)ပြား၊ ICE(၁)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ လက်သာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၈)ပြား၊ ကပ္ပကောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၆၀၅၀)ပြား၊ ဘူးသီးတောင်မြို့နယ်၊ နန်းရာကုန်းကျေးရွာအနီး ပန်ဇင်းတံတားအောက်ဘက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်တွေမြို့၊ အုန်းတပင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅)ပြား၊ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၌ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၃၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကုလားပိုက်ဆိပ်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အရှေ့ပိုင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၂)ပြား၊ တောင်ကုတ်မြို့နယ်၊ ကိုင်းရှည်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၄၅)ပြား၊ ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ရေယားကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၃၀၀၀)ဂရမ်၊ ဖယ်ခုံမြို့နယ်၊ ဘန့်ခူးကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀၀)ပြား၊ လွိုင်လင်မြို့၊ ပြည်ထောင်စုလမ်းမကြီးပေါ်၌ သတင်းအရ Succeed ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွန်ဟိန်းမြို့နယ်၊ နမ့်ခမ်းကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀)ပြား၊ ဘိန်း(၆.၃)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ သိန်းဖျံကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ ဘိန်း(၃၇၃၂) ဂရမ်၊ သိန္နီမြို့နယ်၊ပိန်းဟုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၇၅)ပြား၊ ဘိန်းဖြူ(၁၄၉) ဂရမ်၊ တန့်ယန်းမြို့၊ တန့်ယန်း- လားရှိုးသွားကားလမ်းမပေါ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၀)ပြား၊ ဘိန်း(၁၀၀၀)ဂရမ်၊ မူဆယ်မြို့နယ်၊ ခိုလုံကျေးရွာအဝင် ကွတ်ခိုင်-ကောင်းခါးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မူဆယ်(၁၀၅)မိုင်၊ ကုန်သွယ်ရေးဇုန် ရှောင်ကွင်းလမ်းပေါ်၌ သတင်းအရ Dong Feng (၂၂)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်မှ Acetone (၃၄၀၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ နမ့်ခမ်းမြို့အဝင်နမ့်ခမ်း- မူဆယ်သွား ကားလမ်းမပေါ်၌ သတင်းအရ Canter (၆)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ Acetic Acid(solid)(၂၇၅၀၀၀၀)ဂရမ်၊ Acetic Acid(liquid)(၉၆၀)လီတာ၊ Safrole(၁၄၄၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ လားရှိုးမှမန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀၀)ပြား၊ သီပေါမြို့နယ်၊ ရေပူကြံခင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၆၁၀)ပြား၊ ဘိန်းဖြူ(၁၁.၉၆)ဂရမ်၊ ပန်ဆောက်ကျေးရွာအနီး သီပေါ- လားရှိုးသွားကားလမ်း မိုင်တိုင်(၁၃၇/၄)နှင့်(၁၃၇/၅) အကြား၌ ယာဉ်မောင်းမရှိဘဲ ရပ်တန့်ထားသည့် (၁၈)ဘီးတွဲယာဉ် နောက်တွဲပေါ်မှ စပါးခွံအိတ်များဖြင့် ဖုံးအုပ်ထားသည့် သံပီပါများအတွင်းမှ ပိုင်ရှင်မဲ့ Ethyl Ether(၁၀၂၀၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ ကျိုင်းတုံမြို့နယ်၊ နောင်ခွန်းကျေးရွာပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Pajero ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ Ketamine(၈၇၃၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တာချီလိတ်မြို့နယ်၊ ဝမ်မိုင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးနှင့် ဆန်ဆိုင်း(ခ)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ မိုင်းဆတ်မြို့နယ်၊ ကျောက်တုံး (အာခါ)ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြားအကြေမှုန့်(၅၀၀)ဂရမ်၊ ဘိန်းဖြူ(၃.၅)ဂရမ်၊ တာချီလိတ်မြို့နယ်၊ ဝေ့လေလန်ကျေးရွာအနီး မယ်ဆိုင်ချောင်းဘေး၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ Ketamine (၆၀၀၀၀)ဂရမ်၊ ဟွေ့ရဲကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၃၁)ပြား၊ ဘိန်း(၁၀၀)ဂရမ်၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ Ketamine(၈၃၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မယ်ခေါင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၄၄၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ထီးချိုင့်- ကျောင်းကုန်းသွားကားလမ်း မိုင်တိုင်(၂၈/၄)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ် ဖော်ထုတ်ချက်အရ ဈေးကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းမြို့သစ်ရပ်ကွက်၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၅)ပြား၊ ကျွန်းစုမြို့နယ်၊ ဂျုံးဂျုံးကျကျေးရွာ၌ တရားခံအမျိုးသား (၃)ဦး ထံမှ ဘိန်းစာမှုန့် (၅၆၀)ဂရမ်၊ တနင်္သာရီမြို့နယ်၊ ဘန်းပြည့်အရှေ့ကျေးရွာကူးတို့ဆိပ်၌ သာရဘွင်မှ ကျောက်လုံးကြီးသို့သွားမည့် ခရီးသည်တင်စက်လှေပေါ်မှ ခရီးသည်တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၄၂၀)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ အမှတ်(၉)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ သာယာအေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၂)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ (အနောက်)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၄၀)ပြား၊ ဘိန်းဖြူ (၀.၀၁)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းဆီခဲ(၁၉)ဂရမ်၊ Tramadol Capsule (၃၀)တောင့်၊ အောင်သာယာ ရပ်ကွက်၊ မန္တလေး- ပြင်ဦးလွင်သွားကားလမ်းမပေါ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အားရပ်တန့်စစ်ဆေးရာယာဉ်ပေါ်ပါ ခရီးသည်တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၇၀)ပြား၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ လားရှိုးမှရန်ကုန်သို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၀၀)ပြား၊ မူဆယ်မှရန်ကုန်သို့လာသည့် ခရီးသည်တင်ယာဉ်အားရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၀၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ပြင်ဦးလွင်မြို့အဝင် လားရှိုး- မန္တလေးသွားကားလမ်းမပေါ်၌ သတင်းအရ Dong Feng (၁၂)ဘီး ဆီဘောက်ဆာယာဉ်အားရပ်တန့်စစ်ဆေးရာ ယာဉ်၏ဆီသိုလှောင်ကန်အတွင်း အံ့ဝှက်ပြုလုပ်၍ သယ်ဆောင်လာသည့် ဆာလာအိတ်များအတွင်းမှ စိတ်ကြွဆေးပြား(၈၅၁၀၀၀၀)ပြား၊ ဘိန်းဖြူ(၄၄၀၀၀) ဂရမ်၊ တရားခံအမျိုးသား(၁)ဦး၊ မော်တော်ယာဉ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်ပင်လယ်ကျေးရွာအနီး မိုးမိတ်- တွင်းငယ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅၀)ပြား၊ ICE(၂၁)ဂရမ်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန(၂)လမ်းပေါ်၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၉)ပြား၊ ဆေးခြောက်(၈)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀၀၀)ပြား၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃) လမ်းမပေါ်၌ သတင်းအရ Fielder ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဆေးခြောက်(၉၀၀) ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ သုံးပင်ကွင်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၂)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား

စာမျက်နှာ ၉ သို့

ကမ္ဘာ့ပျားနေ့ အထိမ်းအမှတ် ပျားရည်နှင့် ပျားထွက်ကုန်ပစ္စည်းများပြပွဲ ပထမအကြိမ်ကျင်းပ

ရန်ကုန် မေ ၂၀

ပထမအကြိမ် ကမ္ဘာ့ပျားနေ့ အထိမ်းအမှတ် ပျားရည်နှင့်ပျားထွက်ကုန်ပစ္စည်းများ ပြပွဲအခမ်းအနားကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံပျားလုပ်ငန်းအဖွဲ့ချုပ်၌ မေ ၁၉ နှင့် ၂၀ ရက်တို့တွင် ကျင်းပသည်။

အဆိုပါပြပွဲဖွင့်ပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဌာနပိုင်ပျားအုံ ၄၀၀ အုံနှင့် ပုဂ္ဂလိကပျားမွေးတောင်သူ ခြောက်ဦး၊ ပျားအုံ ၁၃၁၅ အုံ မွေးမြူနေကြောင်း၊ တစ်နိုင်ငံလုံးတွင် ပျားမွေးမြူရေးလုပ်ငန်းရှင် ၉၅၀၊ လုပ်သား ၂၀၀၀ ခန့်မှ ပျားအုံ ၁၈၅၀၀၀ အုံမွေးမြူလျက်ရှိရာ နှစ်စဉ်ပျားရည် ၆၅၀၀ မက်ထရစ်တန် ထုတ်လုပ်ကာ နိုင်ငံခြားသို့ တစ်နှစ်လျှင် ပျမ်းမျှပျားရည် ၂၅၀၀ တန်ကို တင်ပို့ရောင်းချနေပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်း ရရှိလျက်ရှိကြောင်း။

ပျားမွေးမြူရေး ကဏ္ဍဖွံ့ဖြိုးစေရန် ပျားစားကျက်များ တိုးချဲ့ရှာဖွေလျက် ပျားမွေးမြူရေး အတတ်ပညာ သင်တန်းများပေးခြင်းနှင့် ပျားဘုရင်မမျိုးကောင်းမျိုးသန့်များ ပြည်တွင်းတွင် မွေးမြူထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကပညာရှင်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာပျားမျိုးစိတ်များ၊ ဂေဟစနစ်ကို ကာကွယ်စောင့်ရှောက်ပြီး လူ့ပတ်ဝန်းကျင်အတွက်အရေးပါသည့် ပျားများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ပျားနေ့ ပျားရည်ပြိုင်ပွဲဆုရရှိကြသူများအား တိုင်းဒေသကြီးဝန်ကြီးနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ယခုပြပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်မှ ပျားရည်နှင့်ပျားထွက်ပစ္စည်းအရောင်းပြခန်း ၁၀ ခုကျော် ပြသရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံမှပျားရည်အဓိကတင်ပို့သည့် နိုင်ငံများမှာ ဂျပန်၊ ကနေဒါ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ပျားရည် တင်ပို့မှုမှာ ဂျပန်နိုင်ငံ၏ Import စာရင်း အနေဖြင့် အဆင့် ၅ တွင် ရှိနေကြောင်း သိရသည်။

"ကမ္ဘာ့ပျားနေ့ ကျင်းပရခြင်းက ကမ္ဘာမှာ ဂေဟစနစ်အတွက် အရေးကြီးတဲ့ ဝတ်မှုန်ကူးပေးတဲ့ ပျားအပါအဝင် အခြားအင်းဆက် သတ္တဝါတွေရဲ့အခန်းကဏ္ဍက အရေးကြီးပါတယ်။ ဒီပွဲက ပျားရည်ကို အဆင့်ဆင့်သန့်စင်ထုတ်ပြီး ပျားရည်ဓာတ်ခွဲခန်းမှာ စစ်ဆေးပြီးမှ နိုင်ငံတကာကို တင်ပို့ရောင်းချတဲ့ ကုမ္ပဏီတွေလည်းရှိတယ်ဆိုတာ ပြည်သူတွေ သိရှိစေဖို့ ရည်ရွယ်ချက်နဲ့ ပထမအကြိမ်အဖြစ် ကျင်းပရတာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးအောင်ခိုင်ထွေးက ပြောသည်။

ပျားထွက်ကုန်များမှာ Royal Jelly၊ ပျားဝတ်မှုန်၊ ပျားကော်၊ ပျားချေး၊ ပျားဖယောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဆပ်ပြာ၊ အချိုရည်၊ ဟင်းချက်အနှစ်များအပြင် ပျားရည်ကိုကျန်းမာရေးအရ သကြားအစားထိုးအဖြစ် အသုံးပြုလာကြပြီး တိုင်းရင်းဆေးများတွင်လည်း ဖော်စပ်အသုံးပြုကြကြောင်း၊ ပျားချေးမှာ ဆေးဖက်ဝင်ပြီး ပျားဖယောင်းသည် ရေနံမှထုတ်သည့်ဖယောင်းထက် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသဖြင့် အနောက်နိုင်ငံများတွင် အသုံးများကြောင်း သိရသည်။

သန့်စင်ဝင်း

စာမျက်နှာ ၈ မှ

(၂၇၄)ပြားအား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၌ တရားမဝင်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွ ဆေးပြား (၂၅)ပြားတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၂-၅-၂၀၁၉ရက်နေ့မှ ၁၈-၅-၂၀၁၉ ရက်နေ့ အထိ) အတွင်း မူးယစ်အမှုပေါင်း (၂၂၈)မှုတွင် တရားခံကျား(၂၆၅)ဦး၊ မ(၄၀)ဦး၊ ပေါင်း (၃၀၅)ဦးကို စိတ်ကြွ ဆေးပြား(၉၀၈၃၁၅၈)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၅၀၀)ဂရမ်၊ ဘိန်းဖြူ(၄၄၉၀၇.၅)ဂရမ်၊ ICE(၂၄) ဂရမ်၊ ဘိန်း (၈၂၄၅.၈)ဂရမ်၊ ဘိန်းဆီခဲ (၁၃၄၉)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၇၀)ဂရမ်၊ ဘိန်းစာမှုန့်(၅၆၀)ဂရမ်၊ ဘိန်းစာရွက်(၂၅၀၀.၃)ဂရမ်၊ ဆေးခြောက် (၃၉၈၀.၈၃) ဂရမ်၊ Tramadol Capsule(၃၀) တောင့်၊ Acetic Acid(solid)(၂၇၅၀၀၀၀)ဂရမ်၊ Acetic Acid(liquid)(၉၆၀) လီတာ၊ Safrole (၁၄၄၀)လီတာ၊ Sodium Cyanide (၄၉၀၀၀၀)ဂရမ်၊ Ketamine (၁၄၈၁၃၉)ဂရမ်၊ Acetone (၃၄၀၀)လီတာ၊ Ethyl Ether(၁၀၂၀၀) လီတာတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့် ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-

အော်တိုတယ်လီဖုန်းနံပါတ်	-	**၀၆၇-၃၉၀၂၀၀**
ဖက်စ်ဖုန်းနံပါတ်	-	**၀၆၇-၃၉၀၂၃၃**
အီးမေးလ်လိပ်စာ	-	**antinarcotics@presidentoffice.gov.mm**

ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

စစ်တွေ မေ ၂၀

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H. E. Ms. Andrea Faulkner နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီက စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးနှင့် ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ညနေ ၃ နာရီတွင် ဖွံ့ဖြိုးမြန်မာစွမ်းအား ဆောက်လုပ်ရေးနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုင်းဟန်မြင့် ဦးဆောင်သည့် မိတ်ဖက်ကုမ္ပဏီများမှ အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

သတင်းစဉ်

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ မောင်တောဒေသသို့ ရောက်ရှိ

မောင်တော မေ ၂၀

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Fillippo Grandi နှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက မြန်မာ့လေကြောင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြရာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊UNHCR မှ တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုကြသည်။

ဆက်လက်၍ မဟာမင်းကြီးနှင့် အဖွဲ့သည် ဘူးသီးတောင်မြို့မှတစ်ဆင့် မောင်တောမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(ယာပုံ)**

ထို့နောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Fillippo Grandi နှင့် အဖွဲ့သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံပြီး နိုင်ငံတော်အစိုးရနှင့် UNDP ၊ UNHCR တို့အကြား လက်မှတ်ရေးထိုးထားသည့် MoU အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် သက်တမ်းတိုးမြှင့်ရေး၊ ပြည်နယ်အစိုးရနှင့် UN အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးကျင်းပပြုလုပ်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ NVC ကတ်ကိုင်ဆောင်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍အပြန်အလှန်ဆွေးနွေးကြသည်။ ယခုခရီးစဉ်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Fillippo Grandi နှင့် အဖွဲ့၏ ရခိုင်ပြည်နယ်သို့ ဒုတိယအကြိမ် လာရောက်သည့် ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မန္တလေးမြို့တွင် Green Mandalay အဖွဲ့မှ အရိပ်ရအပင်များ အခမဲ့လိုက်လံစိုက်ပျိုးပေး

မန္တလေး မေ ၂၀

Green Mandalay အဖွဲ့မှ မိမိတို့ နေထိုင်ရာအိမ်နှင့်ရပ်ကွက်များတွင် အရိပ်ရအပင်များ စိုက်ပျိုးလိုက အခမဲ့လိုက်လံစိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့ရပ်ကွက်များတွင် အရိပ်ရအပင်များ ရှင်သန်များပြားလာခြင်းနှင့်အတူ စိမ်းလန်းစိုပြည်လာပြီး ပူပြင်းသည့်နွေရာသီဥတုဒဏ်ကို အကာအကွယ်ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း Green Mandalay အဖွဲ့တွင် ဦးဆောင်လှုပ်ရှားသူတစ်ဦးက ပြောသည်။

Green Mandalay အဖွဲ့အနေနှင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ စိုက်ပျိုးရမည့်နေရာများတွင် မြေပြင်ကွင်းဆင်းလေ့လာပြီး နောက်တစ်ပတ်စနေ၊ တနင်္ဂနွေနေ့တွင် မြေကျင်းတူးကာ **(ဝဲပုံ)** မြေဆွေးထည့်ရေလောင်းခြင်း ဆောင်ရွက်ပြီး နောက်တစ်ပတ်တွင် အပင်စိုက်ခြင်းပြုလုပ်ပေးသည်။ စိုက်ပျိုးပြီးချိန်တွင် အဖွဲ့ဝင်များက စိုက်ပျိုးထားသောနေရာများသို့ လှည့်လည်ကြည့်ရှုပြီး စိုက်ပျိုးထားသောအပင်များ ရှင်သန်မှုမရှိပါက ပြန်လည်စိုက်ပျိုးပေးကြောင်း သိရသည်။ စိုက်ပျိုးလို သူများအနေဖြင့် Green Mandalay အဖွဲ့ ဖုန်း - ၀၉- ၉၇၆၈၆၄၇၀၁၊ ၀၉- ၉၆၄၈၈၈၈၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး တမာပင်၊ကုက္ကိုပင်၊ မယ်ဆယ်ပင် အစ ရှိသည့် မိမိ နှစ်သက်ရာအရိပ်ရအပင်များကို လာရောက်စိုက်ပျိုးပေးမည် ဖြစ်သည်။ Green Mandalay အဖွဲ့မှ စိုက်ပျိုးပေးသော အပင်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

အေးမြ(မန္တလေး)

အပေးအယူ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ နေပြည်တော်တွင် လာရောက်ရိုက်ကူး

နေပြည်တော် မေ ၂၀

ကိုလင်းထွန်းစီစဉ်ပြီး Life + ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးသော "အပေးအယူ" ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို မေ ၂၀ ရက်မှ ၂၅ ရက်အထိ နေပြည်တော်တွင် လာရောက်ရိုက်ကူးလျက်ရှိသည်။

အဆိုပါ "အပေးအယူ" ဇာတ်ကားကို ဇာတ်လမ်း ဗျာန်သခင်၊ ဇာတ်ညွှန်း မောင်မြတ်ဆွေက ရေးသားထားပြီး သရုပ်ဆောင် အလင်းရောင်၊ ထွန်းကိုကို၊ နေထက်လင်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ အေးမြတ်သူ၊ ရွှေသမီး၊ ကလေးသရုပ်ဆောင် နန်းထိပ်ထားနှင့် သရုပ်ဆောင်ပေါင်းများစွာပါဝင်ထားကာ ဇာတ်ဝင်ခန်းများကို နေပြည်တော်လေဆိပ်၊ ဟိုတယ်ဇုန်နှင့် ဂျန်းရှင်းစင်တာတို့တွင် လာရောက်ရိုက်ကူးလျက်ရှိသည်။

နေပြည်တော်တွင် ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ လာရောက်ရိုက်ကူးခြင်းနှင့်ပတ်သက်၍ ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)က "နေပြည်တော် လာရိုက်တဲ့အခါ လွတ်လွတ်လပ်လပ် ရိုက်လို့ရတယ်။ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်ဘူး။ ရန်ကုန်မှာလည်း ရိုက်ကွင်းတွေက ထပ်နေပြီ။ နောက်ထပ်အားသာချက်က နေပြည်တော်မှာ အရင်က ဟိုတယ်ဈေးတွေကြီးတယ်လို့ထင်ပေမယ့် တကယ်တန်းလာကြည့်တော့ ဟိုတယ်စရိတ်က ပြင်ဦးလွင်နဲ့ အတူတူလောက်ပဲ သွားကျပါတယ်။ အဲဒါကြောင့် ပြင်ဦးလွင်မသွားတော့ဘဲ ဒီလိုနေရာမှာရိုက်တဲ့အတွက် သွားရေးလာရေးလည်း ပိုပြီးလွယ်ကူသွားပါတယ်။ ပြင်ဦးလွင်မှာကျတော့ အရင်လိုမဟုတ်တော့ဘဲ လူနေမှုထူထပ်လာပြီး ရိုက်ကွင်းနေရာ ရှားပါးလာပြီဖြစ်တဲ့အတွက် နေပြည်တော်က လူရှင်းတယ်။ အမှိုက်ရှင်းတယ်။ လမ်းတွေလှပတယ်။ ဒါကြောင့် နေပြည်တော်မှာ ရိုက်ဖြစ်တာပါ" ဟု ပြောကြားသည်။

ယနေ့တွင် ဇာတ်ဝင်ခန်းအချို့ကို နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် အဝင်လမ်းမကြီးပေါ်တွင် ရိုက်ကူးလျက်ရှိပြီး မေ ၂၁ ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ရိုက်ကူးမည်ဖြစ်ကာ မင်္ဂလာသီရိ ဟိုတယ်၊ ဂျန်းရှင်းစင်တာနှင့် နေပြည်တော် ဟိုတယ်ဇုန် လမ်းမကြီးများပေါ်တွင်လည်း ဇာတ်ဝင်ခန်းအချို့ကို ဆက်လက်ရိုက်ကူးသွားမည်ဖြစ်သည်။

"အပေးအယူ" ဇာတ်ကားနှင့်ပတ်သက်၍ ဒါရိုက်တာ စတီးလ်က "အပေးအယူ ရုပ်ရှင်ဇာတ်ကားဟာ ချစ်ခြင်းမေတ္တာတရားတစ်ခုအကြောင်း ဖြစ်ပါတယ်။ အချစ်က တစ်နယ်တစ်ကျေးမှာနေတယ်ဆိုပေမယ့် အချစ်ဆိုတဲ့အရာတစ်ခုပေါ်လာရင် ဘယ်မှာနေတယ်၊ ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်တယ်ဆိုတာ မရှိဘူး။ ယုံကြည်မှုတစ်ခုနဲ့ ချစ်တာမျိုးပါ။ အဲဒီယုံကြည်မှုကို အလွဲသုံးစားအလုပ်ခံရတဲ့အချိန်မှာ လူတစ်ယောက်ရဲ့ ဘဝကြီးတစ်ခုလုံး ပျက်စီးသွားနိုင်တယ်ဆိုတဲ့ပုံစံမျိုး မီးမောင်းထိုးချင်တာ ဖြစ်ပါတယ်။ အချစ်စစ်မဟုတ်ဘဲ အခွင့်အရေးကို တလွဲအသုံးချတာနဲ့ ကောင်မလေးတစ်ယောက်ရဲ့ ဘဝ ပျက်စီးသွားရတဲ့ပုံစံနဲ့ Crime Story ပုံစံဇာတ်ကားလေးဖြစ်ပါတယ်" ဟု ပြောသည်။

ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)

ရွှေသမီး

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် ရွှေသမီးမှာ နှင်းဆီဖြူဆိုသည့် ကောင်မလေးအနေဖြင့် ပါဝင်သရုပ်ဆောင်ထားပြီး ၎င်းက နေပြည်တော်တွင် ဇာတ်ဝင်ခန်းအချို့လာရောက်ရိုက်ကူးရသည်မှာ အေးအေးဆေးဆေးရှိပြီး ရန်ကုန်မှာကဲ့သို့ ကားကျပ်သည့်အတွက် အချိန်ပိုစောပြီး ထွက်ရခြင်းမျိုးမရှိတော့ အဆင်ပြေကြောင်း၊ နေပြည်တော်တွင် လူလည်းရှင်း၊ ကားရိုက်ရသည်မှာ လွတ်လွတ်လပ်လပ်ရှိကြောင်း၊ အဓိကအားဖြင့် သွားရေးလာရေးလွယ်ကူပြီး အခြားနယ်တွင် ထွက်ရိုက်ရသည်ထက် ကုန်ကျစရိတ်နည်းသည့်အတွက် အဆင်ပြေကြောင်း ပြောသည်။

ဇာတ်ဝင်ခန်းအချို့ကို ရန်ကုန်မြို့ရှိ ရုပ်ရှင်မြှင့်တင်ရေးစင်တာ စတူဒီယိုများတွင် တရားရုံး၊ ရဲစခန်း၊ အကျဉ်းစခန်း စသည့်ပုံစံများကို ဆက်တင်ပြုလုပ်ရိုက်ကူးခဲ့ပြီး ယခု နေပြည်တော်တွင် ဇာတ်ဝင်ခန်းအချို့ ဆက်လက်ရိုက်ကူးခြင်းဖြစ်သည်။

ဒါရိုက်တာ စတီးလ်အနေဖြင့် နေပြည်တော်တွင် ရုပ်ရှင်ဇာတ်ကားကြီးများ လာရောက်ရိုက်ကူးသည်မှာ ယခုအကြိမ်အပါအဝင် သုံးကြိမ်ရှိပြီဖြစ်ကာ ပထမဆုံး "နိုင်ငံကြီးသား" ဇာတ်ကား၊ ဒုတိယ "တိုင်စာ" ဇာတ်ကားနှင့် ယခုတတိယမြောက်တွင် "အပေးအယူ" ရုပ်ရှင်ဇာတ်ကားကို လာရောက်ရိုက်ကူးနေခြင်းဖြစ်သည်။ ဆက်လက်၍ ယခုရိုက်ကူးနေသော ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ကို ပြင်ဦးလွင်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

သတင်း - နေဝင်းထွန်း၊ ဝေသူနွယ်
ဓာတ်ပုံ - သီဟစည်သူ

ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေစဉ်။

ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများအားလုံး၏ အစုရှယ်ယာဈေးနှုန်းများ မြင့်တက်

ရန်ကုန် မေ ၂၀

ရန်ကုန်စတော့အိတ်ချိန်း၌ အရောင်းအဝယ်ပြုလုပ်လျက်ရှိသော စာရင်းဝင်ကုမ္ပဏီများအားလုံး၏ အစုရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ ယနေ့မွန်းလွဲ ၁ နာရီ ဈေးနှုန်းများအရ FMI ကုမ္ပဏီ အစုရှယ်ယာ တစ်စုလျှင် ကျပ် ၁၀၀၀၊ မြန်မာသီလဝါ (MTSH) ကျပ် ၅၀၊ မြန်မာနိုင်ငံသားများဘဏ် (MCB) ကျပ် ၁၀၀၊ ပထမပုဂ္ဂလိကဘဏ်(FPB) ကျပ် ၅၀၀၊ TMH ကုမ္ပဏီ ကျပ် ၅၀ အထိ အစုရှယ်ယာဈေးနှုန်းများ အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စာရင်းဝင်ကုမ္ပဏီများအားလုံး အစုရှယ်ယာဈေး မြင့်တက်ခဲ့ခြင်းသည် ရန်ကုန်စတော့အိတ်ချိန်းထူထောင်စဉ်မှစ၍ ဒုတိယအကြိမ်မြောက် ဈေးမြင့်တက်ခဲ့ခြင်းဖြစ်ပြီး မေ ၁၀ ရက်က ပထမအကြိမ်အဖြစ် စာရင်းဝင်ကုမ္ပဏီအားလုံး၏ အစုရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့ဖူးကြောင်း သိရသည်။

"ဒါကတော့ ကျွန်တော်တို့အတွက် ကောင်းတဲ့လက္ခဏာပါ။ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်ထားတဲ့ ကုမ္ပဏီငါးခုကို ပြည်သူလူထုအနေနဲ့ ပိုပြီးစိတ်ဝင်စားလာတယ်ဆိုတာ ပြတာပေါ့။ ဒါပေမယ့် ဈေးကွက်မှာ စတော့ဈေးကတော့ မတက်တဲ့နေ့ဆိုတာ မရှိပါဘူး။ တစ်ခါတလေ ကျတဲ့နေ့လည်းရှိတာပေါ့။ ဒါပေမယ့် ဒီလို ငါးခုစလုံး ဆုံပြီးတက်တယ်ဆိုတာ ဒီနေ့နဲ့ပါဆိုရင် နှစ်ရက်ပဲရှိဖူးသေးတယ်" ဟု ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင်အကြီးတန်း မန်နေဂျာ ဦးသက်ထွန်းဦးက ပြောသည်။

ရန်ကုန်စတော့အိတ်ချိန်းသည် သုံးနှစ်၊ တစ်လတာ ကာလအတွင်းမှာ ရှယ်ယာပေါင်း ၁၀ ဒသမ ၅ သန်း ငွေတန်ဖိုးအားဖြင့် ၁၁၇ ဘီလီယံကျော် အရောင်းအဝယ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်အတွင်း အစုရှယ်ယာအရောင်းအဝယ် အနည်းငယ်ကျဆင်းခဲ့သော်လည်း ၂၀၁၉ ခုနှစ်အတွင်း တစ်ရက်လျှင် ပျမ်းမျှ သန်း ၁၀၀ နီးပါးခန့် အရောင်းအဝယ် ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းဝင်နိုင်ရေးအတွက် ပြင်ဆင်လျက်ရှိသော ကုမ္ပဏီများရှိပြီး စာရင်းဝင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာ၌ အနည်းဆုံး တစ်နှစ်ခန့် အချိန်ယူ ပြင်ဆင်မှု ပြုလုပ်ရလေ့ရှိကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်း၌ ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် အထူးအဖွဲ့ကို ဖွဲ့စည်းကာ မြန်မာနိုင်ငံအတွင်းရှိ အများပိုင်ကုမ္ပဏီများ စတော့အိတ်ချိန်းအတွင်း ဝင်ရောက်လာစေရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အထူးအဖွဲ့အနေဖြင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများထဲမှ အလားအလာကောင်းသောကုမ္ပဏီများကို ရွေးချယ်ကာ ကုမ္ပဏီတစ်ခုချင်းအလိုက် ကွင်းဆင်းကာလိုအပ်ချက်များ၊ နည်းပညာကူညီမှုများပြုလုပ်ပေး၍ စာရင်းဝင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ ထိုသို့ကွင်းဆင်းဆောင်ရွက်မှုကြောင့် ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုရှိပြီး ပူးပေါင်းဆောင်ရွက်လာသည့်အတွက် နောက်ပိုင်းတွင် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ တိုးပွားလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် ပြည်သူများ စတော့ဈေးကွက်တွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရေး၊ စာရင်းဝင်ကုမ္ပဏီများ ပိုမိုပေါ်ထွက်လာစေရေးနှင့် စတော့ဈေးကွက်တွင်း ရင်းနှီးမြှုပ်နှံသော ပြည်သူများအား အကာအကွယ်ပေးရေး စသည်ဖြင့် ရည်မှန်းချက်ထား လုပ်ကိုင်လျက်ရှိပြီး စတော့ဈေးကွက်နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများကျင်းပကာ ပညာပေးအစီအစဉ်များ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ၂၀၁၇ ခုနှစ် အခွန်ဥပဒေအရ စတော့အိတ်ချိန်းသို့ ဝင်ရောက် စာရင်းဝင်လုပ်ကိုင်သော ကုမ္ပဏီများအား အခွန် ၅ ရာခိုင်နှုန်း သက်သာခွင့်ပြုထားကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ - ထိန်လင်း

မြန်မာ့စတော့ရှယ်ယာဈေးကွက်အပေါ် ရှုမြင်သုံးသပ်ခြင်းဆိုင်ရာစကားဝိုင်း ဆွေးနွေးပွဲကျင်းပစဉ်။

မလေးရှားနိုင်ငံမှ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံသို့ လာရောက်မည်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အဆင့်ရှစ် နေရာတွင်ရှိသည့် မလေးရှားနိုင်ငံမှ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံသို့ လာရောက်ကာ စီးပွားရေးတွေ့ဆုံပွဲတစ်ခုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"မလေးရှားနိုင်ငံက စီးပွားရေးလုပ်ငန်းလုပ်ဆောင်တဲ့လူတွေက မြန်မာနိုင်ငံကို လာဖို့ရှိပါတယ်။ သူတို့က မြန်မာနိုင်ငံက အလားအလာရှိတဲ့ နေရာတွေ၊ အောင်မြင်နေတဲ့ မလေးရှားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေကို လာရောက်လေ့လာမှာဖြစ်တယ်။ ဒါကြောင့် မလေးရှားနဲ့ မြန်မာ ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းတွေ ပိုပြီးတော့လွယ်ကူလာအောင် မလေးရှားလုပ်ငန်းရှင်တွေသိချင်နေတဲ့ မြန်မာနိုင်ငံရဲ့ ဥပဒေ၊ နည်းဥပဒေတွေရဲ့ အကြောင်းကို စီးပွားရေးတွေ့ဆုံပွဲလေးတစ်ခုလုပ်ပြီးတော့ ဆွေးနွေးပေးမှာ ဖြစ်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် မလေးရှားသံရုံးတို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး ဆွေးနွေးပွဲလုပ်ဆောင်မည့် အချိန်ကိုမူ မသိရှိရသေးပေ။

မြန်မာနိုင်ငံတွင် မလေးရှားနိုင်ငံ၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏသည် ၁၉၈၈ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ် ဧပြီလကုန်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံရှိပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ ၇၂၉ သန်းဖြင့် အများဆုံးရင်းနှီးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံမှုမှာ အိမ်ခြံမြေကဏ္ဍဖြစ်ပြီး အိမ်ခြံမြေကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၂၈ သန်းရှိကာ တတိယအများဆုံး ရင်းနှီးမြှုပ်နှံမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၉၇ သန်းရှိကြောင်း သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံအနေဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၂၅၆ သန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၂ သန်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၇၆ သန်းကျော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်၊ အခြားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၂ သန်းတို့ ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

ငြိမ်းငြိမ်း

စီးတီးတက္ကစီ မှတ်ပုံတင်ရန် ပျက်ကွက်သည့် အငှားယာဉ် ငါးထောင်ကျော်အား မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသွားမည်

ရန်ကုန် မေ ၂၀

စီးတီးတက္ကစီ မှတ်ပုံတင်ရန် ပျက်ကွက်သည့် အငှားယာဉ် ငါးထောင်ကျော်ကို မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်ကပြောသည်။

"ဒီကားတွေကို ၂၀၁၈ ဇန်နဝါရီ ၃၁ မှာ မှတ်ပုံတင်ပါ၊ အဲဒီမှတ်ပုံတင်တဲ့ကား ဧပြီ ၆ ရက်နေ့ထိ လာလုပ်ဆိုပေမယ့် အကြောင်း အမျိုးမျိုးကြောင့် ပျက်ကွက်တဲ့ကားဟာ ကျွန်တော်တို့ စာရင်းမှာ ငါးထောင်ကျော်ရှိတယ်၊ အဲဒီ ငါးထောင်ကျော်လောက်ကို ဘာလုပ်သင့်လဲဆိုတာကို တင်ပြမယ်ဆိုတဲ့အကြောင်းက အခု တချို့ကလည်း ပြန်လည် လျှောက်ထားလာတယ်၊ ကျွန်တော်တို့ကားတွေက အဲဒီအချိန်က ဘာကိစ္စကြောင့် မှတ်ပုံတင်ရတာ ပျက်ကွက်ခဲ့တာပါ၊ ဒါပေမယ့် အခုအချိန်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သတ်မှတ်တဲ့ အတိုင်း စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းကိုလည်း ကျွန်တော်တို့က လုပ်ချင်တယ်၊ လုပ်မရတဲ့အတွက် ဒါကို ကျွန်တော်တို့အတွက် ညွှန်ကြားပါဆိုတာမျိုးတွေရှိတယ်၊ ရှိတဲ့အတွက် ကျွန်တော်တို့က ဒီယာဉ်တွေကို ကိုယ့်ရဲ့ စီးတီးတက္ကစီယာဉ်မှတ်ပုံတင် မူလ စာရင်းမှာရှိတဲ့အတွက် ပြန်ပြီးတော့ တတ်နိုင်သမျှ ဒီယာဉ်တွေကို စုစည်းနိုင်အောင် ကြိုးစားမယ်၊ အဲဒီအတွက် ဘယ်လိုလုပ်သင့်တယ်ဆိုတာ အစိုးရကို တင်ပြဖို့ လုပ်နေတယ်" ဟု ဦးလှအောင်ကပြောသည်။

အဆိုပါ စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းကို ၂၀၁၂ ခုနှစ်မှစ၍ စီမံချက်ချကာ မြို့တော်အင်္ဂါရပ်နှင့်ညီသော အငှားယာဉ်များဖြစ်ရေး၊ အငှားယာဉ် စီးနင်းသူများကို အထောက်အပံ့ပြုနိုင်ရေးနှင့် အငှားယာဉ်များကို စည်းကမ်းထိန်းသိမ်းမှု လုပ်ဆောင်ပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေရန် လက်ရှိအစိုးရ လက်ထက် ၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမိန့်ကြေညာစာ ထုတ်ပြန်၍ YRTA ကိုဖွဲ့စည်းခဲ့ပြီး YRTA မှ စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ YRTA အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသော တက္ကစီယာဉ်များအား ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီးတီးတက္ကစီယာဉ်များအဖြစ် မှတ်ပုံတင်ခြင်း၊ သတ်မှတ်ကာလအလိုက် စီးတီးတက္ကစီ မှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ငန်းများအား ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ဆောင်ရွက်ရန် အစိုးရသတင်းစာများတွင် အကြိမ်ကြိမ်သတိပေးအကြောင်းကြားခဲ့ပြီးဖြစ်သည်။

သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိကြသော ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများမှ တင်ပြလာသဖြင့် ၂၀၁၈ ဇန်နဝါရီ ၃၁ ရက်အထိ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မှတ်ပုံတင်သည့်ကားများကို ဧပြီ ၆ ရက်အထိ လုပ်ဆောင်ရန်သတ်မှတ်ခဲ့သည်။

ထိုသို့ သတ်မှတ်ကာလအတွင်း လာရောက်ဆောင်ရွက်ခြင်းမရှိသည့် စီးတီးတက္ကစီယာဉ်များကို လုပ်ငန်းလိုင်စင်ဖျက်သိမ်းသည်အထိ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဟုလည်း YRTA အနေဖြင့် အသိပေးနှိုးဆော်ထားသည်။

"အရင်တုန်းကလို မင်းကို ချက်ချင်းရပ်မယ်လို့ ကျွန်တော်တို့ မလုပ်ဘူး၊ ဥပဒေပါအပြစ်ပေးခြင်းနဲ့ အညီသွားမှာ၊ ဒီကားတွေကို ကျွန်တော်တို့ မျှော်မှန်းထားတာ၊ ကျွန်တော်တို့ ခြောက်သောင်းခြောက်ထောင်ကျော်ထဲမှာ ကျွန်တော်စာရင်းအရ လုပ်ထားတာ ၅၀၀၀ ကျော်လောက်က ပျက်ကွက်တယ်၊ အဲဒီတော့ ၅၀၀၀ ကျော် ပျက်ကွက်တာဟာ အကုန်လုံး ရန်ကုန်မှာရှိလား ကျွန်တော်မပြောနိုင်ဘူး၊ ယာဉ်အိုယာဉ်ဟောင်းအပ်တဲ့ကားတွေ ဘယ်သူမှ ကျွန်တော်တို့ကို လာသတင်း မပို့ဘူး၊ ဒါတွေရှိမယ်၊ နယ်ရောက်နေတဲ့ ကားရှိမယ်၊ ရောင်းလိုက်တဲ့ ကားရှိမယ်၊ အဲဒါကို လျှော့ရင်တော့ဘယ်လောက် ကျန်မလဲ မသိဘူး၊ ဒါကြောင့် ကျွန်တော်ဘက်ကတော့ ကျန်တဲ့ကားတွေ အပေါ်မှာ စီမံဆောင်ရွက်ခွင့်ကို ဆက်လက်တင်ပြနေပါတယ်" ဟု ဦးလှအောင်က ပြောသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အတွင်း မှတ်ပုံတင်ထားသော အငှားယာဉ်အစီးရေ ခြောက်သောင်းခြောက်ထောင်ကျော်ရှိကြောင်း သိရသည်။

ငြိမ်းငြိမ်း

ကလောမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်နှင့် မလှိုင်မြို့နယ်တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံများ ပျက်စီး

ကလော

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ် ဟဲဟိုးမြို့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ အုတ်တံတိုင်းများနှင့် သစ်ပင်ကြီးများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဟဲဟိုးမြို့ အမှတ် (၁) ရပ်ကွက်တွင် အိမ်ခြေ ၁၂ အိမ်၊ အိမ်ထောင်စု ၁၂ စု တို့၏ အိမ်ခေါင်မိုးသွပ် ၁၇၇ ချပ်၊ အမှတ် (၄) ရပ်ကွက် နေအိမ် တစ်လုံး၊ အိမ်ခေါင် မိုးသွပ် ၂၄ ချပ်၊ အမှတ် (၅) ရပ်ကွက် အိမ်ခြေ ၂၀ အိမ်ထောင်စု ၂၀၊ အိမ်ခေါင်မိုးသွပ် ၅၆၄ ချပ်၊ (စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၀၃၆၀၄၀)နှင့် နေအိမ်ခြံဝင်း အုတ်တံတိုင်း ပေ ၅၄၀ တို့ ပြိုကျပျက်စီးခဲ့ပြီး အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ငါးသိုင်းချောင်း

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ယနေ့မွန်းလွဲ ၂ နာရီခွဲက လေပြင်းတိုက်ခတ်ခဲ့ပြီး မိုးရွာသွန်းခဲ့ရာ မြို့သစ်ရပ်ကွက် အောင်ဇေယျလမ်း အ-လ-က (ခွဲ) မြို့သစ်ကျောင်းရှေ့ရှိ ကျွန်းပင်တစ်ပင် လဲပြိုလျက် MPT ဆက်သွယ်ရေးတိုင် သုံးတိုင်၊ မြို့သစ်ရပ်ကွက် ပုသိမ် - မုံရွာ လမ်းမကြီး မိုင်တိုင် (၅၇/၀) အနီးရှိ အရှိန်လျှော့ အသိပေးဆိုင်းဘုတ် တစ်ခုနှင့် မြို့မရပ်ကွက်/ သိမ်ကြီးလမ်းရှိ MPT ဖုန်းတိုင် တစ်တိုင် စုစုပေါင်း ဖုန်းတိုင်လေးတိုင်နှင့် လမ်းညွှန်အသိပေးဆိုင်းဘုတ် တစ်ခု ပျက်စီးခဲ့ပြီး ရှေ့ဆောင်ရပ်ကွက် (အ-ထ-က) ငါးသိုင်းချောင်းကျောင်းရှေ့ အနော်ရထာလမ်းရှိ အရိပ်ရပင်အချို့ပြိုလဲခဲ့သည်။

မလှိုင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးလန်ပျက်စီးမှုကို တွေ့ရစဉ်။ ဘိုဘို(မလှိုင်)

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် အသက်အန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများနှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ပြိုလဲခဲ့သော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဖုန်းတိုင်များအား ပြန်လည်ပြုပြင်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

မလှိုင်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ယနေ့ ညနေ ၃ နာရီ က မိုးသက်လေပြင်းတိုက်၍ ကျေးရွာခြောက်ရွာတွင် လေဘေးသင့်ကာ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၂၉ သိန်းကျော် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မလှိုင်မြို့နယ် ကျောက်တန်းအုပ်စုရှိ ကျောက်တန်းကျေးရွာ၊ ညောင်မြင့်ကျေးရွာနှင့် မိတ်ကုန်းကျေးရွာတို့တွင်လည်းကောင်း၊ မြင်းဦးလှည့်အုပ်စု ညောင်ကုန်းကျေးရွာနှင့် မြင်းတွင်းအုပ်စု ဘဏ္ဍာစိုးကျေးရွာ၊ ကျပ်ဆည်အုပ်စု အဆုံကျေးရွာတို့တွင်လည်းကောင်း မိုးသက်လေပြင်းကျရောက်၍ ဘုန်းကြီးကျောင်းနှစ်ကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်းနှင့် နေအိမ်များ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်မှုကြောင့် ကျောက်တန်းကျေးရွာတွင် နေအိမ် လေးလုံး၊ ညောင်မြင့်ကျေးရွာတွင် နေအိမ်နှစ်လုံးနှင့် KG ကျောင်းဆောင်တစ်ဆောင်၊ မိတ်ကုန်းကျေးရွာတွင် မူလွန်ကျောင်းဆောင်တစ်ဆောင်နှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး မြင်းဦးလှည့်ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာရှိ အထက(ခွဲ)၏ အန္တရာယ်ရှိ ကျောင်းဆောင် တစ်ဆောင် ပျက်စီးဆုံးရှုံးခဲ့သည်။ မြင်းဦးလှည့်အုပ်စု ဘဏ္ဍာစိုးကျေးရွာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးလန် ပျက်စီးခဲ့ကာ ကျပ်ဆည်ကျေးရွာအုပ်စု အဆုံကျေးရွာတွင် လူနေအိမ်သုံးလုံး၊ နွားတဲတစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ပြီး လေဘေးသင့် အိမ်ထောင်စုရှိသော်လည်း လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**





Singha Laguna Phuket Open 2019 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဟိန်းစည်သူ အဆင့် (၄) ရရှိ

ရန်ကုန် မေ ၂၀
မေ ၁၆ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပသည့် Singha Laguna Phuket Open 2019 ဂေါက်သီးရိုက် ပြိုင်ပွဲတွင် မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား ဟိန်းစည်သူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆင့် (၄) နေရာရရှိခဲ့သည်။

ဟိန်းစည်သူသည် ယင်းပြိုင်ပွဲတွင် ၆၉+၆၈+၆၃+၆၇ ချက် လေးရက်ပေါင်း ရိုက်ချက် ၂၆၇ ချက်ဖြင့် သတ်မှတ် ရိုက်ချက်ထက် ၁၃ ချက်လျှော့ရိုက်ကာ အဆင့် (၄) နေရာရခဲ့ခြင်းဖြစ်သည်။ ဟိန်းစည်သူသည် ပထမနေရာမှ တတိယ နေရာအထိ ရရှိခဲ့သည့် ကစားသမား သုံးဦးနှင့် လျှော့ရိုက်ချက် နှစ်ချက်သာ ကွာခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကစားသမား ၁၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင်ထိုင်းနိုင်ငံမှ ဂေါက်သီးရိုက်ကစားသမား အများစု ယှဉ်ပြိုင်ခဲ့ကာ အာဂျင်တီးနား၊ တောင် ကိုရီးယား၊ အမေရိကန်၊ ဆွီဒင်၊ ဖင်လန်၊ ဂျပန် စသည့် အာရှ၊ ဥရောပနှင့် လက်တင် အမေရိကနိုင်ငံများမှ ကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် မီဂွယ်ကာဘယ်လို (အာဂျင်တီးနား) က ပထမ၊ ချင်နာရတ် (ထိုင်း) က ဒုတိယနှင့် ဂျိုဟောင်ကင်မ် (တောင်ကိုရီးယား) က တတိယဆုရရှိခဲ့သည်။ အဆင့် (၄) နေရာရခဲ့သည့် ဟိန်းစည်သူသည် ဆုကြေးငွေ ထိုင်းဘတ် ၉၃၀၀၀ ရရှိခဲ့ သည်။ ဟိန်းစည်သူသည် ပြည်ပနိုင်ငံ များတွင် ကျင်းပသည့် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် စဉ်ဆက် မပြတ် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ကမ္ဘာ့အဆင့် ပြိုင်ပွဲများအပါအဝင် နိုင်ငံတကာပြိုင်ပွဲအများစု၌ အောင်မြင်မှု ရရှိခဲ့သူဖြစ်သည်။ ဟိန်းစည်သူကို ၂၀၁၉ ခုနှစ်အတွက် Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar) က စပွန်ဆာပေးထားကြောင်း သိရသည်။

မြန်မာဂေါက်သီးရိုက်ကစားသမားများ သည် ယခုနှစ်နောက်ပိုင်းနှစ်များတွင် အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အောင်မြင် မှုများလည်း ရရှိလျက်ရှိသည်။

ဖိုးသော်ဇင်

Singha Laguna Phuket Open 2019 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အဆင့် (၄) ရရှိသည့် ဟိန်းစည်သူ ပါဝင်ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ - all Thailand golf tour.com

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မြားပစ်လေ့ကျင့် ပြင်ဆင်

ရန်ကုန် မေ ၂၀
အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အောင်မြင်မှု ရရှိရန် ပဏာမ လက်ရွေးစင်ရွေးချယ်ထားသော မြားပစ်အားကစားသမားများ ရန်ကုန်မြို့ ကျိုက္ကဆံမြားပစ်ကွင်း၌ လေ့ကျင့်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

" ကျွန်တော်တို့ ဆီးဂိမ်းပြိုင်ပွဲအတွက် မျိုးဆက်သစ်နဲ့ အလားအလာ ကောင်းတဲ့ကစားသမားတွေ လေ့ကျင့်တာရှစ်လနီးပါးရှိပါပြီ။ လေ့ကျင့်ပြင်ဆင်တဲ့ကာလ ဖြစ်နေတယ်။ ပဏာမလက်ရွေးစင် ၂၃ဦး၊ မျိုးဆက်သစ် ၂၅ ဦးတို့ကို ကိုရီးယားနည်းပြနဲ့ တစ်နေ့ နှစ်ကြိမ်လေ့ကျင့်ပါတယ်။ ဆီးဂိမ်းမှာ ဆုတံဆိပ်တော့ မလွတ်ပါဘူး။ ဒါကြောင့် အောင်မြင်မှုရရှိအောင် ကိုရီးယားမှာ ပူးတွဲလေ့ကျင့်မှုတွေ ပြုလုပ်ဖို့ ပြင်ဆင်ထား ပါတယ်" ဟု မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ပြောသည်။

" မြားပစ်ကစားသမားတွေ ခါးဆက်ပြတ်နေသလို နည်းပြဆရာတွေလည်း ခါးဆက်ပြတ်နေတယ်။ ဒါကြောင့် မေ ၁၈ ရက်၊ ၁၉ ရက်က နည်းပြမွမ်းမံသင်တန်း ဖွင့်လှစ်ခဲ့ပါတယ်။ ထူးချွန်တဲ့နည်းပြတွေရှိမှ ရွှေတံဆိပ်ရနိုင်မယ့် ကစားသမားတွေ ပေါ်ထွက်လာမှာဖြစ်ပါ တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံက ဆီးဂိမ်းပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၀ ခု ထည့်သွင်းပေးထား သည်။ မြန်မာအသင်းသည် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ကို အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတစ်ခုသာ ရရှိခဲ့ကြောင်း သိရသည်။ **အာကာစိုး**

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

တိုနီခရူးစ် ရီးရဲအသင်းနှင့် လေးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆို

ရီးရဲမက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား တိုနီခရူးစ်သည် အသင်းနှင့် လေးနှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ် တွင် ဖော်ပြထားသည်။ ၂၀၁၄ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ရီးရဲမက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော တိုနီခရူးစ်သည် ရီးရဲမက်ဒရစ်အသင်း၌ ချန်ပီယံလိဂ်ဖလား သုံးကြိမ်နှင့် လာလီဂါဖလားတစ်ကြိမ်ရရှိအောင် စွမ်းဆောင် ပေးထားနိုင်ကြောင်းလည်း ဖော်ပြထားသည်။

စပိန်လာလီဂါ၌ ဂိုးအများဆုံးသွင်းထားသူအဖြစ် မက်ဆီ ဦးဆောင်ထားနိုင်ခဲ့

မေ ၁၉ ရက် ညပိုင်းက စပိန်လာလီဂါရာသီပိတ်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းသည် ရီးရဲဘက်တစ်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး အီဘာနှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့သည်။ ဘာစီလိုနာ အသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့သော မက်ဆီသည် ယခုနှစ် စပိန်လာလီဂါ၌ သွင်းဂိုး ၃၆ ဂိုးဖြင့် ဂိုးအများဆုံးသွင်းထားသူအဖြစ် ဦးဆောင်ထားနိုင်ခဲ့ကြောင်း သိရသည်။

မက်ဂွီရီအား ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ဂွါဒီယိုလာ

နည်းပြ ဂွါဒီယိုလာသည် မန်စီးတီးအသင်းမှ ထွက်ခွာတော့မည်ဖြစ်သော ဗင်းဆင့် ကွန်ပနီ၏နေရာကို အစားထိုးရန်အတွက် လက်စတာစီးတီးဗဟိုခံစစ်ကစားသမား ဟယ်ရီ မက်ဂွီရီ (၂၆နှစ်) အား ပစ်မှတ်ထားနေကြောင်း ဒေးလီးမေးတွင် ဖော်ပြ ထားသည်။

ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် စဉ်းစားနေသည့် ကန်တီ

ချယ်လ်ဆီးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီ (၂၈နှစ်) သည် ယခုနှစ်နွေရာသီတွင် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် စဉ်းစားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကာရက်စ်ကိုသည် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့လို

လက်ရှိ တရုတ်စူပါလိဂ်ကလပ် ဒါလီယန် ယိဖန်းအသင်းတွင် ကစားလျက်ရှိသော ဘယ်လ်ဂျီယံတောင်ပံကစားသမား ကာရက်စ်ကို (၂၅နှစ်) သည် ပရီမီယာလိဂ် သို့ ပြောင်းရွှေ့လိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

ဝီလီယံ ဆာလီဘာအား ခေါ်ယူရန် ချိန်ရွယ်နေသည့် အာဆင်နယ်

အာဆင်နယ်အသင်းသည် စိန့်အက်တီအန်အသင်းမှ ပြင်သစ် ယူ-၁၉ ဗဟိုခံစစ် ကစားသမား ဝီလီယံ ဆာလီဘာ (၁၈နှစ်) အား နွေရာသီအပြောင်းအရွှေ့ကာလ တွင် ခေါ်ယူရန် ချိန်ရွယ်နေကြောင်း ဂိုးဒေါ့ကွန်းတွင် ဖော်ပြထားသည်။

အောင်ဇော်

တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ရောဝတီတိုင်းဒေသကြီး တံခွန်စိုက်ဖလား ဆွတ်ခူး

ရန်ကုန် မေ ၂၀
တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက် နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေးရှိ ဘိလိယက်နှင့် စနူကာစင်တာ၌ ကျင်းပ သည်။

ဗိုလ်လုပွဲပြိုင်ပွဲများ အပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ (၁) ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာ အဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်နိုင်ဦး၊ အတွင်း ရေးမှူး၊အမှုဆောင်များနှင့် B&S မှ Mr.Nicholas Chen တို့က ဘိလိယက် တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆုရ ချမ်းငြိမ်းသူ (မကွေးတိုင်းဒေသကြီး)၊ ဒုတိယဆုရ အောင်ဆွေမင်း(မကွေးတိုင်း ဒေသကြီး) နှင့် တတိယဆုရ သီဟဇော် (မန္တလေးတိုင်းဒေသကြီး) တို့အား လည်းကောင်း၊ ဘိလိယက်နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ ကြည်ဖေလင်းနှင့် ပွင့်လင်းအောင် (ရောဝတီတိုင်းဒေသ ကြီး)၊ ဒုတိယဆုရ ပြည့်စုံဖြိုးနှင့် စိုင်းအောင်မော်ထွန်း(ရှမ်းပြည်နယ်)နှင့် တတိယဆုရ ခန့်မင်းထွန်းနှင့်သန်းလွင်စိုး (စစ်ကိုင်းတိုင်းဒေသကြီး) တို့အား လည်းကောင်း၊ စနူကာတစ်ဦးချင်း ပြိုင်ပွဲ တွင် ပထမဆုရ နေလင်းထွန်း (ရောဝတီ တိုင်းဒေသကြီး)၊ ဒုတိယဆုရ ကောင်းမြတ်သူ (ရောဝတီတိုင်းဒေသ ကြီး)နှင့် တတိယဆုရ သော်ဇင်ထက် (ရန်ကုန်တိုင်းဒေသကြီး) တို့အား လည်းကောင်း၊ စနူကာ နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ ဟိန်းထက်နှင့် ဇင်မင်းထက် (ကချင်ပြည်နယ်)၊ ဒုတိယ ဆုရ ကျော်ဝေယံဖြိုးနှင့် ဖြိုးသကြ်န် (မကွေးတိုင်းဒေသကြီး)နှင့် တတိယ ဆုရ ကမ္ဘာလင်းနှင့် စိုင်းခမ်းလူ (ရှမ်းပြည်နယ်) တို့အား လည်းကောင်း၊ 9Ball အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရ အိဖြူဖြူကျော် (ရောဝတီတိုင်းဒေသကြီး)၊ ဒုတိယဆုရ ထက်သီတာအောင် (ရခိုင် ပြည်နယ်)နှင့် တတိယဆုရ ဇာဖြူဝင်း (မန္တလေးတိုင်း ဒေသကြီး) တို့အား လည်းကောင်း၊ စနူကာတစ်ဦးချင်း ပြိုင်ပွဲတွင် အမှတ် အများဆုံးဆုရ ဝံသာဖြိုး (ရန်ကုန်တိုင်း ဒေသကြီး)နှင့် ဘိလိယက်တစ်ဦးချင်း ပြိုင်ပွဲတွင် အမှတ်အများဆုံး ဆုရ ချမ်းငြိမ်းသူ (မကွေးတိုင်းဒေသကြီး) တို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြ သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်ကိုယ်စား အားကစားနှင့် ကာယ ပညာဦးစီးဌာန အားကစားနှင့် ကာယ ပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်က ပြိုင်ပွဲတွင် ရွှေသုံးခု၊ ငွေတစ်ခု ရရှိသွားသော ရောဝတီ တိုင်းဒေသကြီးအသင်းအား တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အေကေလင်း**

အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁) တွင် ထိပ်ဆုံးနှစ်သင်း တွေ့ဆုံ

ရန်ကုန် မေ ၂၀
၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁) ကို မေ ၂၂၊ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးနှစ်သင်း တွေ့ဆုံလျက်ရှိသည်။ ထိပ်ဆုံးမှ လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် ဒုတိယနေရာမှ အား/ကာသိပ္ပံအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေခြင်းဖြစ်ပြီး ချန်ပီယံဆုအတွက် အဖြေတစ်ခုထုတ်ပေးနိုင်ဖွယ်ရှိ နေသည်။

ပွဲစဉ် (၁၁) အဖြစ် မေ ၂၂ ရက်တွင် အောင်ဆန်းကွင်း၌ YREO အသင်းနှင့် ဂန္ဓမာအသင်း၊ တောင်ဒဂုံကွင်း၌ ဇွဲကပင်အသင်းနှင့် တက္ကသိုလ်အသင်း၊ မေ ၂၃ ရက် တွင် အောင်ဆန်းကွင်း၌ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် သစ္စာ အားမာန်အသင်း၊ တောင်ဒဂုံကွင်း၌ မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၀) အပြီးတွင် မြဝတီအသင်းက ၂၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး အား/ကာ သိပ္ပံအသင်းက ၂၅ မှတ်၊ သစ္စာအားမာန်အသင်းက ၂၂ မှတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ၁၄ မှတ်၊ YREO အသင်းက ၁၃ မှတ်၊ ဇွဲကပင်အသင်းက ကိုးမှတ်၊ ဂန္ဓမာအသင်းက ခြောက်မှတ်ရထားပြီး တက္ကသိုလ်အသင်းက ၁၀ ပွဲစလုံး ရှုံးထားသည်။ သုံးမှတ်ကွာဟနေသည့် မြဝတီနှင့် အား/ကာ သိပ္ပံအသင်းပွဲမှာ ချန်ပီယံဆုအတွက် အတိုင်းအတာတစ်ခုအထိ အဖြေ ပေါ်နိုင်ပြီး မြဝတီအသင်း အနိုင်ရပါက ခြောက်မှတ်အသာဖြင့်ချန်ပီယံဆုအတွက် သေချာသလောက် ဖြစ်သွားမည်ဖြစ်သည်။

အား/ကာသိပ္ပံအသင်း အနိုင်ရပါက အမှတ်တူသွားပြီး ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးနေရာကို ရယူနိုင်မည်ဖြစ်သလို လက်ကျန်ပွဲများတွင်လည်း အသင်းကြီးများ မရှိတော့သောကြောင့် ချန်ပီယံဆုအား ပထမဆုံးရယူနိုင်ရန် အခြေအနေကောင်းသွား မည်ဖြစ်သည်။ သရေကျပါက နောက်ဆုံး အချိန်ထိ စောင့်ကြည့်ရမည်ဖြစ်သည်။ ဒုတိယအကျော့တွင် ခြေစွမ်းတက်လာသည့် YREO အသင်းနှင့် ဇွဲကပင်အသင်းတို့၏ ခြေစွမ်းကြောင့် လက်ကျန်ပွဲများမှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။ **ရဲရင့်ရှိုင်း**

❂ *ကျောဖုံးမှ*

ပထမပိုင်းတွင် ရတနာပုံအသင်းက ဖိကစားနိုင်သော်လည်း ဂိုးဖန်တီးနိုင်မှု အပိုင်းတွင် အားနည်းသောကြောင့် ဂိုးသွင်းခွင့်အနည်းငယ်သာရခဲ့သည်။ စစ်ကိုင်း အသင်းသည် ရတနာပုံအသင်း၏အမှားကို စောင့်ကာ တိုက်စစ်ဆင်ခဲ့သော်လည်း ဂိုးပေါက်ခြိမ်းခြောက်မှု အချို့ပြုလုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် စစ်ကိုင်းအသင်းက တိုက်စစ်မြှင့်လာပြီး ရတနာပုံအသင်းမှာမူ အမာခံကစားသမားများ ပုံမှန်ခြေစွမ်း မရသောကြောင့် ရုန်းကန်နေရသည်။ မိနစ် ၆၀ တွင် စစ်ကိုင်းအသင်းမှ ဝေဖြိုးသူ အနီကတ်ဖြင့် ထုတ်ပယ်ခံရ၍ တစ်ယောက်လျှော့ဖြင့် ကစားခဲ့ရသည်။ တစ်ယောက် လျှော့သွားပြီးနောက်ပိုင်းတွင် စစ်ကိုင်းအသင်းက ကစားပုံပိုကောင်းလာပြီး ၆၈ မိနစ်တွင် အနိုင်ဂိုးရခဲ့သည်။

အသင်းခေါင်းဆောင် အောင်လှိုင်ဝင်း အဝေးမှကန်သွင်းရာ ရတနာပုံဂိုးသမား ပေါ့ဆခဲ့၍ ဂိုးဝင်သွားခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရတနာပုံအသင်းက ချေပဂိုးရရန် ကြိုးစားသော်လည်း စစ်ကိုင်းအသင်းက အကောင်းဆုံးထိန်းချုပ်သွား ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းနှင့် Southern အသင်းတို့ မိနစ် ၁၂၀ ပြည့်သည်အထိ ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ရန်ကုန် အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းတွင် ပွဲပယ်ပြစ်ဒဏ်စေ့သွားသည့် ဂိုးသမားကျော်ဇင်ထက်နှင့် နောက်ခံလူ မင်းကျော်ခန့်တို့ ပြန်ပါလာပြီး ဆယ်လာ၊ မီလာ၊ ယာမာဇာကီ၊ မောင်မောင် လွင်၊ စိုးမင်းနိုင်တို့ဖြင့် ပွဲထွက်ခဲ့ကာ Southern အသင်းမှာလည်းပြည့်ဖြိုးအောင်၊ ဝင်းမင်းထွဋ်၊ ကောင်းစည်သူ၊ ရန်ကျော်ထွေးတို့ဖြင့် လူစုံခဲ့သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရသော်လည်း ပယ်နယ်တီ အဆုံးအဖြတ်မှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပယ်နယ်တီကန်သွင်းရာတွင် ခုနစ်လုံးအထိ ကန်သွင်းခဲ့ရပြီး ရန်ကုန်အသင်းက ငါးဂိုးဝင်ကာ Southern အသင်းက လေးဂိုးသာဝင်ခဲ့သည်။ Southern အသင်းသည် ပယ်နယ်တီကန်ရာတွင် အနိုင်ရနိုင်သည့် အနေအထားရှိသော်လည်း ငါးလုံးမြောက် ပယ်နယ်တီကို ဝင်အောင်မသွင်းနိုင်၍ နိုင်ပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန် အသင်းမှ ဆယ်လာ၊ မောင်မောင်လွင်၊ ကောင်းထက်စိုး၊ မင်းကျော်ခန့်နှင့် သူရိန်စိုးတို့ ဂိုးဝင်ခဲ့ပြီး မီလာနှင့် ယာမာဇာကီတို့၏ ကန်သွင်းမှုများလွဲချော်ခဲ့သည်။ Southern အသင်းမှ ကောင်းစည်သူ၊ ဖြိုးပိုင်စိုး၊ ဝင်းမင်းထွဋ်နှင့် အောင်မိုးတို့ လေးလုံး ဆက်တိုက်ဂိုးဝင်ပြီး သန်းဇော်မျိုး၊ အောင်ဟိန်းစိုးဦးနှင့် စွမ်းထက်အောင်တို့၏ နောက်ဆုံးသုံးလုံးဆက်တိုက် ဂိုးမဝင်၍ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်အဖြစ် ရှမ်းယူနိုက်တက်နှင့် ရခိုင်၊ စစ်ကိုင်းနှင့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းတို့ တွေ့ဆုံနေပြီး ပထမအကျော့ကို မေ ၂၅၊ ၂၆ ရက်၊ ဒုတိယအကျော့ကို ဇွန် ၁၊ ၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ညီမြတ်သော်တာ

မော်ဘီမြို့နယ် ဖူးကြီးရေလှောင်ကန်အနီးမှ အမျိုးသမီးအလောင်း တွေ့ရှိမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိ

ပြစ်မှုကျူးလွန်သူ ကျင်ရွှေ၊ ထွန်းနိုင်၊ ရဲလင်း၊ မိုးဟိန်းနှင့် သက်သေခံပစ္စည်းများ။

ရန်ကုန် မေ ၂၀

မော်ဘီမြို့နယ် ဖူးကြီးရေလှောင်ကန် အနီးရှိ မလေးရှားပိတောက်စိုက်ခင်း အတွင်းမှ အမျိုးသမီးအလောင်း တွေ့ရှိမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို မေ ၁၅ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်ဘီမြို့နယ် ဖူးကြီး ကျေးရွာ ဖူးကြီးရေလှောင်ကန်အနီး မလေးရှား ပိတောက်စိုက်ခင်းအတွင်းတွင် မေ ၂ ရက် မွန်းလွဲပိုင်းက အမျိုးသမီး အလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ မြောင်းတကာ ရဲကင်း စခန်းမှူး ရဲအုပ် စန်းအောင်နှင့် အဖွဲ့က သက်သေများနှင့်အတူ သွားရောက် စစ်ဆေးရာ အသက် (၅၅) နှစ်ခန့် အမျိုးသမီး၏ ယာနားနောက် ထိုးသွင်းဒဏ်ရာ တစ်ချက်ဖြင့် မှောက်လျက်သေဆုံးနေ သည်ကို တွေ့ရှိရကြောင်း သိရသည်။

အဆိုပါ အလောင်းအား မော်ဘီ ဆေးရုံသို့ပို့အပ်ပြီး သေသူ မည်သူ မည်ဝါဖြစ်ကြောင်း စုံစမ်းနေစဉ် တိုက်ကြီး မြို့နယ် မေတ္တာအေးကျေးရွာနေ ဒေါ်---- ရောက်ရှိလာပြီး သေဆုံးသူမှာ ၎င်း၏မိခင် ဒေါ်စန်းစန်းနွဲ့(ခ)ဒေါ်တူး ဖြစ်ကြောင်းနှင့် ၎င်း၏မိခင်ကို သေဆုံးအောင်ပြုလုပ်သူကို အရေးယူပေးရန် တိုင်တန်းမှုဖြစ်သည်။

အမှုမှ ပြစ်မှုကျူးလွန်သူကို ဖော် ထုတ်နိုင်ရေးအတွက် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးမှ အနီးကပ်ကြီးကြပ်၍ အထူး အမှုစစ်အဖွဲ့ဖွဲ့စည်းပြီး အထူးအမှုစစ် အဖွဲ့နှင့် မှုခင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်အား အသေးစိတ် စစ်ဆေး ခြင်း၊ ပတ်ဝန်းကျင်သက်သေများအား စုံစမ်းမေးမြန်း ထောက်လှမ်းခြင်းတို့ ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်နေ့က သေသူ ဒေါ်စန်းစန်းနွဲ့(ခ)ဒေါ်တူးကို မော်ဘီမြို့၌ မိုးဟိန်း၏ ဆိုင်ကယ်နှင့်အတူ နောက်ဆုံး တွေ့ခဲ့ကြောင်း၊ ဒေါ်စန်းစန်းနွဲ့(ခ)ဒေါ်တူး ၏ မတ်တော်သူ ကျင်ရွှေက ဒေါ်စန်းစန်းနွဲ့ (ခ)ဒေါ်တူးကို သတ်ပေးရန် မိုးဟိန်းအား ပြောဆိုခဲ့ဖူးကြောင်း သတင်း ရရှိခဲ့သည်။

ရရှိသတင်းအပေါ် အတည်ပြုပြီး မသင်္ကာသူများဖြစ်သည့် မိုးဟိန်း (၃၃ နှစ်) နှင့် ကျင်ရွှေ(ခ) ချာတိတ် (၅၉ နှစ်)တို့ကို မေ ၁၅ ရက်တွင် အမှုဖြင့် ဖမ်းဆီးပြီး စစ်ဆေးခဲ့ကြောင်း၊ မိုးဟိန်းက ဒေါ်စန်း စန်းနွဲ့ (ခ) ဒေါ်တူးကို မော်ဘီ မြို့မှ ဆိုင်ကယ်ဖြင့် အခင်းဖြစ်နေရာသို့ ခေါ်ဆောင်ခဲ့ကြောင်း၊ ရဲလင်းနှင့် ထွန်းနိုင် တို့က ဆိုင်ကယ်ဖြင့် နောက်မှလိုက်လာပြီး ရဲလင်းက အသင့်ပါလာသည့် သံချွန်တပ် ထားသော သံတုတ်ဖြင့် နှစ်ချက်ရိုက်၍ ဒေါ်စန်းစန်းနွဲ့ (ခ)ဒေါ်တူး လဲကျသေဆုံး ခြင်းဖြစ်ကြောင်း၊ စစ်ဆေးပေါ်ပေါက် ချက်အရ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ ရဲလင်းနှင့် ထွန်းနိုင်(ခ) စောထွန်းနိုင် တို့ကို မေ ၁၇ ရက်တွင် ၎င်းတို့နေအိမ်မှ ဖမ်းဆီးရမိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

မြန်မာ့ရုပ်မြင်သံကြား

၂၁-၅-၂၀၁၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး(ကာတွန်း)
- ၇း၄၀ - "ယဉ်ကျေးမှုအမွေအနှစ်များ နှင့် လက်မှုပညာထွန်းကားရာ ပုဂံဒေသက မင်းနန်သူ ကျေးရွာ"
- ၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "အကြောဆေး"
- ၁၀း၃၀ - မိုးကြိုးဘေးအန္တရာယ်အတွက် လိုက်နာရန်အချက်များ (အိမ် အပြင်တွင် ရောက်ရှိနေပါက)
- ၁၀း၃၅ - "ရှေးဟောင်းအနုသုခုမ ပန်းထိမ်ပညာ၏ အံ့မခန်း ဆန်းကြယ်မှု"
- ၁၁း၁၀ - "စိတ်သစ် လူသစ် ဘဝသစ် ဆီသို့"
- ၁၂း၃၀ - အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ
- ၁၂း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၁၀၂)
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၁၄)
- ၁၄း၁၀ - ဆလင်ဒါအိုးများထားသိုပုံ- မီးငြိမ်းသတ်ခြင်း

ညပိုင်း

- ၁၆း၂၅ - ကားမောင်းလျှင် ထိုင်ခုံခါးပတ်ပတ်ရန်
- ၁၆း၃၅ - "ရခိုင်ပြည်နယ် ပြန်လည် ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၁၀၃)
- ၁၆း၄၅ - "လေ့လာစရာစုံလင် အင်းတော်ကြီးတစ်ခွင်"
- ၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ - "မူလာရှီးဒီသို့"
- ၁၉း၁၅ - "ငအေ" (အပိုင်း-၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - မြေငလျင် ဘေးအန္တရာယ် (ကာတွန်းပုံ)
- ၂၀း၃၅ - "အကောက်ခွန်ခေတ်မီဖွံ့ ဖြိုးတိုးတက်ရေးတွင် MACCS စနစ်၏ အခန်းကဏ္ဍ" (အပိုင်း-၁)
- - အနုပညာခန်းရိပ်သာ "ကာတွန်းဆရာကြီး ဦးဖေသိန်းနှင့် တွေ့ဆုံခြင်း"
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ယောက်ျားတံခွန်" (အပိုင်း-၃)

သန်လျင်မြို့ စတားစီးတီးအိမ်ရာဝင်း တိုက်ခန်း၌ တရုတ်နိုင်ငံသားတစ်ဦး သေဆုံးလျက်တွေ့ရှိ

ရန်ကုန် မေ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့ဟောင်းအနောက်ရပ်ကွက် စတား စီးတီးအိမ်ရာဝင်း တိုက်ခန်းအတွင်း၌ မေ ၁၉ ရက် ညနေ ၆ နာရီခန့်က တရုတ် နိုင်ငံသားတစ်ဦးအား သေဆုံးလျက် တွေ့ရှိရကြောင်း သန်လျင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့ မြို့ဟောင်း အနောက်ရပ်ကွက် စတားစီးတီးအိမ်ရာ ဝင်း တိုက်(အေ-၃) အခန်းအမှတ် (၃၂၃) တွင် နေထိုင်သူ တရုတ်နိုင်ငံသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ သန်လျင်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယ ရဲမှူး စိုးဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ သွားရောက် စစ်ဆေးရာ သေဆုံးသူမှာ Yijianwen အသက် (၄၇ နှစ်) တရုတ်နိုင်ငံသား Wilmar Myanmar Co., Ltd မှ Supervisor သီလဝါဆိပ်ကမ်း အကွက်အမှတ် (၂၀/၂၁) တွင် အလုပ် လုပ်နေသူဖြစ်ပြီး တိုက်ခန်းအတွင်းရှိ ခုတင်ပေါ်တွင် ပြင်ပဒဏ်ရာမတွေ့ရှိရဘဲ သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

အဆိုပါသေဆုံးသူမှာ မြန်မာနိုင်ငံသို့ မတ် ၁၃ ရက်က စတင်ရောက်ရှိပြီး ကုမ္ပဏီတွင် ကြီးကြပ်ရေးမှူး လုပ်ကိုင်နေ ကြောင်း၊ သွေးတိုးရောဂါရှိပြီး မကြာခဏ မူးဝေတတ်ကြောင်း၊ သေဆုံးသူသည် ယင်းနေ့ နံနက်စာစားပြီးချိန်မှစ၍ အိပ်ခန်းအတွင်း တစ်ဦးတည်းဝင်အိပ်နေခဲ့ ကြောင်း၊ ညနေပိုင်း ၆ နာရီခန့်တွင် ညစာ စားရန် သွားရောက်ခေါ်ရာ အခန်းအတွင်း မှ တုံ့ပြန်မှုမရှိသဖြင့်ဝင်ကြည့်ရာ သေဆုံး နေကြောင်း၊ တိုက်ခန်းတွင် အတူနေ တရုတ်နိုင်ငံသားနှစ်ဦး၏ ပြောပြချက် အရသိရှိရကာ အလောင်းအား ရဲမှုခင်း ဆေးစာဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပေးပို့ကာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သက်ခိုင် (သန်လျင်)

ဝင်းပကျေးရွာ၌ အမျိုးသမီးတစ်ဦး ရေတွင်းထဲပြုတ်ကျသေဆုံး

သုဝဏ္ဏဝတီ မေ ၂၀

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ဝင်းပကျေးရွာအုပ်စု ဝင်းပကျေးရွာ ဝင်းပကွက်သစ်ပိုင်း၌ ယနေ့ နံနက်ပိုင်းက အမျိုးသမီးတစ်ဦး ရေတွင်းထဲပြုတ်ကျ သေဆုံးနေကြောင်း တွေ့ရှိသတင်းပေးချက်အရ သိရသည်။

သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် လင်းသူအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရာအိမ်မှူး ဦးကျော်ဝင်း၊ အသိသက်သေများနှင့်အတူ သွားရောက် စစ်ဆေးရာ ဦးသန်းထွန်း ပိုင်ဆိုင်သော ခြံဘာခြံအတွင်းရှိ အကာအရံမရှိ၊ အကျယ် ခြောက်ပေခန့်၊ အနက် ၂၄ ပေ၊ ရေအနက် ကိုးပေခန့်ရှိသော ရေတွင်းအတွင်းတွင် မမေသဇင်ငြိမ်း (၂၀ နှစ်) အား ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိရဘဲ ရေနစ်သေဆုံး နေကြောင်းတွေ့ရှိရ၍ သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဖြစ်စဉ်အား စုံစမ်းရာ မိခင်ဖြစ်သူအား မေ ၁၈ ရက် ည ၉ နာရီခန့်က ရေသွားချိုးမည်ဟု ပြောဆိုထွက်သွားကာ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လိုက်လံရှာဖွေရာ တွေ့ရှိခြင်းမရှိဘဲ မေ ၂၀ ရက် နံနက် ၆ နာရီခွဲတွင် မိခင်ဖြစ်သူက နေအိမ်နှင့် ပေ ၂၀၀ ခန့်အကွာ ရေတွင်းသို့ ရေသွားခပ်ရာမှ ၎င်း၏သမီးကိုတွေ့ရှိ၍ ရပ်ကွက်လူကြီးများအား အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခွန်(ဝင်းပ)

မိုးညှင်းနှင့် မောင်တောမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၀

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ညနေပိုင်းက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်လန်ကျေးရွာ အဝင် မိုးညှင်း-ဝှေခါသွားကားလမ်းတွင် ရဲမင်းသိန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၆၀၀ သိမ်းဆည်းရမိ ခဲ့သည်။

ရဲမင်းသိန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နယ်မြေ(၃) ကျီးကျွန်း ကင်းစခန်းအနီးတွင် ဆွေယုဟူဆိန်နှင့် ဆွေတာလောင်တို့ နှစ်ဦးအားတွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ဇလွန်မြို့နယ်၌ မိုးကြိုးထိမှန်ပြီး ကလေးငယ်သုံးဦး သေဆုံး

ဇလွန် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဝါးပတောကျေးရွာအုပ်စု စံပယ်ကုန်းကျေးရွာတွင် ယမန်နေ့ ညနေ ၅ နာရီခွဲခန့်က ကလေးငယ်သုံးဦး မိုးကြိုးထိမှန် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စံပယ်ကုန်းကျေးရွာနေ ဦးချိုလေး၏ နေအိမ်ရှေ့တွင် မိုးရေချိုးနေ ကြသော မကြယ်စင်ချို၊ မောင်ကောင်းထက်အောင်နှင့် မောင်ဝေယံဖြိုးတို့သည် ရုတ်တရက် မိုးကြိုးထိမှန်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဝေယံ (ပြန်/ဆက်)

ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

ရန်ကုန် မေ ၂၀

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး မေ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၆ စီး၊ သွင်းကုန် ၂၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆ စီး၊ သွင်းကုန် ၁၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၈ သန်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှုခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၅၈ သန်း စုစုပေါင်းတားဆီးမှု သုံးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၅ ဒသမ ၃၈ သန်းတန်ဖိုးရှိစားသောက်ကုန်များနှင့် Bolt & Nut များကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ညောင်ဦးမြို့နယ်ရှိ ရေနံမြေအတွင်း မီးလောင်မှုဖြစ်ပွား

ညောင်ဦး မေ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တက်မကျေးရွာ တောင်ဘက် နှစ်ဖာလုံခန့် အကွာရှိ မင်းရဲကျော်စွာ ရေနံတူးဖော်ရေးကုမ္ပဏီပိုင် ရေနံမြေတွင် မေ ၁၉ ရက် သန်းခေါင်ကျော်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

ညောင်ဦးမြို့နယ် တက်မကျေးရွာ တောင်ဘက် နှစ်ဖာလုံခန့်အကွာရှိ မင်းရဲကျော်စွာ ရေနံတူးဖော်ရေးကုမ္ပဏီပိုင် ရေနံမြေအတွင်းရှိ ဦးဝင်းမြင့်ပိုင်ဆိုင်သော ရေနံတွင်းမှ ရေနံခပ်ယူစဉ် အင်ဂျင်မီးစက် အိတ်ဇောပေါက်မှ မီးဟပ်မှုဖြစ်ပွားကာ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်ရာသို့ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင်ဦးဆောင်၍ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်တစ်စီး၊ စဥ့်ကူနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ တောင်ဇင်းနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီးဖြင့် စဥ့်ကူနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် အောင်မိုးကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ရေနံတူးဖော်ရေးလုပ်သားများ၊ ကျေးရွာနေပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဦးဝင်းမြင့် ပိုင်ဆိုင်သော ရေနံစိမ်း ဆီပီပါနှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

ဂူဂဲလ်ကုမ္ပဏီက ဟွာဝေးနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်း

ဝါရှင်တန် မေ ၂၀

အမေရိကန် အင်တာနက်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဂူဂဲလ်(Google) သည် အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုဟု ယူဆသည့် တရုတ်နည်းပညာကုမ္ပဏီ ဟွာဝေးနှင့် အဆက်အသွယ်စတင်ဖြတ်တောက်နေပြီဖြစ်ကြောင်း မေ ၁၈ ရက်က ပြောကြားခဲ့သည်။

ဂူဂဲလ်ကုမ္ပဏီ၏ မိုဘိုင်းအန်းဒရွိုက်စနစ်သည် ကမ္ဘာ့စမတ်ဖုန်းအများစုကို ဩဇာလွှမ်းမိုးထားသည်။ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ပွဲအသွင် တင်းမာမှုများ ပေါက်ဖွားလျက်ရှိနေချိန်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အမေရိကန်ကုမ္ပဏီများအနေဖြင့် အမေရိကန်၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်ရာရောက်နေသည့် ပြည်ပကုမ္ပဏီများနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခဲ့သည်။ အမေရိကန်သည် တရုတ်ဆက်သွယ်ရေးကုမ္ပဏီကြီးဖြစ်သည့် ဟွာဝေးကုမ္ပဏီကို ပစ်မှတ်ထားလျက် ထိုသို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာအာဏာပိုင်များက ခွင့်ပြုချက်ပေးပြီးနောက်မှသာ အမေရိကန်ကုမ္ပဏီများအနေဖြင့် ဆက်သွယ် လုပ်ကိုင်ခွင့် ရရှိနိုင်မည်ဖြစ်သည်။ ပိတ်ပင်တားမြစ်ထားသည့်အထဲတွင် နည်းပညာဆိုင်ရာ ဝေမျှခြင်းလည်း ပါဝင်သည်။

မိမိတို့အနေဖြင့် အမိန့်အတိုင်း လိုက်နာဆောင်ရွက်နေခြင်းဖြစ်ပြီး နောက်ဆက်တွဲပေါ်ပေါက်လာနိုင်သည့် ပြဿနာများကိုလည်း ပြန်လည်ဆန်းစစ်နေကြောင်း ဂူဂဲလ်ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

အခြားသော နည်းပညာကုမ္ပဏီများအားလုံးကဲ့သို့ပင် ဂူဂဲလ်သည် ၎င်းတို့၏ စနစ်များကို စမတ်ဖုန်းများနှင့် သဟဇာတဖြစ်အောင် စမတ်ဖုန်းကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ဆောင်ရသည်ဖြစ်ရာ နောက်ဆက်တွဲပြဿနာများ ရှိလာနိုင်ကြောင်း သိရသည်။

ဂူဂဲလ်ကုမ္ပဏီသည် ဟွာဝေးကုမ္ပဏီနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရပ်နားလိုက်တော့မည်ဖြစ်ရာ ထိုသို့ရပ်နားမှုတွင် ဟာ့ဒ်ဝဲ၊ ဆော့ဖ်ဝဲနှင့် အများပြည်သူ မရရှိနိုင်သည့် နည်းပညာဝန်ဆောင်မှုများပါဝင်မည်ဟု ဆိုသည်။ ဆိုလိုသည်မှာ ဟွာဝေးကုမ္ပဏီသည် အန်းဒရွိုက်စနစ်၏ Open Source Version ကိုသာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ယင်းဖြစ်ရပ်များနှင့် နီးစပ်သည့် သတင်းရင်းမြစ်တစ်ခုက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဟွာဝေးကုမ္ပဏီအနေဖြင့် အီးမေးလ်ဝန်ဆောင်မှုကဲ့သို့ ဂူဂဲလ်၏ မူပိုင်ခွင့်နှင့်သက်ဆိုင်သည့် အက်ပလီကေးရှင်းနှင့် ဝန်ဆောင်မှုများကို ရရှိ တော့မည် မဟုတ်ကြောင်း သိရသည်။

အေအက်ဖ်ပီ



ဟွာဝေးကုမ္ပဏီ၏ Logo အမှတ်တံဆိပ်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ၏ ၁၇ ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ ပြီးဆုံး

နယူးဒေလီ မေ ၂၀

အိန္ဒိယနိုင်ငံ၏ ၁၇ ကြိမ်မြောက်အထွေထွေ ရွေးကောက်ပွဲ၏ သတ္တမဆင့်မြောက် မဲပေးပွဲကို တနင်္ဂနွေနေ့တွင် အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ပါလီမန် မဲဆန္ဒနယ် ၅၀ တွင် မဲပေးမှုများကို အဆင့် ခုနစ်ဆင့်ဖြင့် ဆောင်ရွက်ခဲ့ပြီး နောက်ဆုံး အဆင့်ကို ကျင်းပပြီးစီးခဲ့ခြင်းဖြစ်သည်။

ပထမဆုံး အဆင့် မဲပေးပွဲကို ဧပြီ ၁၁ ရက်တွင် ပြုလုပ်ခဲ့ပြီး ဒုတိယအဆင့် မဲပေးပွဲကို ဧပြီ ၁၈ ရက်တွင်လည်းကောင်း၊ တတိယအဆင့်ကို ဧပြီ ၂၃ ရက်တွင် လည်းကောင်း၊ စတုတ္ထအဆင့် မဲပေးပွဲကို ဧပြီ ၂၉ ရက်တွင် လည်းကောင်း၊ ပဉ္စမ အဆင့်ကို မေ ၆ ရက်တွင်လည်းကောင်း၊ ဆဋ္ဌမအဆင့်ကို မေ ၁၂ ရက်တွင်လည်းကောင်း၊ သတ္တမနှင့်နောက်ဆုံးအဆင့်ကို မေ ၁၉ ရက်တွင် လည်းကောင်းကျင်းပခဲ့သည်။ သတ္တမအဆင့် မဲပေးပွဲမှ ရေတွက်မှုများကို မေ ၂၃ ရက်တွင် စတင်မည်ဖြစ်သည်။

အိန္ဒိယတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ သန်း ၉၀၀ ခန့်ရှိပြီး နိုင်ငံတစ်ဝန်း မဲရုံပေါင်းတစ်သန်းကျော်၌ မဲပေးခဲ့ကြသည်။ အိန္ဒိယ ရွေးကောက်ပွဲကော်မရှင်၏ စာရင်းအချက်အလက်များအရ ၂၀၁၄ ခုနှစ် ပါလီမန် မဲပေးပွဲပြီးနောက် နောက်ထပ် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေ ၈၄ ဒသမ ၃ သန်းခန့် တိုးပွားလာကြောင်း၊ မဲဆန္ဒရှင် ၁၅ သန်းမှာ အသက် ၁၈ နှစ်နှင့် ၁၉ နှစ်ဝန်းကျင်များဖြစ်ကြကြောင်း သိရသည်။ အိန္ဒိယတွင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီပေါင်း ၂၃၀၀ ကျော်ရှိပြီး လက်ရှိဝန်ကြီးချုပ်နာရိန္ဒြာမိုဒီ သည် အာဏာရ ဘီဂျေပီပါတီအတွက် အဓိက မဲဆွယ်စည်းရုံးသူ ဖြစ်ခဲ့သည်။ ရက်ပေါင်း ၅၀ အတွင်း တိုင်းပြည်အနှံ့ သွားလာ၍ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့သည်။

လူထုထောက်ခံပွဲပေါင်း ၁၀၀ ကျော်တွင် မိန့်ခွန်းပြောကြားမှုများ ပြုလုပ်ခဲ့သည်။ အခြားတစ်ဖက်တွင်လည်း အတိုက်အခံပါတီဖြစ်သည့် အိန္ဒိယအမျိုးသား ကွန်ဂရက်ပါတီဥက္ကဋ္ဌ ရာအူးလ်ဂန္ဒီသည်လည်း လူထုထောက်ခံပွဲပေါင်း ၁၅၃ ခုကို တက်ရောက်ခဲ့သည်။ **ဆင်ဟွာ**

ကိုးလ်ကတ္တားမြို့တွင် ဆန္ဒမဲလာရောက်ပေးကြသည့် အမျိုးသမီးများကို တွေ့ရစဉ်။

ရေနံတင်ပို့သည့် နိုင်ငံများမှ ရေနံထုတ်လုပ်မည့်ပမာဏကို လာမည့်ဇွန်လအတွင်း ဆုံးဖြတ်သွားမည်

ရီယာ့ဒ် မေ ၂၀

ကမ္ဘာ့အဓိကရေနံတင်ပို့သူများသည် အီရန်အပေါ် အမေရိကန်၏ ပိတ်ဆို့မှုများကို စောင့်ကြည့်ခြင်းနှင့် ကမ္ဘာ့ဈေးကွက်ကို ထိခိုက်မှုများရှိ မရှိ စောင့်ကြည့်ပြီးနောက် ရေနံထုတ်လုပ်မှုပမာဏ တိုးမြှင့်သင့်မသင့်ကို လာမည့်လတွင် ဆုံးဖြတ်သွားမည်ဟု သဘောတူခဲ့သည်။ ရုရှားနိုင်ငံအပါအဝင် အိုပက်အဖွဲ့ဝင်နိုင်ငံများနှင့် ၎င်းတို့၏ မဟာမိတ်နိုင်ငံများမှ ဝန်ကြီးများသည် တနင်္ဂနွေနေ့က ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါတွင် တွေ့ဆုံခဲ့ကြသည်။

အမေရိကန်မှ အီရန်အပေါ် ပိတ်ဆို့မှုများ ပြုလုပ်မည်ဟု ကြေညာခဲ့ပြီးသည့်အခါ ဧပြီလတွင် ရေနံဈေးများ မြင့်တက်ခဲ့သည်။ ဇွန်လမတိုင်ခင် အထိ ရေနံထုတ်လုပ်မှုကို လျှော့ချထားဦးမည်ဖြစ်သည်။ တနင်္ဂနွေနေ့က ပြုလုပ်သည့် အစည်းအဝေးတွင် ရေနံထုတ်လုပ်မှု တိုးမြှင့်ရန် သင့် မသင့်ကို ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ပထမဦးစွာ အီရန်အပေါ် ပိတ်ဆို့မှု သက်ရောက်မှုများကို ဆက်လက်စောင့်ကြည့်ရန် သဘောတူခဲ့ကြသည်။ ထို့နောက် တရုတ် -အမေရိကန်ကုန်သွယ်ရေး ပဋိပက္ခအခြေအနေများကို စောင့်ကြည့်ရန် သဘောတူခဲ့ကြသည်။ လာမည့် ဇွန်လတွင် ပြုလုပ်မည့် အိုပက်အစည်းအဝေးတွင် ဆုံးဖြတ်သွားမည်ဟု သဘောတူခဲ့သည်။ တနင်္ဂနွေနေ့က ပြုလုပ်သည့် အစည်းအဝေးတွင် ဆော်ဒီစွမ်းအင်ဝန်ကြီး ခါလစ်အယ်ဖာလစ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကမ္ဘာ့ရေနံထောက်ပံ့မှု အနာဂတ်မှာ ဗင်နီဇွဲလားနိုင်ငံ၏ နိုင်ငံရေး မတည်မငြိမ်ဖြစ်မှုများနှင့် အီရန်အပေါ်အမေရိကန်၏ ပိတ်ဆို့မှုများကြောင့် မသေချာ မရေရာဖြစ်နေကြောင်း ၎င်းက ပြောသည်။

ရေနံလိုအပ်ချက်အပေါ် သက်ရောက်မှုများရှိလာနိုင်သည့် အချက်အလက်များလည်းရှိကြောင်း ၎င်းက ဆက်ပြောသည်။ ရေနံဈေးကွက်နှင့် လွှမ်းမိုးမှုများအပေါ် တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သော အစည်းအဝေး၏ရလဒ်များဖြင့် မခန့်မှန်းနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

အင်န်အိတ်ချ်ကေ

ပိုမိုတင်းကျပ်သည့် သေနတ်ထိန်းချုပ်ရေးဥပဒေကို ဆွစ်ဇာလန် အတည်ပြု

ဗွီးရစ်ချ် မေ ၂၀

ဥရောပသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများနှင့် လိုက်လျောညီထွေ ရှိစေရန်အတွက် ပိုမိုတင်းကျပ်သည့် သေနတ်ထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းရန် ဆွစ်ဇာလန်ပြည်သူများက ထောက်ခံမဲပေးကာ အတည်ပြုခဲ့ကြကြောင်းသိရသည်။

ပိုမို စည်းကမ်းတင်းကျပ်သည့် သေနတ်ထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းရန် ရှိမရှိ အဆုံးအဖြတ်ပေးမည့် ရွေးကောက်ပွဲတစ်ရပ်ကို မေ ၁၉ ရက်က ကျင်းပခဲ့ရာ ဆန္ဒမဲထည့်ဝင်သူများ၏ ၆၃ ဒသမ ၇ ရာခိုင်နှုန်းက ဥပဒေပြင်ဆင်ပြောင်းလဲမှုကို ထောက်ခံအားပေးခဲ့ကြကြောင်း သတင်းမီဒီယာများက ဖော်ပြသည်။

ပါရီ၌ ၂၀၁၅ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားကာ ပြည်သူ ၁၃၀ အသက်ဆုံးရှုံးခဲ့ရပြီးနောက်တွင် ဥရောပသမဂ္ဂက သေနတ်ကိုင်ဆောင်သည့် ဥပဒေကို ပိုမိုစည်းကမ်းတင်းကျပ်လိုက်သည်။

သေနတ်ပစ် အားကစားလေ့ကျင့်နေသူတစ်ဦးကို တွေ့ရစဉ်။

ယင်းဥပဒေအရ အော်တိုမက်တစ် ရိုင်ဖယ်များနှင့် အပိုပစ္စည်းများ ဝယ်ယူရာတွင် ဝယ်သူကို ခြေရာခံရ လွယ်ကူစေရန်အတွက် ၎င်းတို့ဝယ်ယူသည့် သေနတ်များပေါ်တွင် မည်သူမည်ဝါဖြစ်ကြောင်း ကိုယ်စားပြုနိုင်မည့် နံပါတ်များထည့်သွင်းရန် စည်းမျဉ်းကန့်သတ်လိုက်ပြီး ဥရောပသမဂ္ဂသည်အဖွဲ့၏ စည်းမျဉ်းစည်းကမ်းကို လိုက်နာသည့် အနေဖြင့် ဆွစ်ဇာလန်နိုင်ငံ၏ သေနတ်ထိန်းချုပ်ရေး ဥပဒေကို ပိုမိုတင်းကျပ်ရန် တိုက်တွန်းခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ၁၉၈၅ ခုနှစ် Schengen သဘောတူစာချုပ်ကို အခြေခံကာ ထူထောင်ခဲ့သည့် ဥရောပသမဂ္ဂ၏ လွတ်လပ်စွာ ကူးသန်းသွားလာခွင့်ရှိသော ဒေသတွင် ပါဝင်နေသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ စာချုပ်ပါ သဘောတူညီမှုအရ အဆိုပါ ဇရိယာအတွင်း ပြည်သူများလွတ်လပ်စွာ သွားလာရန်နှင့် ကုန်စည်များ လွတ်လပ်စွာ စီးဆင်းခွင့်ပြုထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ဒေသအတွင်း တင်းမာမှုများ လျှော့ချနိုင်ရေးလုပ်ဆောင်ရန် ပါကစ္စတန် အသင့်ဖြစ်နေဟုဆို

ကူဝိတ်စီးတီး မေ ၂၀

ပါကစ္စတန်နိုင်ငံသည် ဒေသတွင်းတင်းမာမှုများ လျှော့ချနိုင်ရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုများတွင် အထောက်အပံ့ဖြစ်စေရေးတို့အတွက် အဆင်သင့်ဖြစ်နေပြီဟု ကူဝိတ်သို့ အလည်အပတ်ရောက်ရှိနေသည့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဆာ့ရှ်မိုဟာမက်ကွာရှီက ပြောသည်။ ကူဝိတ်သတင်းအေဂျင်စီနှင့် အင်တာဗျူး ပြုလုပ်နေစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်နှင့် အီရန်တို့ကြားတင်းမာမှုများ မြင့်တက်လာသည်ကို ပါကစ္စတန်က စိုးရိမ်မိကြောင်း၊ ပါကစ္စတန်သည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် အမြဲအထောက်အကူဖြစ်ရန် ကြိုးပမ်းနေကြောင်း၊ တင်းမာမှုများကို ဖြေလျှော့ပေးနိုင်လျှင် ပါကစ္စတန်နိုင်ငံက ဝမ်းမြောက်ဝမ်းသာဖြစ်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကူဝိတ်နှင့် ပါကစ္စတန်တို့၏ ရင်းနှီးမှုသည် သမိုင်းဝင်ပင်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ နိုင်ငံရေးကို ကြည့်မည်ဆိုလျှင်လည်း ပါကစ္စတန်နှင့် ကူဝိတ်နိုင်ငံတို့သည် ကောင်းမွန်သည့် ဆက်ဆံရေးရှိကြောင်း၊ ဒေသတွင်းအခြေအနေများတွင် အပြန်အလှန်ထောက်ပံ့ပေးမှုများရှိကြောင်း ၎င်းကဆက်ပြောသည်။

ယခုခရီးစဉ်သည် စီးပွားရေးအရ ချည်နှောင်မှုကို တည်ဆောက်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းကျွမ်းကျင်သည့် လုပ်သားအင်အား ကူဝိတ်သို့စေလွှတ်ရန် အဆင်သင့်ပင်ဖြစ်ကြောင်း၊ အနာဂတ်တွင်စီးပွားရေးဖွံ့ဖြိုးမှု ရရှိလာလိမ့်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဆင်ဟွာ

နည်းပညာတိုးတက်မှုနောက်ကွယ်က ဆိုက်ဘာကျူးပေါက်မှုအရေး စိတ်မအေးဖြစ်နေတဲ့ ယနေ့ကမ္ဘာ

ထွန်းသစ်စ

ကျွန်တော်တို့နေထိုင်တဲ့ ယနေ့ကမ္ဘာကြီးမှာ မလုံခြုံမှုတွေ များလာနေပါပြီ။ ကမ္ဘာကြီး မလုံမခြုံဖြစ်ရတဲ့အကြောင်းရင်းတွေ အများကြီးရှိတဲ့အနက် နည်းပညာလုံခြုံမှု ကျိုးပေါက်မှုဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကျန်တဲ့ရာသီဥတုနဲ့ဆိုင်တဲ့ မလုံမခြုံဖြစ်မှုတွေ၊ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ မလုံခြုံမှုတွေ အများကြီးရှိပါတယ်။ သို့သော်လည်း ယခုခေတ်မှာ နည်းပညာအံ့မခန်းတိုးတက်လာတာနဲ့အညီ သူ့ရဲ့နောက်ကွယ်ကဖြစ်ပေါ်နေတဲ့ နည်းပညာလုံခြုံမှု ကျိုးပေါက်မှုကလည်း ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်လို့နေပါတယ်။

ဆိုက်ဘာတိုက်ခိုက်ခံရပုံကို ကိုယ်စားပြုဖော်ပြထားသည့် ပုံတစ်ပုံကို တွေ့ရစဉ်။

စိုးရိမ်မှုတွေ လိုက်ပါမြင့်တက်

ယနေ့ ကျွန်တော်တို့နေထိုင်တဲ့ ကမ္ဘာကြီးမှာ နည်းပညာကျိုးပေါက်မှုလို့ဆိုတဲ့နေရာမှာ ဆိုက်ဘာလုံခြုံရေး ကျိုးပေါက်မှုဟာ အတော်များလာတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ယနေ့ကမ္ဘာ့အဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ တခြားကုမ္ပဏီအဖွဲ့အစည်းတွေ၊ ဘဏ်လုပ်ငန်းတွေ၊ လူမှုအဖွဲ့အစည်းတွေဟာ ကွန်ပျူတာနဲ့ လွတ်ကင်းတယ်လို့ မရှိပါဘူး။ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာခေတ်ကြီးမှာ သူတို့လည်း လိုက်ပါပြောင်းလဲလာခဲ့ကြပါတယ်။ အဲဒီလို လိုက်ပါပြောင်းလဲလာတာနဲ့အတူ စိုးရိမ်မှုတွေလည်း လိုက်ပါမြင့်တက်လျက် ရှိပါတယ်။

ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ခဲ့

ယခင်က နည်းပညာမဖွံ့ဖြိုးခင်မှာ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ အုပ်စုတစ်စုနဲ့တစ်စု၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ သတင်းအချက်အလက်တွေ ဖလှယ်တာတို့၊ သတင်းစကားစာလွှာပါးတဲ့နေရာတို့မှာ စာတိုက်ကတစ်ဆင့် ပေးပို့ခဲ့ရသလို ကြေးနန်းတွေနဲ့လည်း ဆက်သွယ်မှုတွေ လုပ်ခဲ့ရပါတယ်။ အချိန်တွေလည်း အများကြီး ကုန်ပါတယ်။ မလုံမခြုံဖြစ်မှုတွေလည်း မရှိသလောက်ပါပဲ။ သို့သော်လည်း ထောက်လှမ်းမှုဆိုင်ရာ သတင်းပေါက်ကြားမှုတွေ၊ ကြားဖြတ်ဖမ်းယူမှုတွေ သူ့ခေတ်သူ့အခါနဲ့တော့ ရှိခဲ့တာပေါ့။ ဒါပေမယ့် ဒီနေ့ခေတ်လောက်တော့ မဆိုးခဲ့ပါဘူး။ ဒီနေ့ခေတ်မှာ ဆိုက်ဘာကျိုးပေါက်မှုတွေဟာ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ခဲ့ပါတယ်။

ဖေ့စ်ဘွတ် သတင်းအချက်အလက် ပေါက်ကြားမှု

အဲဒီထဲကမှ တစ်ခုကတော့ သိပ်မကြာခင်ကမှ ဖြစ်ပွားခဲ့တဲ့ ဖေ့စ်ဘွတ်အချက်အလက် ပေါက်ကြားမှုဖြစ်ပါတယ်။ ဖေ့စ်ဘွတ်မှာ အချက်အလက်ပေါက်ကြားခဲ့တာနဲ့ ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့နှစ် မတ် ၁၉ ရက်မှာ ကမ္ဘာ့အကြီးဆုံး လူမှုကွန်ရက်ကုမ္ပဏီအနေနဲ့ စတော့ဈေးနှုန်း ၇ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့တယ်လို့ ယခင်ကဖော်ပြခဲ့ပြီး အဲဒါဟာ လေးနှစ်တာကာလအတွင်းမှာ အနိမ့်ဆုံးအဆင့်တစ်ခုသို့ ကျဆင်းခဲ့တာပဲ ဖြစ်ပါတယ်။

“ဒီတစ်ခါ သတင်းအချက်အလက် ပေါက်ကြားမှုဖြစ်တာကတော့ ဖေ့စ်ဘွတ်ပါ။ သို့သော်လည်း တခြားနည်းပညာကုမ္ပဏီတွေလည်း ဖြစ်သွားနိုင်ပါတယ်လို့ နည်းပညာ စောင့်ကြည့်လေ့လာသူ ရှော့ဘ်အန်ဒါလီက ပြောခဲ့ပါတယ်။ ဒါဟာ ကမ္ဘာတစ်ဝန်းရှိ နည်းပညာကုမ္ပဏီတွေကြား မကြာခဏဖြစ်တဲ့ကိစ္စလည်းဖြစ်ပါတယ်”လို့ သူက ဆက်ပြီး ပြောခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ် မတ် ၂၆ ရက်လောက်က အသုံးပြုသူ သန်း ၅၀ ကျော်ရှိတဲ့ ဖေ့စ်ဘွတ်ဟာ သူ့ရဲ့ဈေးကွက်တန်ဖိုး ၁၄ ရာခိုင်နှုန်းလောက် ကျဆင်းသွားတာကို တွေ့ရပါတယ်။ အသုံးပြုသူတွေရဲ့ယုံကြည်မှုကို ချိုးဖောက်ခံလိုက်ရတာဖြစ်ပြီး အခုအခါမှာတော့ အဲဒီလိုမဖြစ်အောင် အကောင်းဆုံးလုပ်ဆောင်နေပါတယ်လို့ ဇူကာဘတ်က လူသိရှင်ကြား ကတိပေးခဲ့ပြီဖြစ်ပါတယ်။

ဆိုးကျိုးနဲ့ ကောင်းကျိုးတူယှဉ်တွဲ

ဖုန်းတွေ၊ Apps တွေ၊ ဝက်ဘ်ဆိုက်တွေဟာ နေ့စဉ်လူနေမှုဘဝတွေမှာ ခွဲထားလို့ မရတော့ပါဘူး။ သူတို့ကို လျစ်လျူရှုထားရင် မျက်စိပိတ်၊ နားပိတ်ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ ယနေ့လူတွေရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာပါတော့တယ်။ ထို့အတူပဲ ဒီနည်းပညာတွေဟာ လူသားတွေအတွက် ကောင်းကျိုးပြုသလို တစ်ဖက်ကလည်း ဆိုးကျိုးတွေ ဖြစ်သွားနိုင်ပါတယ်။

ဖေ့စ်ဘွတ် သတင်းအချက်အလက် ပေါက်ကြားမှုကို ကြည့်ရင် အသုံးပြုသူတွေရဲ့ယုံကြည်မှုတွေ အလွဲသုံးစားခံလိုက်ရတာကို တွေ့ရမှာပါ။ သို့သော်လည်း ယနေ့ခေတ်မှာ အသုံးပြုသူတွေဟာ နည်းပညာရဲ့ သားကောင်တွေ ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပါတယ်လို့ Center for Humane Technology မှ တာဝန်ရှိသူတွေက ပြောခဲ့ပါတယ်။

ကျိုးပေါက်မှု ဖန်တီးသလိုဖြစ်

အနည်းဆုံး လူနှစ်ဘီလီယံလောက်ဟာ အဲဒီလို နည်းပညာတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြတော့ နည်းပညာကုမ္ပဏီတွေဟာ မမျှော်လင့်ဘဲ အမှုမဲ့ အမှတ်မဲ့နဲ့ သူတို့ရဲ့လူမှုရေးတစ်ခုလုံးကို ထိတွေ့ခွင့်တွေ၊ စီမံခွင့်တွေရသလို ဖြစ်ခဲ့ပါတယ်။ အဲဒါတွေကလည်း ယနေ့ခေတ် နည်းပညာအသုံးပြုသူတွေရဲ့အချက်အလက်တွေ ကျိုးပေါက်ဖို့အတွက် အခြေအနေတွေ ဖန်တီးပေးလိုက်သလိုပါပဲ။

နောက်တစ်ခါ ထိတ်လန့်စရာအကောင်းဆုံး လျှို့ဝှက်ချက်ဖော်ထုတ်နိုင်မှုကတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာ ဖြစ်ပွားခဲ့တဲ့ ဆိုက်ဘာကျူးလွန်မှုဖြစ်ပြီး အဆိုပါကိစ္စတွင် ရာဟူးအသုံးပြုသူ သုံးဘီလီယံခန့်ရှိကာ အကောင့်များ မလုံမခြုံ ဖြစ်ခဲ့ရပါတယ်လို့ လွန်ခဲ့တဲ့ အောက်တိုဘာလကတည်းက ရာဟူးက ကြေညာခဲ့ပါတယ်။

အိုင်တီကျွမ်းကျင်သူ ထက်ဝက်လောက်ရဲ့ လက်တွေ့လေ့လာမှုတွေက ဘာကိုပြောသလဲဆိုရင် ယနေ့ခေတ်ဟာ ခြိမ်းခြောက်မှုအသစ်တွေနဲ့ ဆိုက်ဘာတိုက်ခိုက်လာမှုတွေအပေါ် အပြည့်အဝနားလည်ဖို့အတွက် အဓိကစိန်ခေါ်မှုတွေဖြစ်လို့လာခဲ့ပြီလို့ ပြောခဲ့ပါတယ်။ ဆိုလိုတာကတော့ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ဆိုရင် အဲဒီအပေါ် အပြည့်အဝ နားလည်ဖို့လိုအပ်ပါတယ်။

အဖွဲ့အစည်းတွေ ဆိုက်ဘာတိုက်ခိုက်ခံရ

အပတ်စဉ်အပတ်တိုင်း ဘဏ်တွေ၊ ကျန်းမာရေး အဖွဲ့အစည်းတွေ၊ ယုတ်စွအဆုံး ကျောင်းတွေအပါအဝင် ပုံသဏ္ဌာန်အရွယ်အစားအမျိုးမျိုးရှိ အဖွဲ့အစည်းတွေကို အဓိကထားပြီး ဆိုက်ဘာ တိုက်ခိုက်မှုတွေ ပြုလုပ်လျက်ရှိတာကို လေ့လာတွေ့ရှိခဲ့ပါတယ်။ ဆိုက်ဘာတိုက်ခိုက်ခံရတာကြောင့် ဘဏ်တွေရဲ့ ကွန်ပျူတာစနစ်တွေ ကမောက်ကမဖြစ်ခဲ့ပြီး သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရတဲ့ ဥပမာတွေရှိခဲ့သလို အစိုးရဌာနတွေရဲ့သတင်းအချက်အလက် ကျိုးပေါက်မှုတွေလည်း ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ အစိုးရအဖွဲ့တွေမှာ ဆိုက်ဘာကျိုးပေါက်မှု မဖြစ်အောင် အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဆိုက်ဘာတိုက်ခိုက်မခံရရေး

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ဆိုက်ဘာကျိုးပေါက်မှုကာကွယ်နိုင်ဖို့ သက်ဆိုင်ရာဌာနတွေမှာ အကောင်အထည်ဖော် လုပ်ဆောင်နေတာကို မျက်ဝါးထင်ထင် တွေ့မြင်ရမှာဖြစ်ပါတယ်။

ဟက်ကာသမားတွေက ဘယ်လိုရည်ရွယ်ချက်နဲ့ အခုလို ဆိုက်ဘာတိုက်ခိုက်မှုတွေ လုပ်ဆောင်နေရသလဲဆိုတာ မသိပေမယ့် အဲဒီလို ဖောက်ထွင်းတိုက်ခိုက်ခြင်းခံရတဲ့ ယုတ်စွအဆုံး ကျောင်းတွေအပါအဝင် ပုံသဏ္ဌာန်အရွယ်အစား အမျိုးမျိုးရှိ အဖွဲ့အစည်းတွေ၊ ကမ္ဘာ့အဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ တခြားကုမ္ပဏီအဖွဲ့အစည်းတွေ၊ ဘဏ်လုပ်ငန်းတွေ၊ လူမှုအဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်မှုတွေ အများဆုံး နှောင့်နှေးကြန့်ကြာခဲ့ရသလို အရေးကြီးတဲ့ အချက်အလက်တွေလည်း ဆုံးရှုံးကျိုးပေါက်ခဲ့ရပါတယ်။

ပြောင်းလဲဖြစ်ပေါ်လာတဲ့ ဆိုက်ဘာခြိမ်းခြောက်ခြင်းသို့မဟုတ် ဆိုက်ဘာကျိုးပေါက်ခြင်းရဲ့ အခင်းအကျင်းကို သုံးသပ်ရမယ်ဆိုရင် အဖွဲ့အစည်းတွေအနေနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ အားမနည်းအောင် ဘယ်လိုညှိနှိုင်းဆောင်ရွက်မလဲဆိုတာနဲ့ ဆိုက်ဘာခြိမ်းခြောက်မှုအန္တရာယ်ကို စီမံခန့်ခွဲနိုင်ဖို့ လိုအပ်ပါကြောင်း။ ။

ကိုးကား - ချန်နယ်နယူးအေးရှ

“အနည်းဆုံး လူနှစ်ဘီလီယံလောက်ဟာ အဲဒီလိုနည်းပညာတွေကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြတော့ နည်းပညာကုမ္ပဏီတွေဟာ မမျှော်လင့်ဘဲ အမှုမဲ့ အမှတ်မဲ့နဲ့ သူတို့ရဲ့ လူမှုရေးတစ်ခုလုံးကို ထိတွေ့ခွင့်တွေ၊ စီမံခွင့်တွေရသလိုဖြစ်ခဲ့ပါတယ်။ အဲဒါတွေကလည်း ယနေ့ခေတ် နည်းပညာအသုံးပြုသူတွေရဲ့ အချက်အလက်တွေ ကျိုးပေါက်ဖို့အတွက် အခြေအနေတွေ ဖန်တီးပေးလိုက်သလိုပါပဲ”

နိုင်ငံတကာသတင်းတိုထွာ

ဩစတြီးယားနိုင်ငံတွင် စက်တင်ဘာလအတွင်း ရွေးကောက်ပွဲ ပြုလုပ်မည်

ဗီယင်နာ မေ ၂၀

ဩစတြီးယားသမ္မတ အလက်ဇန်းဒရား ဗန်ဒါဘယ်လန်က လျှပ်တပြက်ရွေးကောက်ပွဲကို စက်တင်ဘာလအစောပိုင်းတွင် ပြုလုပ်ဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်ဆီဘက်စတိန်းကာ့ဇ်က ၎င်း၏ ပြည်သူ့ပါတီသည် ဩစတြီးယား လက်ယာစွန်းရောက် လွတ်မြောက်ရေးပါတီနှင့် မဟာမိတ်ဖွဲ့ထားရာမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း၊ ထို့နောက် အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဟုကြေညာခဲ့သည်။ လွတ်မြောက်ရေးပါတီမှ ခေါင်းဆောင်လည်းဖြစ် ဒုတိယဝန်ကြီးချုပ်လည်းဖြစ်သည့် ဟိုင်းစ်ခရစ်ယန်စထရေးဂျ်သည်လည်း စနေနေ့တွင် ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲတွင် ရန်ပုံငွေရရှိရေး အပြန်အလှန်အားဖြင့် စီးပွားရေးဆိုင်ရာစာချုပ်များ ဦးစားပေးမည်ဟု အမျိုးသမီးတစ်ဦးနှင့် ကမ်းလှမ်းနေသည့် ဗီဒီယို ထွက်ပေါ်လာပြီးနောက်ပိုင်း ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

ဆီးရီးယား အနောက်မြောက်ပိုင်း၌ ရုရှားလေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၀ ဦး သေဆုံး

ဒမတ်စကတ် မေ ၂၀

ဆီးရီးယားမဟာမိတ်ဖြစ်သည့် ရုရှားက လေကြောင်းမှ တိုက်ခိုက်ခဲ့မှုကြောင့် ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ ကလေးငယ်ငါးဦးအပါအဝင် အရပ်သား ၁၀ ဦး သေဆုံးသွားကြောင်း စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က တနင်္လာနေ့တွင် ဖော်ပြခဲ့သည်။ အဆိုပါနေရာ၌ အပစ်အခတ်ရပ်စဲကြောင်း ရုရှားက ကြေညာခဲ့ပြီးနောက် နာရီအနည်းငယ်အကြာတွင် လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ တစ်ညလုံးဖြစ်ပွားခဲ့ပြီးနောက် ဆီးရီးယားတပ်ဖွဲ့ဝင်များနှင့် ဂျီဟတ်စစ်သွေးကြွများအကြား မေ ၂၀ ရက်တွင် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က ပြောကြားခဲ့သည်။ ညသန်းခေါင်အချိန်တွင် ပြုလုပ်ခဲ့သည့် ရုရှားလေကြောင်းတိုက်ခိုက်မှုအတွင်း အီဒလစ်ပြည်နယ် ကာဖရန်ဘယ်မြို့မှ ကလေးငယ်ငါးဦး၊ အမျိုးသမီးလေးဦးနှင့် အမျိုးသားတစ်ဦးတို့ သေဆုံးခဲ့ကြောင်း လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှု အဖွဲ့က ပြောသည်။ လေကြောင်းတိုက်ခိုက်မှုသည် ကာဖရန်ဘယ်မြို့အတွင်းရှိ ဆေးရုံတစ်ရုံအနီးတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စောင့်ကြည့်အဖွဲ့ပြောကြားသည်။ မြို့စွန်ရှိ နေအိမ်ငါးလုံးတို့မှာ လေကြောင်းတိုက်ခိုက်ခံရပြီး ပျက်စီးသွားခဲ့သည်ကို အေအက်ဖ်ပီ သတင်းထောက်တစ်ဦးက တွေ့မြင်ခဲ့ရကြောင်း သိရသည်။

အေအက်ဖ်ပီ

ပစ်တော့လွယ်လွယ် ဆယ်သူခက်ခက်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အောက်ဆီဂျင်မပြတ်စေရေးအတွက် မြောင်းအတွင်း လေမှုတ်သွင်းပေးနေစဉ်။

မကြာမီ မုတ်သုံဝင်၍ မိုးများရွာသွန်းတော့မည်ဖြစ်သည်။ မိုးရွာသည်နှင့်အမျှ မြို့တော်ရန်ကုန်၏ စမ်းချောင်းမြို့နယ် ယခင်ရှမ်းလမ်း(ခေါ်)ယခု ဗဟိုလမ်းမှာနှစ်စဉ်ရေကြီး ရေလျှံမှုဖြစ်လေ့ရှိခဲ့သည်။ အထူးသဖြင့် ဗားကရာလမ်းနှင့်ဗဟိုလမ်းဆုံမှာ ရေပင်လယ်ဖြစ်ခဲ့ရသည်။ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များ သွားလာမှုအခက်အခဲနှင့် အမြဲကြုံတွေ့ရသည်။

ထိုဖြစ်စဉ်များကို ယခုနှစ်တွင် အတတ်နိုင်ဆုံးပြေလျော့ ကွယ်ပျောက်နိုင်စေရန်အတွက် စမ်းချောင်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများနှင့် မြို့နယ်မြောင်းရှင်းဝန်ထမ်းများက ဗဟိုလမ်းအောက်ရှိ အရှည်ပေ ၁၆၀၀ ခန့်၊ အမြင့်အကျယ် ရှစ်ပေပတ်လည်ရှိသော မြောင်းကြီးအတွင်းသို့ မေ ၁၄ ရက်မှ စတင်ကာ ခက်ခက်ခဲခဲ ပင်ပန်းကြီးစွာ ဝင်ရောက်ပြီး အမှိုက်မျိုးစုံကို ရှင်းလင်းခဲ့ရသည်။

ယင်းမြောင်းကြီးမှာ အင်္ဂလိပ်လက်ထက်ကတည်းက တူးဖော်ခဲ့သော ရှေးဟောင်းအုတ်သားစီမြောင်းကြီးဖြစ်ပြီး မြောင်းအတွင်းမှ အမှိုက်များ မရှင်းလင်းခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ခန့်ရှိပြီဖြစ်ရာ မြောင်းအတွင်းဝင်ရောက်သူတို့ အောက်ဆီဂျင်ပြတ်တောက်မှုမရှိစေရေးအတွက် လေမှုတ်စက်အကူအညီယူကာ လေများမှုတ်သွင်း ဆောင်ရွက်ကြရသည်။

စည်းကမ်းမဲ့စွာ အလွယ်တကူစွန့်ပစ်ခဲ့သမျှ ဤသို့ ခက်ခဲစွာဆယ်ယူကြရသည်။

အချို့နေရာများတွင် လူနှစ်ယောက် အင်အားသုံးပြီး ဆွဲထုတ်ယူကြရသည်။

အောင်ချမ်းသာမြောင်းအတွင်း ရေဆိုးများထဲမှ အမှိုက်များကို ဆယ်ယူနေကြရသည်မှာ . . . ။

မြေအောက်မြောင်းအမှောင်ထဲ၌ လူတစ်ရပ်နီးပါးရှိ အမှိုက်ထုကို ဓာတ်မီးအလင်းရောင်ဖြင့် ဤသို့ ခက်ခက်ခဲခဲ ဆယ်ယူကြရသည်။

စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်မျိုးစုံကို မြောင်းအတွင်းမှ ဆယ်ယူထားစဉ်။

ရေမြောင်းအတွင်း နှစ်ပေါင်းများစွာ ပိတ်ဆို့နေသည့် ပလတ်စတစ်ဘူးခွံ၊ ပုလင်းခွံ၊ ဖော့ဘူးခွံ မျိုးစုံပါသော အမှိုက်သရိုက်များ။

စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ပျိုးပင်ပေါင်း ၅၇၀၀၀ ကျော် အခမဲ့ဖြန့်ဝေပေးမည်

စစ်ကိုင်း မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လာမည့်မိုးဦးကာလ၌ မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင်ပေါင်း ၅၇၀၀၀ ကျော် အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနက ကျေးရွာများကို ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးနိုင်ရန် သစ်ပင်ပျိုးစေ့များကို ဝယ်ယူကာ မင်းကွန်းဒေသရှိ စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနပိုင် ပျိုးဥယျာဉ်တွင် စတင်၍စိုက်ပျိုးခဲ့ကြောင်း၊ လက်ရှိတွင် ပျိုးပင်များသည် ဖြန့်ဝေပေးနိုင်သည့် အရွယ် အနေအထားရောက်ရှိနေပြီဖြစ်သောကြောင့် လာမည့် ဇွန်၊ ဇူလိုင်လများအတွင်း ကျေးရွာများကို လိုက်လံ၍ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးညွှန့်လှိုင်က ပြောသည်။

"စစ်ကိုင်း-မင်းကွန်းမှာ ပျိုးဥယျာဉ်ရှိတယ်။ အဲဒီမှာ ကျွန်း၊ ယူကလစ်၊ သစ်မာ၊ ပျဉ်းကတိုး၊ ပိတောက် ၊ လျှော်ဖြူ၊ ခရေ၊ ဒဟတ် စတဲ့အပင်အမျိုးအစားတွေရှိတယ်။ အပင်အရေအတွက်ကတော့ ပျိုးပင် ၅၇၂၀၀ ရှိပါတယ်။ အဲဒီပျိုးပင်တွေ ကျေးရွာတွေကို အခမဲ့ကားတွေနဲ့ လိုက်လံပို့မယ်။ ကားတွေနဲ့ လိုက်လံဖြန့်ဝေတော့မယ်ဆို ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ကြိုတင်အကြောင်းကြားပြီး ဖြန့်ဝေပေးသွားမှာပါ" ဟု ၎င်းက ပြောသည်။

စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနမှ ပျိုးပင်များကို နှစ်စဉ်ကျေးရွာများအား လိုက်လံ၍ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း ကျေးရွာများအပြင် တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာများကိုပါ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနက စိုက်ပျိုးထားသော ပျိုးပင်ငယ်များကို တွေ့ရစဉ်။

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပစေရန်၊ ရာသီဥတုမျှတကောင်းမွန်လာစေရန်၊ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ဒေသခံပြည်သူများ စိတ်ပါဝင်စားမှု ရှိလာစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး ကိစ္စရပ်များတွင်ပါ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ သစ်ပင်ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း သိရသည်။

ကိုမင်း (အင်းတော်)

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၈ အတွင်းရှိ ထုံးဖိုများကြောင့် ရပ်ကွက်နေပြည်သူတို့ အခက်အခဲဖြစ်နေ

ပြင်ဦးလွင် မေ ၂၀

ပြင်ဦးလွင်မြို့နယ်အတွင်း၌ ထုံးဖုတ်လုပ်ငန်းရှင် အများအပြားရှိနေကြပြီး အချို့သည် လူသူကင်းဝေးသည့် တောတွင်းနေရာများ၌ လုပ်ကိုင်နေကြသော်လည်း အချို့သည် အများပြည်သူများ နေထိုင်လျက်ရှိနေသည့် ရပ်ကွက်များ၌ လုပ်ကိုင်လျက်ရှိနေကြသောကြောင့် ရပ်ကွက်နေပြည်သူများအတွက် ကျန်းမာရေးဒုက္ခ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

"ကျွန်တော်တို့ရပ်ကွက်အတွင်းမှာ စဉ်ဆက်မပြတ်လုပ်ကိုင်နေတဲ့ ထုံးဖိုကြီး ၁၀ ခုကျော်ရှိနေတယ်။ ဒီထုံးဖိုတွေက ဆယ့်နှစ်ရာသီလုံး နေ့ညမရွေး ထုံးဖုတ်လုပ်ငန်းတွေ ဆောင်ရွက်နေကြတာပါ။ ထုံးဖုတ်ရင် ထင်းတွေအများကြီးနဲ့ မီးအားပြင်းပြင်း ကောင်းကောင်းနဲ့ ဖုတ်ရတဲ့လုပ်ငန်းဖြစ်လို့ ရပ်ကွက်အတွင်းမှာ မီးဘေးအန္တရာယ်အလွန်စိုးရိမ်နေရပါတယ်။ အရင်တုန်းကလည်း မီးလောင်မှုတွေ ဖြစ်ခဲ့ဖူးတယ်။ ဒါ့အပြင် ထုံးဖိုကနေထွက်ရှိလာတဲ့ အမှုန်အမွှား အငွေ့အသက်တွေကြောင့် ရပ်ကွက်တွင်းမှာ နေထိုင်နေကြတဲ့ သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေရဲ့ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ပါတယ်။ နောက်တစ်ခုက ဆူညံသံတွေပါ။ အလုပ်သမားတွေရဲ့အော်သံဟစ်သံ ဆူညံသံ တွေ၊ ထုံးတင်ထုံးချ ထော်လာဂျီသံ၊ ကားကြီးသံတွေ၊ သစ်ဖြတ်သစ်ချသံတွေ ဒါတွေကလည်း တစ်နေ့လုံး တစ်ညလုံးဖြစ်နေလို့ အနှောင့်အယှက်ဖြစ်နေကြရပါတယ်" ဟု ရပ်ကွက်ကြီး ၁၈ ဒိုးကွင်နေသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထို့အပြင် ထုံးဖုတ်ရာတွင် စတင်အသုံးပြုသော လောင်စာများဖြစ်သည့် ကား၊ ဆိုင်ကယ်တာယာများနှင့် ပလတ်စတစ်စများ၏ ညှော်နံ့များ၊ ထုံးညှော်နံ့များကိုလည်း နေ့စဉ်ရှူရှိုက်နေရပြီး ကျန်းမာရေးထိခိုက်မှုများရှိနေကြောင်း သိရ သည်။

ယခုအခါ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၈ ဒိုးကွင်သည် ကျေးရွာအဆင့်မဟုတ်တော့ဘဲ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တရားဝင်အတည်ပြုထားသည့် ရပ်ကွက်တစ်ခုဖြစ်နေပြီး ရပ်ကွက်အတွင်း၌လည်း တစ်နေ့တခြား လူနေထိုင်မှု ပိုမိုများပြားလျက်ရှိနေပြီဖြစ်သောကြောင့် ရပ်ကွက်အတွင်း၌ ယနေ့တိုင်အသုံးပြုထုတ်လုပ်နေဆဲ ထုံးဖိုကြီးများအား သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဖယ်ရှားပေးရန် ရပ်ကွက်နေပြည်သူများက ဆန္ဒရှိနေကြသည်ဟု သိရသည်။

သက်နိုင်
(ပြင်ဦးလွင်)

မြောက်ဦးမြို့ပေါ်ရှိ တိုက်ပွဲရှောင်စခန်းငါးခုမှ ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

မြောက်ဦး မေ ၂၀

ရခိုင်ပြည်နယ် မြောက်ဦးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဖွင့်လှစ်ထားသော တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိခိုလှုံနေသော ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီက ယမန်နေ့က ထောက်ပံ့ပေးအပ်ခဲ့သည်။

မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က တိုက်ပွဲရှောင်စခန်းများသို့ သွားရောက်၍ ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ရွှေတောင်ဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၃၂ စုမှ လူဦးရေ ၈၆ ဦး၊ သျှစ်သောင်းဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၁၀၃ စုမှ လူဦးရေ ၃၁၈ ဦး၊ မြတန်ဆောင်း ဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၁၀၇ စုမှ လူဦးရေ ၃၇၃ ဦး၊ လက်ကောက်ဈေးဘုန်းတော်ကြီးကျောင်းရှိ အိမ်ထောင်စု ၉၆ စုမှ လူဦးရေ ၃၈၄ ဦးနှင့် ဘုရားပေါ် ဘုရားစခန်းရှိ အိမ်ထောင်စု ၈၃ စုမှ လူဦးရေ ၃၀၆ ဦးတို့အတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၃၄ သိန်းကျော်တန်ဖိုးရှိသည့် ဆန်အိတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကိုဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၅-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၇၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၄၉၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၈၇၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၅၅/၁၀၀၀ ကျပ်	၁၀၁၅/၁၀၂၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၆၅/၁၀၁၀ ကျပ်	၁၀၃၀/၁၀၄၀ ကျပ်
အောက်တိန်း ၉၂	၈၅၀/၉၁၀ ကျပ်	၉၄၅/၉၆၅ ကျပ်
အောက်တိန်း ၉၅	၉၂၀/၉၇၀ ကျပ်	၁၀၁၀/၁၀၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၄၀ ・ ၄
ဥရောပ	တစ်ယူရို	ကျပ် ၁၇၁၈ ・ ၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၉ ・ ၉
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၆၃ ・ ၄
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၀၀ ・ ၂
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၆၆ ・ ၀
တရုတ်	တစ်ယွမ်	ကျပ် ၂၂၂ ・ ၈၁
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ ・ ၁၅၀
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၈ ・ ၉၄
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၈ ・ ၈၃
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ ・ ၃၄၉

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မြန်မာ့မြေပေါ်မှ လူတူပရိုင်းမိတ်များ

မောင်သာ(ရှေးဟောင်းသုတေသန)

ပရိုင်းမိတ်(Primates) သည် ဘူမိဗေဒ၊ ရှေးဟောင်း သုတေသနနှင့် မနုဿဗေဒ အပါအဝင် ပညာရပ်နယ်ပယ်များမှ ပညာရှင်များနှင့်သုတေသီများ စိတ်ဝင်စားသည့် ကျောရိုးရှိ သတ္တဝါမျိုးစိတ်တစ်ခုမှ လူသားများအဆင့်သို့ ဆင့်ကဲပြောင်းလဲလာမှု၏ မူလဖြစ်သည်။ ထို့ကြောင့် လူသားမျိုးနွယ်များ၏ မူလအစကိုဖော်ထုတ်နိုင်ရန် ပညာရှင်များသည် လူတူပရိုင်းမိတ် ရုပ်ကြွင်းများကို ရှာဖွေလေ့လာခဲ့ကြသည်။

ပရိုင်းမိတ်သည် လက်တင်ဘာသာ (Primus) မှ ဆင်းသက်လာကာ ပထမဆုံးဟု အဓိပ္ပာယ်ရှိ၍ သတ္တလောကတွင် အသိဉာဏ်ပညာ ပထမဆုံးဖွံ့ဖြိုးတိုးတက်ခဲ့သည့် သတ္တဝါဟု ဆိုလိုသည်။ ပရိုင်းမိတ်တွင် အဆင့်နိမ့် ပရိုင်းမိတ်နှင့် အဆင့်မြင့် ပရိုင်းမိတ်ဟု ရှိရာ လူ၊ လူဝံ၊ မျောက်ဝံတို့သည် အဆင့်မြင့် ပရိုင်းမိတ်မှ ဆင်းသက်လာကြပြီး လူတူပရိုင်းမိတ်ဟုလည်း ခေါ်ဆိုသည်။ ယေဘုယျအားဖြင့် အဆင့်နိမ့် ပရိုင်းမိတ်တွင် အံသွားသုံးချောင်းရှိပြီး အဆင့်မြင့်ပရိုင်းမိတ်တွင် အံသွား နှစ်ချောင်း ပါရှိသည်။

မြန်မာနိုင်ငံ၏ တောင်စဉ်တောင်တန်းများနှင့် မြေသားထုသည် လွန်ခဲ့သည့် နှစ် သန်း ၅၀၀ မှ စ၍ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲ ဖြစ်ပေါ်လာခဲ့ပြီးနောက် မြန်မာနိုင်ငံအတွင်း လူသားများဖြစ်လာမည့် ပရိုင်းမိတ်များ နေထိုင်ခဲ့သည့် အထောက်အထားများကို တွေ့ရှိခဲ့သည်။

မျိုးစိတ်တို့၏ မူလအစ

ဤကမ္ဘာမြေပေါ်တွင် လူသားများသည် မည်သည့်အချိန်က မည်သို့ စတင်ဖြစ်ပေါ်ခဲ့သည်ကို မလေ့လာနိုင်သေးမီ ၁၈ ရာစုအထိ လူအများက လူသားများကို ဘုရားသခင်ဖန်တီးခဲ့သည်ဟူသည့် အယူအဆကို လက်ခံခဲ့ကြသည်။ သို့သော် ၁၈၅၆ ခုနှစ်တွင် ဂျာမနီနိုင်ငံ၌ နင်းဒါသယ်(Neanderthal) ခေါ် ရှေးဦးလူ အရိုးစုတစ်ခုကို တွေ့ရှိခဲ့ပြီးနောက် အာရှ၊ ဥရောပနှင့်အာဖရိကဒေသများတွင် လူသားမျိုးနွယ်၏ အရင်းမူလကို ဖော်ထုတ်နိုင်မည့် အထောက်အထားများကို ရှာဖွေခဲ့ကြသည်။ ၁၈၅၉ ခုနှစ်တွင် ဗြိတိသျှနိုင်ငံမှ သဘာဝ လောကသိပ္ပံ ပညာရှင် ချားစ်ဒါဝင်က မျိုးစိတ်တို့၏ မူလအစ(The Origin of Spieces) စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ ကမ္ဘာတစ်ဝန်း ပညာရှင်များအကြား ဝေဖန်မှုမျိုးစုံ ထွက်ပေါ်ခဲ့သည်။ လူသည် ဖန်ဆင်းခံဖြစ်သည် ဟူသော အစဉ်အလာ အယူအဆမှ ခွဲထွက်လျက် လူသည် ကျောရိုးရှိ သတ္တဝါတစ်မျိုးမှ ဆင့်ကဲပြောင်းလဲ ဖွံ့ဖြိုးလာခြင်းသာ ဖြစ်ကြောင်း အယူအဆအသစ်တစ်ရပ်ကို ဖော်ထုတ်ခဲ့သည့် ချားစ်ဒါဝင်၏ စာအုပ်ထွက်ခဲ့ချိန်က ဝေဖန်ငြင်းခုံခဲ့ကြသော်လည်း နောက်ပိုင်းတွင် လူမျိုးနွယ် ဆင့်ကဲဖြစ်စဉ်ကို အတည်ပြုနိုင်မည့် ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိခဲ့ကြသည်။

လူတူပရိုင်းမိတ် (Anthropoid Primate) အယူအဆများ

ဂရိဝေါဟာရ Anthropoid သည် Anthro (လူ)၊ poid (တူ)၊ လူတူဟု အဓိပ္ပာယ်ရှိသည်။ လူတူပရိုင်းမိတ်များသည် အခြားနို့တိုက်သတ္တဝါများထက် ဦးနှောက်အိမ် ပိုမိုကြီးမားကာ မျက်လုံးများသည် မျက်နှာရှေ့တွင်ရှိသဖြင့် ရှေ့တည့်တည့်သို့ ကြည့်မြင်နိုင်သည်။ ပြားကပ်သော ခြေသည်း လက်သည်းများပါရှိသည့် ခြေချောင်းနှင့် လက်ငါးချောင်းစီ ပါဝင်သော ခြေလက်များကို အလွယ်တကူ လှုပ်ရှားနိုင်ခြင်းနှင့် မေးရိုးသည် ရှေ့သို့ ငေါထွက်မနေဘဲ တည့်မတ်နေခြင်းတို့သည် အခြားနို့တိုက်သတ္တဝါများထက် ပိုမိုထူးခြားသည့် လူတူပရိုင်းမိတ်များ၏ လက္ခဏာများဖြစ်ကြသည်။

လွန်ခဲ့သည့် နှစ်သန်း ၅၀ က အာဖရိကတိုက်၊ ဥရောပတိုက်နှင့် အာရှတိုက်တို့တွင် လူတူပရိုင်းမိတ်များ စတင်ပေါ်ပေါက်ခဲ့သည်။ အာရှတိုက်တွင် လူတူပရိုင်းမိတ်များသည် လွန်ခဲ့သည့် နှစ်သန်း ၄၀ တွင် စတင်ပေါ်ပေါက်ခဲ့၍ ဆင့်ကဲပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ် နှစ်သန်းခွဲတွင် လူသားများအဆင့်သို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့မြေပေါ်၊ မြေအောက်တွင် တွေ့ရှိရသည့် လူတူ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများသည် ဤကမ္ဘာမြေ၌ အသက်ရှင်နေထိုင်နေကြသည့် လူသားများ၏ မူလဇာစ်မြစ်ကို လေ့လာရာတွင် အဓိက ကဏ္ဍမှ ပါဝင်နေပေသည်။



ပုံတောင်ဒေသမှ တွေ့ရှိရသော လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ

လူတူ ပရိုင်းမိတ် (Anthropoid Primates) များသည် ကမ္ဘာသစ်နှင့် ကမ္ဘာဟောင်းတွင်စတင်ဖြစ်ပေါ်ခဲ့သည်ဟု ယူဆခဲ့ကြရာ ကမ္ဘာသစ်သည် တောင်နှင့်မြောက် အမေရိကတိုက်ဖြစ်၍ ကမ္ဘာဟောင်းသည် အာရှ၊ ဥရောပနှင့် အာဖရိကတိုက်ဖြစ်သည်။ လူ၊ လူဝံ၊ မျောက်၊ မျောက်ဝံများသည် ကမ္ဘာဟောင်းတွင် စတင်ဖြစ်ပေါ်ခဲ့၍ နို့တိုက်သတ္တဝါများ၏ မျိုးနွယ်စုဟု ယူဆကြသည့် ပီလိုင်ကိုစော တွားသွားသတ္တဝါငယ်များသည် လွန်ခဲ့သော နှစ်သန်း ၂၀၀ ဝန်းကျင်မှ စ၍ ကမ္ဘာမြေပြင်ပေါ်တွင် တည်ရှိခဲ့ကြသည်။ ယင်းတို့သည် အဆင့်ဆင့် ပြောင်းလဲခဲ့ပြီး ကမ္ဘာသစ်မျောက်နှင့် ကမ္ဘာဟောင်းမျောက်ဟူ၍ နှစ်မျိုး ကွဲပြားခဲ့သည်။ ကမ္ဘာဟောင်း မျောက်များသည် လူသားမျိုးနွယ်နှင့် တိုက်ရိုက်ဆက်စပ်နေသည်ဟု ပညာရှင်များက ယူဆကြပြီး ယင်းတို့သည် လွန်ခဲ့သော နှစ် သန်း ၃၀ မှ နှစ် ငါးသိန်းအတွင်း ကနဦး လူသား Homo Sapien များ အဆင့်သို့ တိုးတက်ပြောင်းလဲခဲ့သည်။

လူသား၏ မူလဇာစ်မြစ်ကို လေ့လာမှုတွင် လူနှင့် မျောက်အကြား ကွင်းဆက်ပြတ်နေသည့် ကွဲပြားခြားနားမှု (Missing Link) ကို ၁၉၇၄ ခုနှစ်တွင် တွေ့ရှိခဲ့သည်။ မနုဿဗေဒ ပညာရှင် ဒေါ်နယ်ဂျိုဟန်ဆင်သည် အီသီယိုးပီးယားနိုင်ငံတွင် ၆၀ ရာခိုင်နှုန်းပျက်စီးနေသည့် ထူးခြားသော ပရိုင်းမိတ် အရိုးစုတစ်ခုကို တွေ့ရှိခဲ့ရာ ယင်း ရုပ်ကြွင်းသည် အရုပ်သုံးပေခွဲသာ မြင့်သော်လည်း ဒူးဆစ်များ၏ ဖွဲ့စည်းပုံ အနေအထားအရ လူ၏ သွင်ပြင် လက္ခဏာအတိုင်း မတ်မတ် လမ်းလျှောက်ခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ဒေါ်နယ်ဂျိုဟန်ဆင်က ယင်း ပရိုင်းမိတ်ရုပ်ကြွင်းကို လူစီဟု အမည်ပေးခဲ့သည်။

လူစီသည် လူတစ်ယောက်ထက် မျောက်တစ်ကောင်နှင့် ပိုတူနေပြီး လူစီ ရုပ်ကြွင်း၏သက်တမ်းသည် လွန်ခဲ့သော နှစ် ၃ ဒသမ ၉ သန်းဖြစ်သည်။ နောက်ပိုင်းတွင် အရိုးစုများ၊ ဦးခေါင်းခွံများကို အပြည့်အစုံ တွေ့ရှိခဲ့ကြသဖြင့် လူစီသည် လူနှင့် မျောက်အကြား ပျောက်ဆုံးနေသည့် ကွင်းဆက်ဟု ယူဆခဲ့ကြသည်။

အမေရိကန် သဘာဝသမိုင်းပြတိုက်မှ အော်လ်ဆင် (Olson) သည် ၁၉၀၆ ခုနှစ်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့အနီး ဆာဟာရ သဲကန္တာရအစပ်ရှိ ဖာယွန်မှ ပရိုင်းမိတ် မေးရိုး တစ်ခုကို ရရှိခဲ့ကာ Aegyptopithecus Zeuxis ဟုအမည်ပေးခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း ယေးလ်တက္ကသိုလ်မှ အယ်ဝင်ဆိုင်မွန် (Elwyn Simons) ဦးဆောင်သည့် အဖွဲ့က ယင်း ရုပ်ကြွင်းနှင့် မျိုးတူ ဦးခေါင်းခွံ၊ အရိုးများနှင့် မေးရိုးများကို ထပ်မံတွေ့ရှိခဲ့သည်။ ထိုရုပ်ကြွင်းသည် လူနှင့်မျောက်တို့ စတင်ဖြစ်ပေါ်ခဲ့သော အစောဆုံး ပရိုင်းမိတ်မျိုးနွယ်ဖြစ်ပြီး သက်တမ်းနှစ်သန်း ၃၀ ဖြစ်သည်။

ပညာရှင်များက ပရိုင်းမိတ်ရုပ်ကြွင်း အဆင့်ဆင့်ကို တွေ့ရှိခဲ့သည့် အာဖရိကတိုက်ကို ကမ္ဘာပေါ်တွင် လူသားများစတင်ဖြစ်တည်ရာဒေသအဖြစ် ယူဆခဲ့ကာ လူမျိုးနွယ်၏ ပုခက်နေရာဟု တင်စားခဲ့ကြသည်။ လူနှင့် မျောက်ဖြစ်လာမည့် ကျောရိုးရှိ အဆင့်မြင့် ပရိုင်းမိတ်များသည် ဆင့်ကဲပြောင်းလဲခဲ့ပြီး အာဖရိကမှ ကမ္ဘာ့နေရာအနှံ့သို့ ရောက်ရှိပျံ့နှံ့ခဲ့သည်ဟူသည့် အယူအဆ (Out of Africa Theory) တစ်ရပ် ထွက်ပေါ်လာခဲ့သည်။ သို့သော်လည်း ၁၉၉၄ ခုနှစ်က Nature မဂ္ဂဇင်း၌ တရုတ်နိုင်ငံတွင် တွေ့ရှိခဲ့သည့် သက်တမ်း နှစ် နှစ်သိန်းငါးသောင်းရှိသည့် ခေတ်လူ ဦးခေါင်းခွံသည် ခေတ်ပြိုင်အာရှသားများနှင့် ပုံသွင် တူညီနေကြောင်း ဖော်ပြချက်က ယင်းအယူအဆကို ပြောင်းလဲရန် အစပျိုးခဲ့သည်။ Science ဂျာနယ်တွင်လည်း အမေရိကန်နှင့်အင်ဒိုနီးရှား ပညာရှင်များက ဂျာဗားကျွန်းတွင် တွေ့ရှိခဲ့သည့် ခေါင်းခွံရုပ်ကြွင်းများ၏ သက်တမ်းသည် မူလသတ်မှတ်ထားသည့် နှစ် တစ်သန်း မဟုတ်ဘဲ နှစ် နှစ်သန်းဖြစ်ကြောင်း ထုတ်ဖော်နိုင်ခဲ့ကြသည်။

အထောက်အထားအသစ်များတွေ့ရှိခဲ့ခြင်းနှင့်အတူ ပညာရှင်များအကြား ငြင်းခုံမှုများဖြစ်ပွားခဲ့ကာ အာဖရိက သီအိုရီကို စိန်ခေါ်မှုများ ပေါ်ပေါက်လာခဲ့သည်။ လူသားများသည် အာဖရိကမှ စတင်ပျံ့နှံ့ခြင်းမဟုတ်ဘဲ ကမ္ဘာ့နေရာအနှံ့တွင် တစ်ပြိုင်တည်း ဖြစ်ပေါ်နိုင်ခဲ့ကြောင်း အယူအဆများ ထွက်ပေါ် ခဲ့သည်။

မြန်မာ့မြေမှ ပရိုင်းမိတ်များ

မြန်မာနိုင်ငံ၏ ပထမဆုံး လူတူပရိုင်းမိတ်ရုပ်ကြွင်းကို ၁၉၁၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘူမိဗေဒ တိုင်းတာရေးဌာနမှ ဘူမိဗေဒပညာရှင် ဒေါက်တာ ကော့တာ (G.de.P.Cotter) က မကွေးတိုင်းဒေသကြီး ပုံတောင်ဒေသ မြိုင်မြို့နယ် ဖန်းကန်ရွာအနီး ကျစ်ချောင်မှ တွေ့ရှိခဲ့သည်။ (ရွှံ့စေးပြင်ကျယ်နေရာ (Clay Gully) ကို ကျစ်ချောင်ဟု ခေါ်ဆိုသည်။)

အဆိုပါ လူတူပရိုင်းမိတ်ရုပ်ကြွင်းသည် ညာဘက် အောက်မေးရိုး အပိုင်းအစနှင့် အံသွားနှစ်ချောင်းစီပါဝင်သော ဘယ်ဘက် အောက်နှင့် အထက် မေးရိုးအပိုင်းအစတို့ဖြစ်သည်။ ယင်းတို့ကို အင်္ဂလိပ် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် GE Pligrimက ပုံတောင်ဂျီးယားကော်တာရိုင်း(Pondaungia cotteri)ဟု အမည်ပေးခဲ့သည်။ ၁၉၂၃ခုနှစ်တွင် အမေရိကန် သဘာဝသမိုင်းပြတိုက်မှ ဘူမိဗေဒပညာရှင် ဒေါက်တာ ဘာနမ်ဘရောင်း (Barnum Brown) သည် မုံရွာခရိုင် ပုလဲမြို့နယ် မိုးကောင်းရွာအနီးမှ ပရိုင်းမိတ်ရုပ်ကြွင်း အောက်မေးရိုး အပိုင်းအစတစ်ခုကို ထပ်မံတွေ့ရှိခဲ့သည်။ သို့သော် ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း အီဂျစ်နိုင်ငံတွင် သက်တမ်း နှစ် သန်း ၃၀ ရှိသည့် ရုပ်ကြွင်းကို တွေ့ရှိခဲ့သဖြင့် မြန်မာ့ပရိုင်းမိတ်များသည် ထင်ရှားခြင်း မရှိခဲ့ချေ။

၁၉၇၈ ခုနှစ် ဧပြီလတွင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဦးဘမော်နှင့် ကျောင်းသူကျောင်းသားများသည် စစ်ကိုင်းတိုင်းဒေသကြီး ပုံတောင်ဒေသ မိုးကောင်းကျေးရွာအနီးမှ ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းနှစ်ခု ဖြစ်သည့် ပုံတောင်ဂျီးယားရုပ်ကြွင်း အံသွားနှင့် မိုးကောင်းဂျင်းနစ်ရုပ်ကြွင်း အံသွားတို့ကို တွေ့ရှိခဲ့သည်။ ထိုနှစ် စက်တင်ဘာလတွင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဦးသော်တင့်ကလည်း ပုံတောင်ဂျီးယား မေးရိုးအပိုင်း နှစ်ခုကို တွေ့ရှိခဲ့သည်။

ဦးဘမော်နှင့် ဦးသော်တင့်တို့ တွေ့ရှိခဲ့သည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း လေးခုကို ၁၉၉၇ ခုနှစ်တွင် အမျိုးသားပြတိုက် (ရန်ကုန်)သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ကျောက်ဖြစ်ရုပ်ကြွင်းများကို ပိုမိုပြည့်ပြည့်စုံစုံရရှိနိုင်စေရန် နိုင်ငံတော်အစိုးရက ပုံတောင် ပရိုင်းမိတ် ရှာဖွေလေ့လာရေး အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့က ကျောက်ဖြစ်ရုပ်ကြွင်းလေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မြိုင်မြို့နယ် ဗဟင်းကျေးရွာအနီး ယာရှည် ကျစ်ချောင်မှ သွားတန်းအပြည့်နီးပါးပါရှိသော အောက်မေးရိုးတစ်စုံကို ၁၉၉၈ ခုနှစ်တွင် တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့သော ပရိုင်းမိတ်ရုပ်ကြွင်းများနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင်ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များ၊ ဘူမိဗေဒ ပညာရှင်များနှင့် မနုဿဗေဒ ပညာရှင်များက ယင်း ရုပ်ကြွင်းများသည် လူတူပရိုင်းမိတ်များဖြစ်ကြောင်း လက်ခံခဲ့ကြသည်။

ဆက်လက်၍ ပုံတောင်ပရိုင်းမိတ် ရှာဖွေလေ့လာရေး အဖွဲ့သည် နိုင်ငံတကာ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များအား ဖိတ်ခေါ်၍ အဆင့်မြင့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း သုတေသန လုပ်ငန်းများကို ပြုလုပ်ခဲ့သည်။ မြန်မာ အမေရိကန်၊ မြန်မာ ဂျပန်၊ မြန်မာ ပြင်သစ် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း လေ့လာရေးအဖွဲ့များသည် ကွင်းဆင်းသုတေသန လုပ်ငန်းများကို ၁၉၉၈ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့သည်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ထိုစဉ်က ယဉ်ကျေးမှု ဝန်ကြီးဌာန)သည် ၂၀၀၄ ခုနှစ်တွင် ပုံတောင်ပရိုင်းမိတ် ရှာဖွေလေ့လာရေးလုပ်ငန်းကို စစ်မဟာဗျူဟာ လေ့လာရေးဌာနထံမှ လွှဲပြောင်းရယူကာ ၂၀၀၅ ခုနှစ်မှ ယနေ့တိုင် ဆောင်ရွက်လျက်ရှိနေသည်။

ပုံတောင်ပရိုင်းမိတ်

ပညာရှင်များသည် မြန်မာနိုင်ငံ ပုံတောင်ဒေသမှ တွေ့ရှိခဲ့သည့် လူတူပရိုင်းမိတ်ရုပ်ကြွင်းများကို ပုံတောင်ဂျီးယားမျိုးစု (Pondaungia)၊ အမ်ဖီပီသီးကပ် မျိုးစု(Amphiptithecus)၊ဗဟင်းနီးယား မျိုးစု(Bahinia)နှင့် မြန်မာ ပီသီးကပ် မျိုးစု (Myanmar Pithecus) ဟု ခွဲခြားသတ်မှတ်ခဲ့သည်။

ပုံတောင်ဂျီးယားပရိုင်းမိတ်များကို ၁၉၁၄ ခုနှစ်၊ ၁၉၇၈ နှစ်နှင့် ၁၉၉၇ ခုနှစ်တို့တွင်လည်းကောင်း၊ အမ်ဖီပီသီးကပ် ပရိုင်းမိတ်များကို ၁၉၂၃ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်တို့တွင်လည်းကောင်း၊ ဗဟင်းနီးယားပရိုင်းမိတ်နှင့် မြန်မာပီသီးကပ် ပရိုင်းမိတ်များကို ၁၉၉၈ ခုနှစ်တွင်လည်းကောင်း တွေ့ရှိခဲ့သည်။ ဘူမိဗေဒပညာရှင်များက ယင်းပုံတောင်ပရိုင်းမိတ်ရုပ်ကြွင်းများ၏ သက်တမ်းသည် နှစ် သန်း ၄၀ ဖြစ်ကြောင်း ယူဆခဲ့ကြသည်။

ပုံတောင်ပရိုင်းမိတ်တွေ့ရှိမှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ကြစေရန် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်တွင် အမျိုးသားပြတိုက်(ရန်ကုန်)၌ မြန်မာနိုင်ငံ ပုံတောင်ကျောက်လွှာစုနှင့် ရောဝတီကျောက်လွှာစုတို့ရှိ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ပတ်သက်၍ သုတေသနပြုလေ့လာတွေ့ရှိချက်များအကြောင်း ပြည်တွင်းပြည်ပ ပညာရှင်များ၏ ဟောပြောပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

ပုံတောင်မှ တွေ့ရှိခဲ့ရသည့် ပရိုင်းမိတ်ရုပ်ကြွင်းများသည် အီယိုဆင်းသက်တမ်းကာလ မြေလွှာတွင် တွေ့ရှိခဲ့ရသဖြင့် သက်တမ်း နှစ် သန်း ၄၀ ရှိကြောင်း စစ်ဆေး အတည်ပြုခဲ့သည်။

စာမျက်နှာ ၂၃ သို့

“၁၉၇၉ ခုနှစ် မတ်လ ၂၁ ရက်ထုတ် တိုင်းမ် မဂ္ဂဇင်းတွင် လွန်ခဲ့သော နှစ်သန်း ၄၀ မှ အဆင့်မြင့် ပရိုင်းမိတ် ရုပ်ကြွင်းများကို မြန်မာနိုင်ငံတွင် တွေ့ရှိဟူသည့် သတင်းကို ဖော်ပြခဲ့သဖြင့် လူသား၏ ဇာစ်မြစ်မူလသည် အာဖရိကဟု ယူဆထားကြရာမှ မြန်မာနိုင်ငံ ဖြစ်လာခဲ့သည်။ ထို့အတူပင် ၁၉၇၉ ခုနှစ် မေလ ၈ ရက်နေ့ထုတ် The Boston Globe သတင်းစာက ‘လူသားများ၏ ဇာတိနေရာ အာရှမှာတွေ့ပြီ’ ဟု ခေါင်းစည်းတပ်ထားသည့် ဆောင်းပါးကိုဖော်ပြခဲ့သည်။ အေးရှားဝိခ် မဂ္ဂဇင်းက ‘မြန်မာ့မေးရိုးများက လာရာလမ်းကို ညွှန်ပြနေပြီ ဟုလည်းကောင်း၊ တိုင်းမ်မဂ္ဂဇင်းက ၁၉၇၉ ခုနှစ် ဩဂုတ်လ ၅ ရက်တွင် ‘မြန်မာ့အရိုးများက အာဖရိကဇာစ်မြစ်ကို စိန်ခေါ်လိုက်ပြီ’ ဟုလည်းကောင်း ဖော်ပြခဲ့ကြသည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလထုတ် Nature မဂ္ဂဇင်းက ကမ္ဘာပေါ်တွင် တွေ့ရှိပြီးသမျှ အဆင့်မြင့် ပရိုင်းမိတ်ရုပ်ကြွင်းများအနက် မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့် ပရိုင်းမိတ်ရုပ်ကြွင်းများသည် အစောဆုံးဖြစ်ကြောင်း အတည်ပြုခဲ့သည်”

ရွှေ့ပြောင်းအလုပ်သမား အရင်းအမြစ်စင်တာ တာချီလိတ်၌ ဖွင့်လှစ်

တာချီလိတ် မေ ၂၀

ရွှေ့ပြောင်းအလုပ်သမား အရင်းအမြစ်စင်တာ MRC ကို တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်လုံရပ်တွင် မေ ၂၀ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

"ရွှေ့ပြောင်းအလုပ်သမားတွေ ကြုံတွေ့ရနိုင်ဖွယ်ရှိတဲ့ အန္တရာယ်တွေကို ကျော်လွှားပြီး ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဖြစ်စဉ်မှာ လူတိုင်းအတွက် ဘေးအန္တရာယ်ကင်းစေဖို့ ရွှေ့ပြောင်းအလုပ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးနိုင်ဖို့နဲ့ နည်းအမျိုးမျိုးနဲ့ ခေါင်းပုံဖြတ်ခံနေရမှုတွေကို တားဆီးကာကွယ်နိုင်ဖို့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း IOM ကို ၁၄၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၂ ခုနှစ်မှာ ဝင်ရောက်ခဲ့ပါတယ်။ ရွှေ့ပြောင်းလုပ်သားတွေ ထောက်ပံ့ကူညီရေးဟိုဌာန (Migrant Workers Resource Center-MRC) ကို ၁၉၈၀ ပြည့်နှစ်က စတင်၍ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ ဖွင့်လှစ်ခဲ့ပြီး အခုဆိုရင်တော့ နိုင်ငံအတော်များများမှာ ဖွင့်လှစ်ခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန DOL ဟာ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း IOM၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO တို့နဲ့ ပူးပေါင်းကာ ၂၀၁၄ ခုနှစ်က စတင်ပြီး မြန်မာနိုင်ငံအတွင်း ရွှေ့ပြောင်းအလုပ်သမား အရင်းအမြစ်စင်တာ MRC ပေါင်း ၁၅ ခုကို ရွှေ့ပြောင်းသွားလာမှု အများဆုံးနေရာတွေမှာ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာ တောင်ကြီး၊ ကျိုင်းတုံနဲ့ ဒီကနေ့ဖွင့်လှစ်တဲ့ တာချီလိတ်အပါအဝင် သုံးနေရာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကာ အလုပ်သမားအခွင့်အရေးဆိုင်ရာများကို အစွမ်းကုန်ကူညီဆောင်ရွက် ပေးလျက်ရှိပါတယ်" ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဟန်ဝင်းအောင်က အလုပ်သမား အခွင့်အရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ပြောပြသည်။

ရွှေ့ပြောင်းအလုပ်သမား အရင်းအမြစ်စင်တာ ဖွင့်ပွဲကျင်းပစဉ်။

"ရွှေ့ပြောင်းအလုပ်သမားတွေ ကြုံတွေ့ရနိုင်တဲ့ အခက်အခဲတွေကို ကူညီဆောင်ရွက်ပေးနိုင်ဖို့အတွက် တာချီလိတ်ဒေသမှာ ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ MRC ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ လုပ်သားရေးရာအဖွဲ့ ILO၊ Mawk Kon ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်းပြီး ဩစတြေးလျနိုင်ငံအခြေစိုက် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ LIFT ရဲ့ အထောက်အပံ့နဲ့ ဖွင့်လှစ်တာဖြစ်ပါတယ်။ MRC စင်တာတွေမှာ အလုပ်သမားအခွင့်အရေးဆိုင်ရာကိစ္စတွေကို ပညာပေးဆွေးနွေးတာ၊ အခြားနိုင်ငံများကို တရားဝင်နည်းလမ်းနဲ့ သွားရောက်လုပ်ကိုင်နိုင်ဖို့ ပညာပေးဆွေးနွေးတာ၊ အလုပ်အကိုင်ရရှိဖို့ နည်းလမ်းတွေနဲ့ ကုန်ကျစရိတ်တွေကို တွက်ချက်ပေးတာကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်သလို လိမ်လည်ခံရတာတွေ၊ အမြတ်ထုတ်ခံရတာတွေကိုလည်း တိုင်ကြားနိုင်ပါတယ်။ ဒါ့အပြင် ပြည်ပမထွက်ခွာမီ ကြိုတင်ပြင်ဆင်မှုသင်တန်းတွေ၊ မိသားစု ဖွံ့ဖြိုးရေးအစီအစဉ်တွေနဲ့ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းတွေနဲ့လည်း ပံ့ပိုးကူညီခြင်းတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO မှ Chief Technical Advisor Ms. Jacqueline Pollock က ရှင်းလင်းပြောပြခဲ့သည်။

ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ အကူအညီတောင်းခံလိုသူများနှင့် အသိပညာဆည်းပူး လေ့လာလိုသူများသည် တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်လုံရပ်ရှိ ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်စင်တာ MRC သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း ၀၉-၂၅၆၃၄၅၃၂၆ သို့ ဆက်သွယ်၍လည်းကောင်း အကူအညီများ တောင်းခံနိုင်ကြောင်း သိရသည်။

မောင်ယဉ်ကျေး

စည်ပင်သာယာရေးဆိုင်ရာအခွန်၊ အခ၊ အကောက်များဥပဒေနှင့် စပ်လျဉ်း၍ ပြည်သူ့အသံကြားနာပွဲ သထုံတွင်ပြုလုပ်

သထုံ မေ ၂၀

မွန်ပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီနှင့် ငြိမ်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့် စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခ၊ အကောက်များ ဥပဒေတို့ကို အကောင်အထည်ဖော်နေမှုနှင့် ပတ်သက်၍ ပြည်သူ့အသံကြားနာပွဲကို ယနေ့နံနက်က သထုံမြို့အောက်ကျင်းရပ်ကွက်ရှိ သုဝဏ္ဏခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လှဲ့က ပြည်သူ့အသံကြားနာပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် ပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့် စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခ၊ အကောက်များ ဥပဒေပါအချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများအား ဥပဒေပြုရေးရာ ကော်မတီ အဖွဲ့ဝင်များ၊ ငြိမ်းဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူတို့နှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

စည်ပင်သာယာရေးဆိုင်ရာ အခွန်၊အခ၊အကောက်များဥပဒေနှင့် စပ်လျဉ်းသော ဆောင်ရွက်မှုများ ဆွေးနွေးပွဲ ကျင်းပစဉ်။

ယင်းနောက် ပြည်သူ့အသံကြားနာပွဲကိုကျင်းပရာ တက်ရောက်လာသည့် ပြည်သူများက သထုံမြို့နယ်အတွင်း အမှိုက်စွန့်ပစ်မှု၊ ရေဆိုးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်မှုနှင့် အခြားမြို့ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ သိလိုသည်များကို ကဏ္ဍအလိုက် ဆွေးနွေးမေးမြန်းကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး တက်ရောက်လာသူတို့က သထုံမြို့နယ်၌ စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းသင့် မသင့်နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သထုံမြို့မဈေးနှင့် သုဝဏ္ဏဈေးတို့မှ ဈေးဆိုင်ခန်းပိုင်ရှင်များ၊ လိုင်စင်စီလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များ၊ လမ်းဘေးဈေးသည်များနှင့် စိတ်ပါဝင်စားသည့်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

မန်းတွင် ကျင်းပမည့် ပွဲများ

မန္တလေးမြို့တွင် UNDP မှ ကဏ္ဍပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းရေးဆွေးနွေးမည်

UNDP မှ ကဏ္ဍပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းရေးဆွေးနွေးပွဲကို မန္တလေးမြို့မဟာအောင်မြေမြို့နယ် ၇၈လမ်းရှိ ဟိုတယ်မန္တလေးတွင် မေ ၂၂ ရက် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

FAMILY & KIDS EXPO 2019 ပြပွဲ ကျင်းပမည်

FAMILY & KIDS EXPO 2019 ပြပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်းနှင့် ၇၀ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် မေ ၂၄ ရက်မှ ၂၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

"Shaping the future of youth" ဟောပြောမည်

"Shaping the future of youth" အခမဲ့ဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေး သာစံမြို့နယ် လမ်း၃၀နှင့် ၇၈လမ်းထောင့် ဘုတာကြီးအပေါ်ထပ်ရှိ Hotel Mavel တွင် မေ ၂၆ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသင်္ချာပြိုင်ပွဲများ၏ ဂုဏ်ပြုဆုပေးပွဲအခမ်းအနား ကျင်းပမည်

T&H Maths Centre မှ ကြီးမှူးကျင်းပသော AMO, MATH KANGAROO နှင့် SASMO နိုင်ငံတကာသင်္ချာပြိုင်ပွဲများ၏ ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း၃၀နှင့် ၇၈ လမ်းထောင့် ဘုတာကြီးအပေါ်ထပ်ရှိ Hotel Mavel တွင် မေ ၂၆ ရက် မွန်းလွဲ ၂ နာရီ မှ ညနေ ၃ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးပွဲတော် ကျင်းပမည်

ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းပေါ်ရှိ Mandalay Convention Centre တွင် မေ ၃၁ ရက်မှ ဇွန် ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စာအုပ် ဈေးပွဲတော်တွင် စာအုပ်များအား ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းများ လျှော့ချရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အမရပူရမြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကျင်းပမည်

အမရပူရမြို့နယ်အတွင်းရှိ ဌာနပေါင်းစုံ၊ အဖွဲ့အစည်းအသီးသီးနှင့် မြို့သူမြို့သားများ စုပေါင်း၍ ဒုတိယအကြိမ်မြောက် အမရပူရမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ကမ္ဘာကျော် ဦးပိန်တံတားအနီးတွင် ဇွန် ၁ ရက် ညနေ ၃ နာရီတွင် ပင့်သံဃာတော်အပါး ၁၅၀၀ တို့ကို ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်သွားမည်ဖြစ်သည်။

မန္တလေးနည်းပညာတက္ကသိုလ်တွင် စာတမ်းဖတ်ပွဲကျင်းပမည်

(၁၂)ကြိမ်မြောက်သိပ္ပံနှင့် နည်းပညာဆိုင်ရာစာတမ်းဖတ်ပွဲကို မန္တလေးနည်းပညာတက္ကသိုလ်၌ ဇွန် ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

စတုတ္ထအကြိမ် နိုင်ငံတကာမွေးမြူရေးနှင့်စိုက်ပျိုးရေးပြပွဲနှင့် တတိယအကြိမ် မန္တလေးနိုင်ငံတကာစက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းပြပွဲများ ကျင်းပမည်

စတုတ္ထအကြိမ် နိုင်ငံတကာ မွေးမြူရေးနှင့်စိုက်ပျိုးရေးပြပွဲ နှင့် တတိယအကြိမ် မန္တလေးနိုင်ငံတကာ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းပြပွဲများကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းပေါ်ရှိ Mandalay Convention Centre တွင် ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီ မှ ညနေ ၆ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း (မြန်/ဆက်) စုစည်းတင်ပြသည်။

ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်အဆောက်အအုံ အုတ်မြစ်ချ

ကျိုက်မရော မေ ၂၀

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းအုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်က အဆိုပါအဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းဇော်တို့က သတ်မှတ်နေရာများတွင် မင်္ဂလာအချိန်ကျရောက်သည်နှင့် အုတ်မြစ်များကို တစ်ပြိုင်တည်းချပေးခဲ့ကြသည်။

တင်ဒါအောင်မြင်ထားသည့် ကြယ်မြင့်မိုရ် ကုမ္ပဏီမှ တာဝန်ရှိသူများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

မြို့နယ် (မြန်/ဆက်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်း-မက်မန်း တောင်ပေါ်ကားလမ်း ရာသီမရွေးသွားလာနိုင်

ရန်ကုန် မေ ၂၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မှ မိုင်းပျဉ်း-မက်မန်းတောင်ပေါ်ကားလမ်းသည် ၇၅ ဒသမ ၄၃၃ ကီလိုမီတာရှိပြီး ခရိုင်နှင့်မြို့နယ်ကျေးရွာများအား ဆက်သွယ်နိုင်ရန် ဖောက်လုပ်ထားသော ပြည်နယ်အစိုးရက စီမံခန့်ခွဲသည့်လမ်း ဖြစ်သည်။

မိုင်းပျဉ်း - မက်မန်းလမ်းသည် မိုင်းပျဉ်းမြို့ ၀/၀ မိုင်မှ စတင်၍ မက်မန်းမြို့အထိ ၇၃/၀ မိုင်အရှည်ရှိသည့် လမ်းအခြေအနေမှာ မိုင် ၀/၀ မှ ၀/၃ အထိ ကတ္တရာလမ်း ၀/၃ မိုင်နှင့် ကျန် ၇၂/၅ မိုင်မှာ မြေသားလမ်းဖြစ်သည်။ တပ်မတော်စစ်အင်ဂျင်နီယာတပ်ရင်းမှ ဖောက်လုပ်ခဲ့သော နွေရာသီသာ သွားလာနိုင်သည့်လမ်းဖြစ်ပြီး ၁၉၈၈-၁၉၈၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အထိ အမှတ် (၉၁၃) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ပြုပြင်ထိန်းသိမ်းလျက်ရှိသော လမ်းဖြစ်သည်။

အင်ဂျင်နီယာမှူးကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်၊ အင်ဂျင်နီယာ၊ တောင်ကြီးမြို့၏ ၂-၄-၁၉၉၆ ရက်စွဲပါ စာချုပ်(လမ်း)၊ ရန်ကုန်မြို့၏ ၃၁-၇-၁၉၉၅ ရက်စွဲပါစာအား ရည်ညွှန်းလျက် မိုင်းပျဉ်း-ဝမ်းတာခက်လမ်းပိုင်း ၂၄ မိုင်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့ကြောင့် ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၏ ၁၂-၈-၁၉၉၆ ရက်စွဲပါအမိန့် ကြေညာစာအရ မိုင်းပျဉ်း-ဝမ်းတာခက်လမ်းပိုင်း ၂၄ မိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်ဇယား "က" လမ်းမကြီးအဖြစ် သိမ်းသွင်းခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်နှင့် မက်မန်းမြို့နယ်သို့ဆက်သွယ်သည့် မိုင်းပျဉ်း-မက်မန်းလမ်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လွှဲပြောင်းတာဝန်ယူရေးအတွက် ၁၂-၃-၂၀၀၉ နေ့တွင် ပြုလုပ်သည့် လေးလပတ် အစည်းအဝေး ညွှန်ကြားမှုပြုခဲ့သည်။

သို့ဖြစ်၍ မိုင်းပျဉ်း-မက်မန်းလမ်း၏ သိမ်းသွင်းရန်ကျန်ရှိသည့်အပိုင်းဖြစ်သော မိုင် ၂၄/၀ မှ ၇၃/၀ အထိ ၄၉/၀ မိုင်ရှိ ဝမ်းတာခက်-မက်မန်းလမ်းအပိုင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်ဇယား "က" လမ်းအဖြစ် တစ်ဆက်တည်းသိမ်းသွင်းနိုင်ရေးအတွက် ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၅-၆-၂၀၀၉ ရက်စွဲပါစာအမှတ်လမ်း (ကဂဏ)/ ၂၀၀၉-၂၀၁၀/ လမ်းလွှဲပြောင်း ၁၄၆ ဖြင့် ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အဆိုပြုတင်သွင်းခဲ့သည်။

ယင်းနောက် တပ်ရင်းမှူး အမှတ်(၉၁၃)၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၏ ၁၇-၇-၂၀၀၉ ရက်စွဲပါစာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်၏ (၅-၆-၂၀၀၉) ရက်စွဲပါစာအား ရည်ညွှန်းလျက် တပ်ရင်းမှူး၊ အမှတ်(၉၁၃)၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၊ ကျိုင်းတုံမြို့နှင့် ခရိုင်အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့နယ်တို့သည် မိုင်းပျဉ်း-မက်မန်းလမ်းမိုင် ၀/၀-၇၃/၀ မိုင်အထိ စုစုပေါင်း ၇၃/၀ မိုင်အား လုပ်ငန်းလွှဲပြောင်းလက်ခံထားရှိခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန (အုပ်ချုပ်မှု) ၏ ၂၄-၁၀-၂၀၁၃ ရက်စွဲပါစာအရ မက်မန်းခရိုင်အဖြစ်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယခုအခါ မိုင် (၀/၀ မှ ၂၀/၇ အထိ ၂၀/၇ မိုင်) (၃၃ ဒသမ ၆ ကီလိုမီတာ) အား မက်မန်းခရိုင်၊ လမ်းဦးစီးဌာနမှလည်းကောင်း ၂၀၁၁-ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ် ခြောက်လဘဏ္ဍာနှစ်အထိရရှိခဲ့သည့် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရခွင့်ပြုငွေကျပ် ၁၀၈၉၈ ဒသမ ၂၂၆ သန်းသုံးစွဲ၍ ပြင်ဆင်ထိန်းသိမ်းခြင်း၊ တိုးတက်ပြုပြင်ခြင်းလုပ်ငန်းတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ခရမ်းစိုးမြင့်

ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံတွင် မျက်စိဝေဒနာရှင်များအား စတင်ခွဲစိတ်ကုသပေး

ကျွန်းလှ မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံတွင် မျက်စိဝေဒနာရှင်များကို ယမန်နေ့က စတင်ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့ သီတဂူဆေးရုံ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မိမိခင်နှင့်အဖွဲ့က မေ ၁၈ ရက်မှ ၁၉ ရက်အထိ မျက်စိဝေဒနာရှင် ၄၂၃ ဦးကို စမ်းသပ်ပေးပြီး အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးခဲ့ရာ ကျွန်းလှ၊ ကန့်ဘလူ၊ ကောလင်း၊ တန့်ဆည်၊ ပင်လည်ဘူး၊ ဝက်လက်၊ ဖောင်းပြင်မြို့နယ်များမှ မျက်စိဝေဒနာရှင်များ လာရောက်ကုသကြသည်။

အဆိုပါ မျက်စိဝေဒနာရှင်များ ကုသရေးအဆင်ပြေစေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့အကျိုးဆောင်အဖွဲ့၊ နိုင်ငံရေးပါတီများ၊ မြို့နယ်ကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ကူညီဆောင်ရွက်ပေးပြီး မြတ်သုခလူမှုကူညီရေးအသင်းက ထမင်းထုပ်နှင့် ရေသန့်ဘူးများပေးဝေကြကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

မျက်စိဝေဒနာရှင်များကို ကျွန်းလှမြို့သီတဂူစက္ခုဒါန ဆေးရုံ၌ စမ်းသပ်ကုသပေးနေစဉ်။

ဇေယျာသီရိမြို့နယ်၌ ဘက်စုံပိုးမွှားကာကွယ်နည်းစနစ်နှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းသင်တန်းဖွင့်

နေပြည်တော် မေ ၂၀

နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အောင်ဇေယျ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဘက်စုံပိုးမွှားကာကွယ်နည်းနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်း သင်တန်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ သင်တန်းတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မြမြလွင်က တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းစနစ်များကို လိုက်နာကြရန် အရေးကြီးကြောင်း၊ ပိုးမွှားကြိုတင်ကာကွယ်ရန်အတွက် ကုန်ကျစရိတ်သက်သာပြီး မိမိတို့နေအိမ်ခြံဝင်းအတွင်း၌ အလွယ်တကူရနိုင်သည့် ပစ္စည်းများဖြင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲသင့်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တမာပိုးသတ်ဆေး၊ ဆေးရွက်ကြီး ပိုးသတ်ဆေးနှင့် ပိုးသတ်ဆေးဖျော်စပ် ပြုလုပ်ပုံ အဆင့်ဆင့်ကို တောင်သူများအား လက်တွေ့ပြုလုပ် သရုပ်ပြသခဲ့သည်။ သင်တန်းသို့ ကျေးရွာလေးရွာမှ တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

လောက်ကိုင်မြို့နယ်၌ တောင်သူများအား မျိုးစပါးများထောက်ပံ့ပေးအပ်

လောက်ကိုင် မေ ၂၀

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် တင်ပါကျိုင်းအုပ်စု မန်ဗိုင်ဘက်စုံအဆင့်မြင့် စံပြကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်ပိုင်းက မျိုးစပါးထောက်ပံ့ပေးအပ်ခြင်းနှင့် တောင်သူပညာပေးဆွေးနွေးပွဲ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး လာမည့် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပိုးမွှား/ရောဂါကျရောက်မှု မရှိစေရေး ဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ ကြိုတင်ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ မြို့နယ်ဒုတိယဦးစီးမှူး ဦးမောင်အောင်က မျိုးစပါးထောက်ပံ့ပေးအပ်ရခြင်းနှင့် သီးနှံဖျက်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ကိုးကန့်ဘာသာဖြင့် ဆွေးနွေးပြောကြားကြသည်။

ထို့နောက် လောက်ကိုင်မြို့နယ်ဦးစီးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက တောင်သူများထံ မျိုးစပါးများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

သိန်း

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက်အတွင်းရှိ စဉ့်အိုးတန်းအမှတ် (၂) ဇောတံတား၌ ဆိုက်ကပ်ထားသော ရန်ကုန် - မော်ကျွန်းပြေးဆွဲပေးလျက်ရှိသော ပုသိမ်သူအမှတ် (၁) ရှပ်ပြေးခရီးသည်တင်သင်္ဘောကြီးပေါ်တွင် ခရီးသည် ၃၀၀ ခန့်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်ထွန်းဦးနှင့်အဖွဲ့သည် မေ ၁၉ ရက် ညနေပိုင်းက မိုးကြိုကာလ ရေကြောင်း အန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါး၊ သက်ငယ်မုဒိမ်း အသိပညာပေးဟောပြောစဉ်။ မင်းထက်

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် မောင်းသူမဲ့လေယာဉ် ပျံသန်းခြင်းဆိုင်ရာသင်တန်းဖွင့်

မိတ္ထီလာ မေ ၂၀

မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (UNFAO) တို့ ပူးပေါင်းကျင်းပသည့် မောင်းသူမဲ့လေယာဉ် (Drone) ပျံသန်းခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က ယင်းတက္ကသိုလ်သင်တန်းခန်းမ၌ ကျင်းပသည်။

"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းတွေကို မောင်းသူမဲ့လေယာဉ် ပျံသန်းခြင်းဆိုင်ရာ သင်တန်းပေးတာပါ။ ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ကနေ သင်တန်းဖွင့်လှစ်နိုင်ဖို့ ပံ့ပိုးကူညီစီစဉ်ဆောင်ရွက်ပေးတာဖြစ်ပြီး မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်သုတေသနဌာနက ဆရာ ဆရာမတွေက သင်တန်းပို့ချပေးတာ ဖြစ်ပါတယ်။ သင်တန်းမှာ မောင်းသူမဲ့လေယာဉ်ပျံသန်းခြင်း၊ မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးထုတ်ယူခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ မွေးမြူရေးလုပ်ငန်းများအား သဘာဝဘေးအန္တရာယ်မှ ကြိုတင်ခန့်မှန်းကာကွယ်နိုင်ရေးသင်ခန်းစာတွေကို စာတွေ့လက်တွေ့သင်ကြားပို့ချ ပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ် သုတေသနဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာသဲမောင်မောင်က ပြောသည်။ ယင်းသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်မိုးခိုင်က အမှာစကားပြောကြားပြီး ဒေါက်တာ သဲမောင်မောင်က သင်တန်းတွင် ပို့ချမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၁၀ ဦးတက်ရောက်သင်ယူပြီး သင်တန်းကို မေ ၂၀ ရက်မှ ၂၇ ရက် အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

မောင်းသူမဲ့လေယာဉ်ပျံသန်းခြင်းဆိုင်ရာ သင်တန်းသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

သံဖြူဇရပ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

သံဖြူဇရပ် မေ ၂၀ - မိုးဦးကျရာသီတွင် စတင်ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို သံဖြူဇရပ်မြို့နယ်၌ မြို့နယ်လုံးကျွတ်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်နှင့်အညီ ယမန်နေ့မှစတင်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ ကြက်ခြေနီအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ နေအိမ်များ၊ စားသောက်ဆိုင်များ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများတွင် ဖုံ၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေစည်၊ ရေကန်များတွင် အဘိတ်ဆေးထည့်ခြင်းနှင့် ပြည်သူများအား သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ သံဖြူဇရပ်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းအတွက် အပတ်စဉ်စနေနေ့တိုင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ပြည်သူ့စကားဝိုင်းများ ကျင်းပ

မက်မန်း

ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်နှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၁၉ ရက်က ရှမ်းပြည်နယ် မက်မန်းမြို့နယ် ဝမ်စလောင်း ကျေးရွာခန်းမ၌ ကျင်းပသည်။

ယင်းပြည်သူ့စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူများနှင့် ဒေသခံပြည်သူများအကြား အပြန် အလှန်သဘောပေါက် နားလည်မှု ရှိစေရန်အတွက် လွှတ်တော်ကိုယ်စားလှယ် ဦးကျကဇော်က လားဟူဘာသာစကားဖြင့် ဘာသာပြန်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ မက်မန်းမြို့နယ် ဝမ်စလောင်းအုပ်စုအတွင်းမှ ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

မက်မန်း (ပြန်/ဆက်)

ရန်ကုန်

"သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၁၉ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) ရုံးလူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းကို အင်းစိန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လုလုစိုး၊ Clean Yangon မှ ဦးစည်သူလွင်၊ Woman Club အဖွဲ့ခေါင်းဆောင် ဒေါ်ခင်နွဲ့မူ၊ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဘိုကြည်တို့က ရွေးချယ်စိုက်ပျိုးရမည့်သစ်ပင် အမျိုးအစားများနှင့် စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်အောင်ထိန်းသိမ်းစောင့်ရှောက်ရမည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက ပြန်လည်မေးမြန်းခဲ့ကြရာ ဆွေးနွေးသူများက ဖြေကြားခဲ့ပြီး ဦးဆောင်ဆွေးနွေးသူများကို ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

မိုင်းကိုင်

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၁၉ ရက်က မိုင်းကိုင်မြို့နယ်ခန်းမ၌ ကျင်းပသည်။

မြို့မရဲစခန်းမှူး ဒုတိယရဲမှူးဇော်မင်းက ယာဉ်အန္တရာယ် သတိပြုဖွယ်အကြောင်းကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးထက်ဝေဟိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းလှိုင်းက ဆေးရုံသို့ ရောက်ရှိလာသော ယာဉ်အန္တရာယ်ကျရောက်သည့် လူငယ်လူရွယ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသော မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်လုပ်သား ပြည်သူများက ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်သည့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ အရေးယူမှု အပိုင်းများ စသည့် မိမိတို့သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

စုကလိ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန်ဆွေးနွေးတိုင်ပင်ညှိနှိုင်းနိုင်ရန်၊ ပြည်သူတို့၏ဘဝဖြတ်သန်းမှု အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ဘဝစဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်များရှိစေရန်ရည်ရွယ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၁၈ ရက်က စုကလိမြို့ စခန်းသစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြည်သူ့စကားဝိုင်းသို့ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ဖလမ်း

ဖလမ်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဖလမ်းမြို့နယ် ကြောင်ဟဲင်းကျေးရွာ ကွန်ကိပ်ခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၁၉ ရက်က ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရာလ်နှင်၊ မြို့နယ်ကျန်းမာရေးမှူး ဦးရိုနိတ်ခါ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှထွေးအောင်၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမြတ်လင်း၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးမှူး ဒေါ်နုနုဝါတို့က မိမိတို့ဌာန၏ ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပြည်သူ့အကျိုးပြု ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံပြည်သူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ဂျွန်

လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း အသိပညာပေး

၃။ လျှပ်စစ်မီးကြိုးများပြတ်တောက်ခြင်းကို သတိထားရှောင်ရှားပါ။ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ပါ။ ဘေးပတ်ဝန်းကျင်ကိုလည်း သတိပေးပါ။

၄။ မိုးကြိုးစက်ကွင်းထိထားသော လူနာများအား အမြန်ဆုံး ဆေးအကူအညီ ရရှိရေးဆောင်ရွက်ပါ။

၅။ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူ များကို အထူးဂရုပြု ကူညီပါ။

ဆူနာမီအသိပညာပေး

ဆူနာမီဆိုသည်မှာ ပင်လယ်သမုဒ္ဒရာရေအောက်ကြမ်းပြင် ရွေ့လျားခြင်း၊ မြေပြိုခြင်း၊ ရေအောက်မီးတောင်ပေါက်ကွဲခြင်းများကြောင့်ဖြစ်ပေါ်လာသည့် အလွန်ကြီးမားသော လှိုင်းလုံးကြီးများဖြစ်သည်။

ဆူနာမီအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများ၊ လှိုင်းခွဲတာတမံများဆောင်ရွက်ထားပါ၊အသက်ကယ်ကုန်းမြင့်များသတ်မှတ်အသိပေးထားပါ။

၂။ ပင်လယ်ကမ်းရိုးတန်းဒေသတွင်နေထိုင်သူများအနေဖြင့် ငလျင်လှုပ်ပြီးနောက်ထုတ်ပြန်သော ဆူနာမီသတိပေးချက်များကို သတိပြုနားထောင်ပါ။

၃။ဆူနာမီအန္တရာယ်မှပြေးခိုနိုင်မည့်နေရာ(ကုန်းတွင်းပိုင်း ကုန်းမြင့်သို့)သွားရမည့်လမ်းကြောင်းအား အတိုဆုံးရေးဆွဲပြီး မိသားစုဆုံရပ်များသတ်မှတ်ထားပါ။

၄။ပင်လယ်ကမ်းရိုးတန်းတွင်နေထိုင်သူများအနေဖြင့် အရေးပေါ် သုံးပစ္စည်းများကြိုတင်ပြင်ဆင်ထားပါ။

တောင်ကြီးမြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကျင်းပ

တောင်ကြီး မေ ၂၀

(၇၁)နှစ်မြောက် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို မေ ၁၉ ရက်က တောင်ကြီးမြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်များအသင်းရုံး၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားများကို နှစ်စဉ် ဆောင်ပုဒ်များ သတ်မှတ်ပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျင်းပကြောင်း၊ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ ‘LOVE ချစ်ခြင်းမေတ္တာ’ ဖြစ်ပြီး စေတနာလုပ်အားရှင်များနှင့် ပြည်သူများအနေဖြင့် ချစ်ခြင်းမေတ္တာအပြည့် ထားရှိဆောင်ရွက်ရင်း ပြည်သူများ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ဆိုသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ကြမည့် အဓိပ္ပာယ်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဉက္ကဋ္ဌ ဒေါက်တာလှအေးက သဝဏ်လွှာကို ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးရုံးခွဲမှ ဒုတိယတာဝန်ခံ မာဆာရှီဆူဒါကာက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ဆုရရှိသည့် ကြက်ခြေနီမောင်မယ်များနှင့် စေတနာလုပ်အားရှင်များအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ရှမ်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဉက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး ကြက်ခြေနီမောင်မယ်များက ရှေးဦးပြုစုခြင်း နည်းပညာများကို သရုပ်ပြခဲ့ကြသည်။

မောင်မောင်သန်း(တောင်ကြီး)

ကြက်ခြေနီနေ့ အခမ်းအနားမှ ပြခန်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုနေစဉ်။

ကျိုက်ထီးရိုးတောင်တော်အပ်ပွဲ အခမ်းအနားကျင်းပ

ကျိုက်ထို မေ ၂၀

၂၀၁၈-၂၀၁၉ ခုနှစ် ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ခုနစ်လတိုင် ကျင်းပခဲ့ပြီး ကဆုန်လပြည့်နေ့ နံနက် ၇ နာရီတွင် တောင်တော်အပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယ ဆရာတော်နှင့် ဆရာတော်ကြီးများ၊ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးရွှေမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်နှင့် ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယ ဆရာတော်က သီလ ချီးမြှင့်ပြီး ပြည်နယ်လူမှုရေးဝန်ကြီးက သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြီးစီးသော ကျိုက်ထီးရိုးတောင်တော်ကို ရိုးရာယုံကြည်မှုအရ သက်ဆိုင်ရာ တောင်စောင့်နတ်နှင့် တောစောင့်နတ်များထံသို့ အပ်နှံခဲ့ကြောင်း သိရသည်။

ဝင်းမောင် (ကျိုက်ထို)

မွန်တိုင်းရင်းသားလုပ်ငန်းရှင်များအဖွဲ့(ကရင်ပြည်နယ်)၏ ညှိနှိုင်းအစည်းအဝေးပြုလုပ်

ဘားအံ မေ ၂၀

မွန်တိုင်းရင်းသားလုပ်ငန်းရှင်များအဖွဲ့(ကရင်ပြည်နယ်)၏ ဒုတိယအကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဘားအံမြို့အမှတ်(၈)ရပ်ကွက်ရှိ Thanlwin Paradise ဟိုတယ်၌ မေ ၁၉ ရက်က ကျင်းပခဲ့ရာ အစည်းအဝေးသို့ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ မွန်တိုင်းရင်းသား လုပ်ငန်းရှင်များအဖွဲ့(ကရင်ပြည်နယ်)နာယက နိုင်ကံထွန်းနှင့် အဖွဲ့မှ တာဝန်ရှိသူများ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်အဆင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက မွန်လူမျိုး လုပ်ငန်းရှင်များ မြောက်မြားစွာ ပေါ်ထွက်လာအောင် ကြိုးစားကြရေး အမှာစကားပြောကြားပြီး မွန်တိုင်းရင်းသားလုပ်ငန်းရှင်များအဖွဲ့(ကရင်ပြည်နယ်) နာယကနှင့် အဖွဲ့ဝင်များက ကရင်ပြည်နယ်အတွင်း မြို့နယ်အဆင့် မွန်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အဖွဲ့၏ အထွေထွေအတွင်းရေးမှူး မင်းထွန်းလွင်က အဖွဲ့၏ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များနှင့် မေ ၅ ရက်က မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ပြုလုပ်ခဲ့သော ပဉ္စမအကြိမ်မြောက် မွန်လုပ်ငန်းရှင်များအသင်း (ဗဟို)၏ အစည်းအဝေးဆုံးဖြတ်ချက်တို့ကို ရှင်းလင်းပြောကြားပြီး အထွေထွေဆွေးနွေးမှုများ ပြုလုပ်ကာ ကရင်ပြည်နယ်အတွင်း မြို့နယ်အဆင့်ဖွဲ့စည်းရန် ကျန်ရှိနေသေးသော လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး မြို့နယ်များ၌ မေလမကုန်ခင် အဖွဲ့များဖွဲ့စည်းနိုင်ရန်၊ ပြည်နယ်အဆင့်ရုံး မြေနေရာကိစ္စအတွက် ပြည်နယ်အစိုးရသို့ တင်ပြရန်နှင့် တတိယအကြိမ်အစည်းအဝေးကို ဘားအံမြို့၌သာ ပြုလုပ်ရန်တို့ကို ဆုံးဖြတ်ခဲ့သည်။

မင်းမွန်လှထွန်း၊ ထွန်းထွန်းထွေး (ဘားအံ)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကျင်းပ

ပုသိမ် မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း မိုးလုံလေလုံအားကစားခန်းမ၌ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို မေ ၂၀ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲတွင် ဆုရသည့် အားကစားသမားများ၊ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဆုရသည့် အားကစားသမားများကို ဝန်ကြီးချုပ်က တံခွန်စိုက်ဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ပိုက်ကျော်ခြင်း ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အားကစား ဝါသနာရှင်ပြည်သူများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ အားကစားအသင်းများ တက်ရောက်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြို့နယ် ၂၆ မြို့နယ်မှ အမျိုးသားအသင်း ၂၆ သင်းနှင့် အမျိုးသမီးအသင်း ၂၆ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုပေးပွဲကို မေ ၂၃ ရက်တွင် ကျင်းပသွားမည်ဟု သိရသည်။

မောင်မောင်မြင့် (ပြန်/ဆက်)

အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ ကျင်းပစဉ်။

တတိယတန်း(Grade-3)သင်ရိုးသစ်အတွက် ဆရာ ဆရာမများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံ

ဘားအံ မေ ၂၀

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို အာဆီယံနိုင်ငံများ၏ စံနှုန်းများနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စတင်သင်ကြားမည့် တတိယတန်း (Grade-3) သင်ရိုးသစ်နှင့် ပတ်သက်၍ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အဆင့် သင်တန်းနှင့် ဆွေးနွေးပွဲများတွင် တက်ရောက်နေကြသည့် ဆရာ ဆရာမများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က မေ ၁၉ ရက်တွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြသံလွင်ခန်းမ၌ သွားရောက်တွေ့ဆုံခဲ့သည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဆရာ ဆရာမများအား တွေ့ဆုံစဉ်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရင်သွေးငယ်များ ယဉ်ကျေးလိမ္မာစေရန် မူလတန်းအဆင့်တွင် သွန်သင်ဆုံးမ ပုံသွင်း၍ လွယ်ကူကြောင်း၊ ထို့ကြောင့် မူလတန်း ဆရာ ဆရာမများသည် လွန်စွာအရေးကြီးကြောင်း၊ မူလတန်း ဆရာ ဆရာမများကို ကလေးများ ရိုသေလေးစားသည့် ဆရာ ဆရာမ ကောင်းများ ဖြစ်စေလိုပြီး အားလုံးအတွက်လည်း စံပြဖြစ်စေလိုကြောင်း၊ ကလေးငယ်များ၏ အနာဂတ်၊ ကရင်ပြည်နယ်၏ အနာဂတ်နှင့် မြန်မာနိုင်ငံ၏အနာဂတ်သည် ဆရာ ဆရာမများထံတွင် ရှိနေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ ဆက်လက်သွားရောက်ပြီး ထိုကျောင်း၌ ဖွင့်လှစ်ထားသည့် တတိယတန်း (Grade-3) သင်ရိုးသစ်အတွက် သင်တန်း/ဆွေးနွေးပွဲသို့ တက်ရောက်နေကြသည့် ဆရာ ဆရာမများကိုလည်း တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

ကရင်ပြည်နယ်အတွင်း တတိယတန်း(Grade-3) သင်ရိုးသစ်အတွက် သင်တန်း/ဆွေးနွေးပွဲများကို ဘားအံမြို့ အထက(၁)၊ အထက(၂)နှင့် အထက(၄) ကျောင်းတို့တွင် မေ ၁၀ ရက်မှ ၂၅ ရက်အထိ ကျောင်းအုပ်စုအလိုက် သင်ကြားလျက်ရှိရာ သင်တန်းသား၊ နည်းပြ၊ ကြီးကြပ် ဆရာ ဆရာမ ၂၆၆၉ ဦး တက်ရောက်နေကြောင်း၊ တတိယတန်း(Grade-3) သင်ရိုးသစ်အပြင် အလယ်တန်း(Grade-6) သင်ရိုးသစ်အတွက် သင်တန်း/ဆွေးနွေးပွဲများကိုလည်း အထက(၃)၊ အထကခွဲ(၃)၊ အထက(၅)၊ အထကခွဲ(၂)နှင့် ကော့လှိုက်ကျောင်းတို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိကာ တစ်ပြိုင်နက်တည်းတွင် ကော့ကရိတ်ခရိုင်၌လည်း ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

မြိတ်မြို့ ရွှေရတီ သက်ကြီးဘိုးဘွား နေ့ပိုင်းစောင့်ရှောက်ရေးအသင်း တစ်နှစ်ပြည့်အခမ်းအနားကျင်းပ

မြိတ် မေ ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ သက်ကြီးဘိုးဘွားများ အထီးကျန်မဆန်ရေးအတွက် အားပေးကူညီ စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်လျက် အခမဲ့ နေ့ပိုင်းစောင့်ရှောက်မှု ဆောင်ရွက်ပေးနေသော ရွှေရတီအသင်း၏ တစ်နှစ်ပြည့် အခမ်းအနားကို မြိတ်မြို့ တက္ကသိုလ်ရပ်ကွက်ရှိ သက်ကြီးဘိုးဘွား နေ့ပိုင်းစောင့်ရှောက်ရေးရိပ်မြုံ၌ မေ ၁၉ ရက်က ကျင်းပခဲ့သည်။

ရွှေရတီအသင်းကို စတင်တည်ထောင်ချိန်က သက်ကြီးဘိုးဘွား ၂၀ ခန့်ကိုသာ ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့သော်လည်း ယခုအခါ ၃၇ ဦးအထိကို အခမဲ့ ကူညီစောင့်ရှောက်မှုပေးလျက်ရှိ၍ ဝမ်းမြောက်ကြောင်း အသင်းတစ်နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် မြိတ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြွယ်ကြွယ်ဝင်းက ပြောကြားခဲ့သည်။

ယနေ့ခေတ် လူနေမှုပုံစံအရ သားသမီးများ၊ မြေးများအနေဖြင့် နေ့ဘက်တွင် လုပ်ငန်းခွင်များသို့ ရောက်နေကြပြီး သက်ကြီးဘိုးဘွားများမှာ အိမ်တွင် အထီးကျန်စွာ နေခဲ့ရသည်များရှိရာ ယခုလို သက်ကြီးဘိုးဘွားများအား ဝိုင်းဝန်းကြည့်ရှုစောင့်ရှောက်ကာ အထီးကျန်မဆန်စေရအောင် ဖန်တီးလုပ်ဆောင်ပေးသဖြင့် များစွာကျေးဇူးတင်ကြောင်း သက်ကြီးအဘိုးတစ်ဦးက တစ်နှစ်ပြည့်အခမ်းအနားတွင် ပြောကြားခဲ့ပြီး အဘိုးအဘွားများ၏ အဆိုအက ဖျော်ဖြေမှုအစီအစဉ်များဖြင့် အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

ရွှေရတီအသင်းအနေဖြင့် အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တိုင်း ကားအကြိုအပို့ဖြင့် သက်ကြီးဘိုးဘွားများအား နေ့ပိုင်းစောင့်ရှောက်မှု ဆောင်ရွက်ပေးကြောင်း၊ အစီအစဉ်များအနေဖြင့် နံနက် ၈ နာရီခွဲမှ ၉ နာရီအထိ ဘိုးဘွားများအား ယောဂ လေ့ကျင့်ခန်း ပြုလုပ်စေခြင်း၊ လက်ဖက်ရည်နှင့် မုန့်များ ကျွေးမွေးခြင်း၊ နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိ လွတ်လပ်စွာအနားယူစေခြင်း၊ ၁၁ နာရီခွဲတွင် နေ့လယ်စာ ထမင်းကျွေးပြီး ခဏအိပ်စေခြင်း၊ ထို့နောက် မွန်းလွဲ ၂ နာရီတွင် စုပေါင်းဂိမ်းကစားခြင်း၊ အက လေ့ကျင့်ခြင်းနှင့် အားကစားလေ့ကျင့်ခြင်းများ ပြုလုပ်စေခြင်း၊ လက်ဖက်ရည်နှင့် မုန့်များ ကျွေးမွေးခြင်း၊ ဘုရားဝတ်ပြု မေတ္တာပို့ခြင်း အစီအစဉ်များ ပါဝင်ကြောင်း၊ ညနေပိုင်းတွင် ဖယ်ရီဖြင့် အိမ်အရောက် ပြန်ပို့ပေးကြောင်း သိရသည်။ ထို့အပြင် စနေနေ့တိုင်းတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကြောင်း အသင်းတည်ထောင်သူ ဦးအောင်မြင့်ဦးထံမှ သိရသည်။

ဇော်မျိုးနိုင် (ပြန်/ဆက်)

ရွှေကျင်မြို့နယ်မှ ပြည်သူများနှင့် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး တွေ့ဆုံ

ရွှေကျင် မေ ၂၀

ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးနှင့် ရွှေကျင်မြို့နယ်အတွင်းမှ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၉ ရက်က ကျင်းပခဲ့သည်။ တွေ့ဆုံပွဲတွင် ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းက သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားနေမှုများကြောင့် ထိရောက်စွာ အရေးယူရေးနှင့် မြို့နယ်အတွင်း ကရင်စာပေ သင်ကြားနိုင်ရေးတို့ကို တင်ပြဆွေးနွေးပြီး ဝန်ကြီးက အကြမ်းဖက်ခံကလေးငယ်များအား ဘဝရပ်တည်ရေးအတွက် အတတ်ပညာတစ်ခုခု သင်ကြားပေးနိုင်ရေးနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ပြန်လည်ဆွေးနွေးပြီး ကရင်စာပေ ပြန့်ပွားစေရန်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူများကလည်း ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တုံးတံတားကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် ထပ်မံတွေ့ဆုံကာ ဂေါ်သဇင်ကျေးရွာနှင့် ဆွယ်တိန်ကျေးရွာကြား ကျေးရွာချင်းဆက်လမ်းကို မြေသားတာပေါင်လမ်း ဖောက်လုပ်နိုင်ရေးအတွက်လည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထွန်းထွန်းဇော် (ပြန်/ဆက်)

မြို့ပြအနာဂတ်လှပဖို့ မြို့ပြအမွေအနှစ်ထိန်းသိမ်းစို့

မောင်သင်းပျံ့၊ ဓာတ်ပုံ - ဇွဲမာန်

မြို့ပြအမွေအနှစ် အဆောက်အအုံတစ်ခုဖြစ်သော ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အခွန်ရုံးကြီး

အပြာရောင်ကမ္ပည်းပြားဆိုသည်မှာ လူအများနှင့်သက်ဆိုင်သော နေရာတို့တွင် ထိုနေရာနှင့်ဆက်စပ်နေသည့် သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် အဖြစ်အပျက်များအကြောင်းကို ဖော်ပြ၍ မြို့ပြ၏အမှတ်အသားတစ်ခုအဖြစ် တပ်ဆင်ထားရှိသည့် အထိမ်းအမှတ်တစ်ခုပင်ဖြစ်သည်။ အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခြင်းသည် ရန်ကုန်မြို့၏သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်သောနည်းလမ်းများထဲမှ ပြယုဂ်တစ်ခုလည်းဖြစ်သည်။

အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့နိုင်မည်ဖြစ်သော အဆိုပါ ကမ္ပည်းပြားတပ်ဆင်ထားသည့် မြို့ပြအမွေအနှစ်များကို ထိန်းသိမ်းထားခြင်းမှတစ်ဆင့် ရန်ကုန်မြို့ပြ၏သမိုင်းကြောင်းကို ပြည်သူတို့ သိရှိရုံသာမက နိုင်ငံခြားသား ခရီးသွားများကိုလည်း ဆွဲဆောင်နိုင်စေသောကြောင့် မြို့ပြ အမွေအနှစ်များသည် ထိုနိုင်ငံ ထင်ပေါ်ကျော်ကြားရန် လက်ဆင့်ကမ်း သင်းပျံ့စေမည့် ပန်းရန့်သဖွယ်လည်းဖြစ်သည်။

ရန်ကုန်မြို့၏ အထင်ကရ အမွေအနှစ်နေရာများတွင် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကူညီမှု၊ အလှူရှင်တို့၏ ထည့်ဝင်မှုဖြင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(Yangon Heritage Trust -YHT) က တာဝန်ယူ ဖော်ဆောင်လျက်ရှိသည်။ YHT အဖွဲ့ကို မြန်မာနိုင်ငံတွင် အပြောင်းအလဲများဖြစ်ပေါ်လာချိန် ၂၀၁၂ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ယခင်က မြို့ပြဆိုင်ရာ စည်းမျဉ်းဥပဒေဖြင့် ထိန်းသိမ်းမှု အားနည်းခဲ့ခြင်းကြောင့် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း သမိုင်းဝင်အဆောက်အအုံများ ဆုံးရှုံးခဲ့ရသလို ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ် အဆောက်အအုံများ အများဆုံးတည်ရှိရာ ကမ်းနားလမ်းတစ်လျှောက်တွင်လည်း နေ့စဉ် ဖြတ်သန်းသွားလာနေသော ယာဉ်ကြီးများ၏ တုန်ခါမှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးလာနိုင်သည့် အခြေအနေကို ကြုံတွေ့ခဲ့ရသည်။

ထိုသို့ မြို့ပြအမွေအနှစ် အဆောက်အအုံများ အချိန်တိုအတွင်း ပျက်စီးလာနိုင်မှုကို အချိန်မီ ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးနောက် အဖွဲ့က အဆောက်အအုံများတွင် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်၍ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကာ ယခုတိုင်လည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

အရှိန်အဟုန်ဖြင့်တိုးတက်လာသည့် နည်းပညာတို့ကြောင့် ရုပ်ဝတ္ထုပစ္စည်းများ ဖွံ့ဖြိုးလာချိန်တွင် မြို့ပြများတွင်ကျန်ရှိသော ရှေးဟောင်းအဆောက်အအုံ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ပြန်လည်အစားထိုး၍မရသော ရှေးဟောင်းအဆောက်အအုံများ၊ ရှုခင်းအလှအပများကို ခြိမ်းခြောက်မှုများ ရှိလာသဖြင့် ယခုလို မြို့ပြအမွေအနှစ် ရှေးဟောင်းအဆောက်အအုံများကို အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်၍ ထိန်းသိမ်းစောင့်ရှောက်နေမှုအပေါ် ပြည်သူများကလည်း အားရကျေနပ် ထောက်ခံလျက်ရှိသည်။

မြို့ပြအမွေအနှစ် အဆောက်အအုံတစ်ခုဖြစ်သော ရန်ကုန်ဆေးရုံကြီး

မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီစွာ လုပ်ဆောင်ခြင်းဖြင့် ရန်ကုန်မြို့ကို အာရှ၏ လှပပြီး နေချင်စဖွယ်ကောင်းသော မြို့တစ်မြို့အဖြစ် ပြန်လည်မြင်တွေ့နိုင်မည်လည်းဖြစ်သည်။ ထို့ကြောင့် မြို့ပြအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပြည်သူအများကလည်း လက်တွဲကူညီခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများချမှတ်ရာတွင် အကြံပြုခြင်းတို့ဖြင့် ပူးပေါင်းပါဝင်ကြသင့်သလို တာဝန်ရှိသူများကလည်း အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သင်တန်းများ ဖော်ဆောင်၍ အများပြည်သူအား အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

ရန်ကုန်မြို့၌ အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခြင်းကို ၂၀၁၄ ခုနှစ်က ရန်ကုန်မြို့တော်ခန်းမကြီးတွင် တပ်ဆင်ခြင်းဖြင့် စတင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၂၉ ခုမြောက်အဖြစ် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ တပ်ဆင်ခဲ့ကာ အခု ၃၀ မြောက် အဆောက်အအုံအဖြစ် ပြည်လမ်း ရုရှားသံရုံးရှေ့ရှိ ပဲခူးကလပ် (Pegu Club) အဆောက်အအုံကို ယခု မေလ ကုန်ပိုင်းတွင် အပြာရောင်ကမ္ပည်းပြား တပ်ဆင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပဲခူးကလပ်အဆောက်အအုံမှာ ၁၈၈၀ ပြည့်နှစ်က ဆောက်လုပ်ခဲ့သော အဆောက်အအုံဖြစ်ပြီး ဗစ်တိုးရီးယားခေတ်လက်ရာများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ရန်ကုန်မြို့သည် ကိုလိုနီခေတ်မှစ၍ မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ရာ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သော သမိုင်းပုံရိပ်များကို ဗိသုကာလက်ရာအမျိုးမျိုးတို့ဖြင့် ဆောက်လုပ်ထားသည့် မြို့ပြအဆောက်အအုံများက ဖော်ပြလျက်ရှိသည်။ အဆိုပါ ခေတ်အဆက်ဆက် ဗိသုကာလက်ရာများကို ယနေ့တိုင် တွေ့မြင်နေရသည်မှာ အံ့သြဂုဏ်ယူဖွယ်ဖြစ်သော်လည်း ယနေ့ခေတ် မြို့ပြဖွံ့ဖြိုးတိုးတက်မှု လှိုင်းလုံးအောက်တွင် ရှေးဟောင်း ယဉ်ကျေးမှုနှင့် ဗိသုကာလက်ရာ အမွေအနှစ်များ တိမ်ကောပျောက်ကွယ်ရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရလျက်ရှိသည့်အပြင် သဘာဝဘေးအန္တရာယ်နှင့် လူသားများ ဖန်တီးသော ပဋိပက္ခများကြောင့်လည်း ပြန်လည်အစားထိုး၍မရသော နိုင်ငံ့အမွေအနှစ်များ ပျက်စီးလျော့ပါးလာသည်ကို သတိပြုမိကြမည်ဖြစ်သည်။

မြို့ပြအမွေအနှစ်လက်ရာများ အများအပြားရှိခဲ့သော၊ ရှိနေဆဲဖြစ်သော ရန်ကုန်မြို့တွင် အသစ်ထပ်မံတည်ဆောက်လိုက်သော ဖွံ့ဖြိုးတိုးတက်လာသည့် မြို့ပြအဆောက်အအုံတို့နှင့်အတူ မြို့ပြ၏ မူလအမွေအနှစ် အဆောက်အအုံများကို တစ်ပြိုင်တည်း စောင့်ရှောက်ထိန်းသိမ်းနိုင်ခြင်းဖြင့် ခေတ်အဆက်ဆက် ဗိသုကာလက်ရာများကို စုစည်းထိန်းသိမ်းထားနိုင်သော စိတ်ဝင်စားစရာ မြို့တော်ကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။

ခေတ်အဆက်ဆက်တည်ရှိခဲ့သော ရန်ကုန်မြို့ပြ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နေသည့် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT)အနေဖြင့်လည်း မြို့ပြအမွေအနှစ်များကို နည်းမှန်လမ်းမှန်ဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို ဖော်ဆောင်ခြင်းဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုလည်း ပိုကောင်းလာကာ မြို့ပြ ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးလျော့ပါးစေမည့် ခြိမ်းခြောက်မှုများမှ ပိုမိုကင်းဝေးစေမည်ဖြစ်သည်။ သို့ဖြစ်ရာ မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်း၍ ရန်ကုန်မြို့တော်၏ မြို့ပြအနာဂတ်လှပဖို့ ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

"ယခင်က မြို့ပြဆိုင်ရာ စည်းမျဉ်းဥပဒေဖြင့် ထိန်းသိမ်းမှုအားနည်းခဲ့ခြင်းကြောင့် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း သမိုင်းဝင်အဆောက်အအုံများ ဆုံးရှုံးခဲ့ရသလို ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်အဆောက်အအုံများ အများဆုံးတည်ရှိရာ ကမ်းနားလမ်းတစ်လျှောက်တွင်လည်း နေ့စဉ်ဖြတ်သန်းသွားလာနေသောယာဉ်ကြီးများ၏ တုန်ခါမှုကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးလာနိုင်သည့် အခြေအနေကို ကြုံတွေ့ခဲ့ရသည်။ မြို့ပြအမွေအနှစ် အဆောက်အအုံများ အချိန်တိုအတွင်း ပျက်စီးလာနိုင်မှုကို နိုင်ငံတော်က အချိန်မီ ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးနောက် အဖွဲ့က အဆောက်အအုံများတွင် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်၍ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကာ ယခုတိုင်လည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်"

စာမျက်နှာ ၁၈ မှ

ထိုစဉ်က ကမ္ဘာတွင်သက်တမ်းအရင့်ဆုံးဟု သတ်မှတ်ထားခဲ့သော ပရိုင်းမိတ်သည် သက်တမ်း နှစ် သန်း ၃၀ သာရှိသဖြင့် ပုံတောင်ပရိုင်းမိတ်ရုပ်ကြွင်းများက နှစ် ၁၀ သန်း စောနေခဲ့ပေသည်။

၁၉၉၇ ခုနှစ် မတ်လ ၂၁ ရက်ထုတ် တိုင်းမ် မဂ္ဂဇင်းတွင် 'လွန်ခဲ့သော နှစ်သန်း ၄၀ မှ အဆင့်မြင့် ပရိုင်းမိတ် ရုပ်ကြွင်းများကို မြန်မာနိုင်ငံတွင် တွေ့ရှိ'ဟူသည့် သတင်းကို ဖော်ပြခဲ့သဖြင့် လူသား၏ ဇာစ်မြစ်မူလသည် အာဖရိကဟု ယူဆထားကြရာမှ မြန်မာနိုင်ငံ ဖြစ်လာခဲ့သည်။ ထို့အတူပင် ၁၉၉၇ ခုနှစ် မေလ ၈ ရက်နေ့ထုတ် The Boston Globe သတင်းစာက 'လူသားများ၏ ဇာတိနေရာ အာရှမှာတွေ့ပြီ'ဟု ခေါင်းစည်းတပ်ထားသည့် ဆောင်းပါးကိုဖော်ပြခဲ့သည်။ အေးရှားဝိခ် မဂ္ဂဇင်းက 'မြန်မာ့မေးရိုးများက လာရာလမ်းကို ညွှန်ပြနေပြီ'ဟုလည်းကောင်း၊ တိုင်းမ်မဂ္ဂဇင်းက ၁၉၉၇ ခုနှစ် ဩဂုတ်လ ၅ ရက်တွင် 'မြန်မာ့အရိုးများက အာဖရိက ဇာစ်မြစ်ကို စိန်ခေါ်လိုက်ပြီ'ဟုလည်းကောင်း ဖော်ပြခဲ့ကြသည်။ ၁၉၉၇ ခုနှစ် နိုဝင်ဘာလထုတ် Nature မဂ္ဂဇင်းက ကမ္ဘာပေါ်တွင်တွေ့ရှိပြီးသမျှ အဆင့်မြင့် ပရိုင်းမိတ်ရုပ်ကြွင်းများအနက် မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့် ပရိုင်းမိတ်ရုပ်ကြွင်းများသည် အစောဆုံးဖြစ်ကြောင်း အတည်ပြုခဲ့သည်။

၂၀၀၈ ခုနှစ်က အိန္ဒိယနိုင်ငံ မွန်ဘိုင်းတွင်တွေ့ရှိခဲ့သည့် ပရိုင်းမိတ်သည် နှစ် ၄၂ သန်းရှိပြီဟု ထုတ်ပြန်ခဲ့သော်လည်း ယင်း ပရိုင်းမိတ်သည် လူတူပရိုင်းမိတ် မဟုတ်သဖြင့် မြန်မာနိုင်ငံမှ တွေ့ရှိထားသည့် လူတူ ပရိုင်းမိတ်ရုပ်ကြွင်းသည် သက်တမ်းအရင့်ဆုံး ဖြစ်ခဲ့သည်။ ရှေးဦးလူတူပရိုင်းမိတ်များသည် အာရှတိုက်၌ စတင် ဆင့်ကဲဖြစ်ပေါ်၍ နောက်ပိုင်းတွင် အာဖရိကတိုက်သို့ ရွှေ့ပြောင်းဝင်ရောက်ခဲ့သည် ဟူသော အချက်ကို Afrasia djijidae ကျောက်ဖြစ်ရုပ်ကြွင်းကို အခြေခံ၍ သက်သေပြနိုင်ဖွယ်ရှိကြောင်း ပြင်သစ်နိုင်ငံ ပွဲတီယာတက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးကပြောကြားခဲ့သည်။

လူသားမျိုးနွယ်၏ အစကို ရှာဖွေဖော်ထုတ်ရာတွင် အလွန်အရေးပါသည့် လူတူ ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများကို မြန်မာနိုင်ငံ ပုံတောင်ကျောက်လွှာစုများအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ရာ ယင်းတို့၏ သက်တမ်းသည် နှစ်ပေါင်း ၃၇ ဒသမ ၂ သန်းမှ နှစ်သန်း ၄၀ အကြားဖြစ်သည်။ အလွန် ရှေးကျသော လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများကို မြန်မာနိုင်ငံအတွင်း တွေ့ရှိရသည့်အတွက် လူသားမျိုးနွယ်အစသည် မြန်မာနိုင်ငံအပါအဝင် အာရှဒေသမှ ဖြစ်သည်ဆိုသော အဆိုသည် ပိုမိုခိုင်မာလာသည်နှင့်အမျှ လူသားအစ၊ မြန်မာကဟု ဂုဏ်ယူနိုင်ကြမည်ဖြစ်ပေသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် စဉ်ဆက်မပြတ်သောမြန်မာ့ယဉ်ကျေးမှုသမိုင်းကို ဖော်ထုတ်ပြသနိုင်ရန် နေပြည်တော်နှင့်ရန်ကုန်ရှိ အမျိုးသားပြတိုက်တို့တွင် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်းတစ်ခုစီကို ဖွင့်လှစ်ပြသထားသည်။ ယင်း ပြခန်းများတွင် လူသားအစ မြန်မာက ဟု ဂုဏ်ယူကြရမည့် လွန်ခဲ့သော နှစ်သန်း ၄၀မှ ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာနိုင်ကြသည်။

နောက်ဆက်တွဲ ပရိုင်းမိတ်သုတေသနများ

မြန်မာနိုင်ငံတွင် ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ပေါက်၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ ပြင်ဦးလွင်မြို့နယ်တို့မှ ပရိုင်းမိတ် အပေါ်သွား သုံးခုကို တွေ့ရှိခဲ့သည်။ ရောဝတီကျောက်လွှာစုမှလည်း ရှေးဦး ကြံ့၊ ဆင်၊ ကျွဲ၊ နွား၊ ရေမြင်း၊ ဝက်တို့၏ သွားနှင့် အပိုင်းအစများ အပါအဝင်ကျောက်ဖြစ်ရုပ်ကြွင်း ၃၇၇ ခုကိုရရှိခဲ့သည်။

ထို့အတူ ပြင်သစ်နိုင်ငံ ပွိုင့်တီးယေး တက္ကသိုလ်မှ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ပါမောက္ခ Jeans Jacques JAEGER ဦးဆောင်သော အဖွဲ့သည် မြန်မာအဖွဲ့နှင့် ပူးပေါင်းကာ မကွေး၊ ရေနံချောင်း၊ မြိုင်မြို့နယ်များနှင့် ကလေးဝ ကျောက်မီးသွေးတွင်းတို့တွင် ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေခဲ့သည်။ ထို့အတူ ၂၀၁၅ ခုနှစ်တွင် မြန်မာ-ဂျပန် ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေလေ့လာရေးအဖွဲ့သည် ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာမှ ပရိုင်းမိတ် အပေါ် အံကျိုးတစ်ခုနှင့် ရောဝတီကျောက်လွှာစုမှ နို့တိုက်သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းအပိုင်းအစများကို တွေ့ရှိစုဆောင်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် လူသားမျိုးနွယ်စု ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်တွင်ကျန်ရှိနေသည့် ကွင်းဆက်များနှင့် လူသားရင်းမြစ်အစကို ခိုင်မာစွာဖော်ထုတ်နိုင်ရန် လူတူ ပရိုင်းမိတ်ရှာဖွေခြင်းလုပ်ငန်းများကို ပြည်ပပညာရှင်အဖွဲ့များနှင့် ပူးပေါင်းလျက် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ပိုမိုပြည့်စုံသော လူသားအစ မြန်မာက အထောက်အထားများကို ဖော်ထုတ်လာနိုင်မည်ဖြစ်ပေသည်။ ။

ဒလမြို့နယ်ရှိ ရေကန် ၂၄ ကန်တွင် ရေများခန်းခြောက်သွား၍ သောက်သုံးရေများ ဖြန့်ဝေပေးနေရ

ရန်ကုန် မေ ၂၀

ယခုနှစ် နွေရာသီကာလအတွင်း အပူရှိန်မြင့်မားမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သောက်သုံးရေကန်ပေါင်း ၂၄ ကန်မှာ ရေများခန်းခြောက်သွား၍ သောက်သုံးရေပြတ်လပ်မှု ကြုံတွေ့နေရသော ဒေသခံပြည်သူများထံသို့ နေ့စဉ် သောက်သုံးရေများ ဖြန့်ဝေပေးနေရကြောင်း ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ မြစ်တစ်ဖက်ကမ်းတွင်တည်ရှိသော ဒလမြို့နယ်သည် နွေရာသီကာလတွင် ရေပြတ်လပ်မှုနှင့် ရေရှားပါးမှုကို ကြုံတွေ့နေရဆဲ ဒေသတစ်ခုဖြစ်ကာ ရေရရှိရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနေသော်လည်း ဒေသခံပြည်သူများ၏ သောက်သုံးရေလိုအပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးလာခြင်းကြောင့် ရေရှားပါးပြတ်လပ်မှုကို နှစ်စဉ်ကြုံတွေ့နေရခြင်းဖြစ်သည်။ ထို့အပြင် ၂၀၁၈ ခုနှစ် နွေရာသီနှင့် နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ် နွေရာသီတွင် သောက်သုံးရေကန်များ ခန်းခြောက်မှုနှင့် ရေရှားပါးမှုမှာ ပို၍တိုးလာကြောင်းလည်း ဒေသခံပြည်သူများထံမှ သိရသည်။

ဒလမြို့နယ်၌ မြို့ပေါ်ရပ်ကွက် ၂၄ ခုတွင် မြေသားရေကန် ၁၂၄ ကန်၊ ကျေးရွာအုပ်စု ၂၃ စုမှ ကျေးရွာပေါင်း ၅၄ ရွာတွင် မြေသားရေကန် ၂၀၅ ကန် စုစုပေါင်း ရေကန်ပေါင်း ၃၂၉ ကန် ရှိသည်။ မြို့နယ်အတွင်း အိမ်ခြေပေါင်း ၃၇၂၂၅ အိမ်၌ အိမ်ထောင်စု ၃၉၃၆၀၊ လူဦးရေ ၁၆၀၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ရေကန်များခန်းခြောက်၍ ရေရှားပါးနေသည့် သပြေကုန်းကျေးရွာ၌ မေ ၁၉ ရက်က သောက်သုံးရေများ ဖြန့်ဝေပေးနေစဉ်။

မြို့နယ်အတွင်း ရေကန်အချို့ ရေခန်းခြောက်သွားချိန်တွင် ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်အတွင်းရှိ အဖွဲ့အစည်းများ၊ AG Resources Myanmar ကုမ္ပဏီလီမိတက်နှင့် ရှင်သန်ရေးကူညီမှုအသင်းတို့က သောက်သုံးရေပြတ်လပ်နေသော ရပ်ကွက်နှင့် ကျေးရွာများသို့ ဧပြီ ၁ ရက်မှစ၍ ရေများ ဖြန့်ဝေပေးခဲ့ရာ မေ ၁၅ ရက်အထိ ရေဂါလန် စုစုပေါင်း ၁၁ သိန်းကျော် ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ သိရသည်။

ဒလမြို့နယ်၌ နှစ်စဉ် သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည့်အခြေအနေနှင့် ပတ်သက်၍ ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မေရီစိုးက "ကျွန်မတို့မြို့နယ်မှာ ရွှေ့ပြောင်းနေထိုင်တဲ့ လူဦးရေက တစ်နှစ်ထက်တစ်နှစ် ပိုများလာတယ်၊ အခြေခံလူတန်းစားတွေ အများဆုံးနေထိုင်တဲ့ ဒေသတစ်ခုဖြစ်ပြီး သောက်သုံးရေကန်တွေက ရပ်ကွက် ကျေးရွာတွေမှာ နည်းပါးတာကြောင့် ရေရှားပါးမှုကို နွေရာသီရောက်တိုင်း ကြုံတွေ့နေရတဲ့ မြို့တစ်မြို့လည်းဖြစ်တယ်၊ ကျေးရွာတွေမှာ ရေပိုက်လိုင်းတွေနဲ့ သုံးရေကို ဖြန့်ဝေပေးနိုင်တာ မရှိသေးဘူး၊ AG Resources Myanmar ကုမ္ပဏီလီမိတက်လို ရေသန့်စက်ရုံတွေ လာရောက်ပြီး ရင်းနှီးမြှုပ်နှံသင့်ပါတယ်"ဟု အကြံပြုပြောကြားသည်။

AG Resources Myanmar ကုမ္ပဏီလီမိတက်အနေဖြင့် ဆာပါချောင်းကျောင်းစုရပ်ကွက်၌ ယာယီရေသန့်စက်ရုံတည်ဆောက်ပြီး မြစ်အတွင်းရှိရေများကို စုပ်ယူ၍ ရေသန့်စင်စက်ဖြင့် အဆင့်ဆင့် သန့်စင်ပြီး PH7 အဆင့်ရှိသော သောက်သုံးရေသန့်ကို မြို့နယ်အတွင်းရှိ ရေရှားပါးပြတ်လပ်သော ရပ်ကွက်နှင့် ကျေးရွာများသို့ ဧပြီ ၅ ရက်မှစ၍ ဖြန့်ဝေလှူဒါန်းခဲ့ရာ မေ ၁၀ ရက်အထိ ရေသန့်ဂါလန် ၂၅၄၄၀၀ ကို ဖြန့်ဝေလှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနအနေဖြင့် နေ့စဉ် ရေဖြန့်ဖြူးလျက်ရှိသော တွံတေးမြို့နယ် ရေပေးဝေရေးစခန်းမှ တစ်ရက်လျှင် ရေဂါလန် ၁ ဒသမ ၂ သန်း ရရှိရာ ထိုရေများကို မြို့ပေါ်ရှိရပ်ကွက်များသို့ တစ်ရက်လျှင် ၁၈ နာရီ ဖြန့်ဝေပေးလျက်ရှိသည်။ ထို့အပြင် ရပ်ကွက်များ၌ အဝီစိတွင်း ၁၃ တွင်း၊ ရေချိုစုတွင်း ငါးတွင်း၊ ဂါလန် ၁၂၀၀ ဆံ့ အုတ်ရေကန် ၂၇ ကန်နှင့် ဂါလန် ၁၀၀၀ ဆံ့ ကွန်ကရစ်ကျောက်ဝှေ ၂၀ တို့ကို ထားရှိပြီး သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ ထို့အတူ မြို့နယ်ရေပေးဝေရေးစခန်းရှိ တစ်ရက်လျှင် ရေဂါလန် ၅၀၀၀ ထွက်သော သောက်ရေသန့်စင်စက်မှ ရေသန့်များကိုလည်း ဒေသခံပြည်သူများထံ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ မြို့ပေါ်ရပ်ကွက်များသို့ ထိုသို့ ရေဖြန့်ဝေပေးနေသော်လည်း ကျေးရွာများသို့မူ ရေပိုက်လိုင်းများဖြင့် ဖြန့်ဝေပေးနိုင်မှု မရှိသေးဘဲ ကျေးရွာများမှာ ရေကန်များကိုသာ အားကိုးနေရကြောင်းသိရသည်။

ဒလမြို့နယ်သည် ရေတွင်းတူးလျှင် ရေချိုမထွက်ဘဲ ရေငန်များသာထွက်ရှိသည့် မြို့နယ်တစ်ခုဖြစ်ရာ နှစ်စဉ် မိုးရာသီတွင်ရွာသော မိုးရေကို ရေကန်များ၌ သိုလှောင်ပြီး နောက်နှစ် မိုးဦးကျကာလအထိ ဆောင်းရာသီနှင့် နွေရာသီ တစ်လျှောက်လုံး ပြန်လည်သုံးစွဲရသောကြောင့် နွေရာသီကာလတွင် ရေကန်များ ခန်းခြောက်သွားသည့်အခါ သောက်သုံးရေရှားပါးမှုကို ကြုံတွေ့ရလေ့ရှိသည့် ဒေသတစ်ခုဖြစ်သည်။ အနာဂတ်တွင် ဒလမြို့နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများ သောက်သုံးရေလုံလောက်စေရန်နှင့် ရေရှားပါးပြတ်လပ်မှုမှ ကင်းဝေးစေရန်အတွက် ရေကို စနစ်တကျ ပိုမိုသိုလှောင်နိုင်မည့် အခြေခံအဆောက်အအုံများနှင့် ရေသန့်စင်စက်ကြီးများ တည်ဆောက်ပေးနိုင်ပါက ဒလမြို့နယ်၌ နှစ်စဉ် နွေရာသီရောက်တိုင်း ကြုံတွေ့နေရသည့် ရေရှားပါးပြတ်လပ်မှုဒုက္ခမှ ကင်းဝေးစေမည်ဖြစ်ပေသည်။ ။

သတင်းဆောင်းပါး - နိုင်လင်းကျော် (ဒလ)

မိတ္ထီလာမြို့နယ်၌ သစ်ပင်စိုက်ပျိုးခြင်းနှင့် အမှိုက်စီမံခန့်ခွဲခြင်းဆိုင်ရာများ ပညာပေးဟောပြော

မိတ္ထီလာ မေ ၂၀

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် Action Aid Myanmar တို့ ပူးပေါင်း၍ သစ်ပင်စိုက်ပျိုးခြင်းနှင့် အမှိုက်များ စနစ်တကျ စီမံခန့်ခွဲခြင်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို မေ ၂၀ ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင့်က မိတ္ထီလာမြို့ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ကျန်းမာရေးထိခိုက်မှုများ မရှိစေရေးအတွက် စနစ်တကျ အမှိုက်စီမံခန့်ခွဲခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးစိုးလွင်သူက သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Action Aid Myanmar မှ စီမံကိန်းတာဝန်ခံ ဦးတိုးတိုးက မြို့ပေါ်ရပ်ကွက် ၁၄ ခုတွင် သစ်ပင်များ စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Action Aid Myanmar မှ တာဝန်ခံများနှင့် ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက မိတ္ထီလာကန်ပေါင်ဘေး၌ သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

လေပြင်းဒဏ်သင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

ရမည်းသင်း မေ ၂၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် မေ ၁၈ ရက် ညနေက မိုးရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခြင်းကြောင့် မြို့နယ်အတွင်းမှ နေအိမ်အဆောက်အအုံအချို့ ပျက်စီးခဲ့ခြင်းအတွက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများကို မေ ၁၉ ရက်က ပေးအပ်ခဲ့သည်။

ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် လေပြင်းတိုက်ခတ်ခြင်းကြောင့် ပျက်စီးမှုများရှိခဲ့သော ကုလားမျောကျေးရွာမှ ဘုန်းတော်ကြီးကျောင်း အဆောက်အအုံနှင့် ကျေးရွာအုပ်စု ခုနစ်စုရှိ ကျေးရွာ ၁၂ ရွာမှ လူနေအိမ် ၂၄ လုံးအတွက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးပါပုံး ၂၄ ပုံးနှင့် ပျက်စီးဆုံးရှုံးမှု အနည်းအများအလိုက် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၄၈၀၀၀၀ ကို ရမည်းသင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်နှင့် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သွဲ့သွဲ့လင်းတို့က လေပြင်းဒဏ်သင့် အိမ်ထောင်စုထံသို့ လက်ရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

နမ့်ဆန်၌ အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးစီမံချက်အကြောင်း မိတ်ဆက်ရှင်းလင်း

နမ့်ဆန် မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဒေသဦးစီးအဖွဲ့ခန်းမ၌ တအာင်း(တအာန်း)အမျိုးသမီးအဖွဲ့အစည်းမှ စီစဉ်၍ အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးစီမံချက်အကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို မေ ၁၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တအာင်းအမျိုးသမီးအဖွဲ့မှ တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကာ တအာင်းအမျိုးသမီးအဖွဲ့ တာဝန်ခံ လွေးမည်ကြီက အမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေး စီမံချက်များ၊ တအာင်းအမျိုးသမီးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက နမ့်ဆန်မြို့နယ်၌ တအာင်းအမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကွန်ရက် ဖွဲ့စည်းရာတွင် အဆင်ပြေချောမွေ့စေရန် အကြံပြုဆွေးနွေးပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကာ တအာင်းအမျိုးသမီးအဖွဲ့ တာဝန်ခံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အောင်မိုး(ပြန်/ဆက်)

ကံမမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းသစ် ဖောက်လုပ်ပြီးစီး

ကံမ မေ ၂၀

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ဝန်လိုကိုင်းကျေးရွာ၌ ဒေသတွင်းမှ လယ်ယာထွက်ကုန်များ မြို့ပြသို့တင်ပို့ရာတွင် လွယ်ကူစေရန်အတွက် ကျေးလက်ကုန်ထုတ်လမ်းသစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ပေးခဲ့ရာ လုပ်ငန်းများ ပြီးစီးသွားသဖြင့် ဖွင့်ပွဲကို မေ ၂၀ ရက်က ကျင်းပခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့်ဦးမြင့်အောင်၊ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကြီးနှင့်ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြတ်ကျော်တို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကုန်ထုတ်လမ်းသစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေ ကျပ် ၃၉ ဒသမ ၇၁၆ သန်းဖြင့် လမ်းအရှည် တစ်မိုင်တွင် အကျယ် ၁၉ ပေ၊ ထု နှစ်ပေရှိ အောက်ခံကျောက်ရောမြေခင်းခြင်းနှင့် အကျယ် ၁၂ ပေ၊ ထု တစ်ပေရှိ မြေနီခင်းခြင်းများကို ဟန်သီရိလွင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် မွမ်းမံရန်ပုံငွေ ကျပ် ၇ ဒသမ ၂ သန်းဖြင့် အရှည် ပေ ၂၀၊ အကျယ်ငါးပေ၊ အမြင့်ခြောက်ပေရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်း၊ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းနှင့် မြေသားတာပေါင်ချဲ့ခြင်း လုပ်ငန်းများကို ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြကျော်ဇင်သန်း (ကံမ)

ညောင်တုန်းမြို့နယ်၌ ဓမ္မစကူးလ်ထူးချွန်ဆုများချီးမြှင့်

ညောင်တုန်း မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဘုရားကုန်းကျေးရွာ ဇေယျသိဒ္ဓိ ဘုန်းတော်ကြီးကျောင်း၌ ဓမ္မစကူးလ် ထူးချွန် ဆုပေးပွဲအခမ်းအနားကို မေ ၁၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဥာဏဝံသက သြဝါဒပေး၍ တရားချီးမြှင့်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်၊ အုပ်စုကြီးကြပ်ရေးတာဝန်ခံ ဦးသန်းထွန်းဦးနှင့် စာရေးဆရာ ဦးညွန့်ဗိုလ်(သပြေထွန်း)တို့က ဓမ္မစကူးလ်ဆိုင်ရာ ဗဟုသုတရဖွယ်များ၊ ဘာသာသာသနာဆိုင်ရာ အသိပညာများ၊ ရိုးရာယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ဖွယ်ရာများ၊ ကျေးရွာအတွင်း ဓမ္မစကူးလ်ပညာရေး နှစ်ရှည်သင်ကြားပေးနိုင်ရေးနှင့် သင်တန်းသားဦးရေ တိုးပွားလာစေရေး စသည်တို့ကို ဟောပြောသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ကေဂျီတန်း ထူးချွန် ၁၄ ဦး၊ ပထမတန်းအဆင့် ထူးချွန် ၁၁ ဦး၊ ဒုတိယတန်းအဆင့် ထူးချွန် ကိုးဦး၊ တတိယတန်းအဆင့် ထူးချွန် ခုနစ်ဦး၊ စတုတ္ထတန်းအဆင့် ထူးချွန် ခုနစ်ဦး၊ ပဉ္စမတန်းအဆင့် ထူးချွန် ခြောက်ဦး၊ ဆဋ္ဌမတန်းအဆင့် ထူးချွန် ခုနစ်ဦး၊ (မင်္ဂလာ+နီတိ)တန်း ထူးချွန် ငါးဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး ပုဂ္ဂလိကအလှူရှင် ဦးသိန်းစိုး-ဒေါ်မြင့်မြင့်ခိုင်မိသားစုတို့ကလည်း သီးခြားဆုများ ချီးမြှင့်ပေးခဲ့ကြသည်။

သပြေထွန်း

အပူအကိုက်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)

ဒေဝယက္ခ အကိုက်ခဲကြောအကျောမြန်ဆေး

အပူအကိုက်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နှုရင်ကြော၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်
မိုးဦးကျဖြစ်တတ်သောရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ

အမှတ် (၃၇၃)၊ သနပ်ပင်လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။ Ph-052-2221422 , 09-5300141

MINGALAR CINEMAS

Mingalar Cinemas facebook

သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ / မင်္ဂလာဘုရင်နောင် 09402199991 09402199992,3	သွင် ၀၁-၃၇၂၅၉၄ ၀၉၇၃၂၃၅၅၆၀ / ရွှေဆောင် ၀၉၄၅၅၇၈၄၂၈၈၀ ၀၉၄၅၅၇၈၄၂၈၈၁	မင်္ဂလာ(၁) ၀၁-၂၄၃၀၅၇၊၂၄၃၀၅၇ / နေပြည်တော် ၀၉ ၄၅၇၇၄၂၈၈၂ ၀၉ ၄၅၇၇၄၂၈၈၃	မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂	GoldClass 09 266660911 09 266660922 09 266660933	မင်္ဂလာစံပြ ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅	မင်္ဂလာမ/ဥက္ကလာ 09402027001 09402027002 09402027003
Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂	မင်္ဂလာဝဇီရာ 09261901155,09261901166 / စိန်ဂေဟာ 09402177771, 09402177772, 09402177773	မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်မြိမ်) ၀၉၇၇၇၉၀၅၄၆၇၂ ၀၉၇၇၇၉၀၅၄၆၇၃	ဝင်းလိုက် မန္တလေး / မြို့မ မန္တလေး	မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂	Central Point မန္တလေး 09954086841 09954086842 09954086843	(မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၅၂၂၇၀၈၁၁ ၀၉၉၅၂၂၈၀၈၁၁ ၀၉၉၅၂၂၉၀၈၁၁
မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၈၃၇၅၁ ၀၉၇၉၁၁၀၈၃၇၅၂	မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆	NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၉၁-၂	မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၀ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၃	မင်္ဂလာ ရွှေဟသာ (ပဲခူး) ၀၉၄၂၈၈၃၆၆၉၄ ၀၉၄၂၈၈၃၆၆၉၅-၆	မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၁၁၂၂၈၈၀ ၀၉၄၄၁၁၂၂၈၈၂-၃	မင်္ဂလာ မြစန္ဒာ(မုံရွာ) ၀၉၇၆၆၆၆၂၅၈၀၊၂၃ / မင်္ဂလာ Ocean ၀၉၇၆၆၆၆၂၅၈၅ ၀၉၇၆၆၆၆၂၅၈၆-၇

ယောက်ဖ စစ်ဆင်ရေး

ရွှေဆောင်၊သွင်၊မင်္ဂလာ(၁)၊ TopRoy၊မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင်နောင်(တာမွေ) မကွေး - မင်္ဂလာစံပြ
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊ မန်နေပြည်တော်၊ Central Point
ပြည် - မင်္ဂလာထွန်းသီရိ တောင်ငူ - NEW 3D CINEMA
ပဲခူး - မင်္ဂလာIcon၊ ရွှေဟသာ မော်လမြိုင် - မင်္ဂလာဘုရင့်
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

ကျောမှာဂဠုန် ရင်မှာနဂါး

သမ္မတ၊ မင်္ဂလာ(၁)၊ TopRoy၊မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ဘုရင်နောင်(တာမွေ) ပဲခူး - မင်္ဂလာIcon၊
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊ Central Point တောင်ငူ - NEW 3D CINEMA
ပြည် - မင်္ဂလာထွန်းသီရိ မုံရွာ - မင်္ဂလာ Ocean

ပုသိန်ကြာ - ရွှေဆောင်၊ ဂမုန်းပွင့်၊ ဘုရင်နောင်

ALADDIN (3D)

နေပြည်တော်၊ မင်္ဂလာ(၂)၊ မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊မ/ဥက္ကလာ၊ ဘုရင်နောင်၊ GoldClass
မန္တလေး-မင်္ဂလာဒိုင်းမွန်း၊ Central Point
ပြည်- မင်္ဂလာထွန်းသီရိ မုံရွာ - Ocean

JOHN WICK CHAPTER 3

နေပြည်တော်၊ မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊ ဘုရင်နောင်၊ GoldClass ပဲခူး - မင်္ဂလာIcon၊
မန္တလေး-မင်္ဂလာဒိုင်းမွန်း၊ တောင်ငူ - NEW 3D CINEMA
မကွေး - မင်္ဂလာစံပြ မော်လမြိုင် - မင်္ဂလာဘုရင့်
မုံရွာ - မင်္ဂလာမြစန္ဒာ

CURSE OF LA LLORONA

နေပြည်တော်၊ ဂမုန်းပွင့်၊GoldClass
မန္တလေး-မင်္ဂလာဒိုင်းမွန်း၊ ပြည်- မင်္ဂလာထွန်းသီရိ မုံရွာ - Ocean

PEE NAK - ရွှေဆောင်

AVENGERS ENDGAME(3D) GoldClass

၂၃-၅-၂၀၁၉ နေ့မှ ပြသည့်ဇာတ်ကားသစ်များ

ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၅-၂၀၁၉ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၃၀ ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် အိမ်အမှတ် (၆၀-စီ)အစား ၆၀၉ မှတ်ပုံတင် ရကတအား ဥကတဟု ပြောင်းလဲပြင်ဆင်ဖတ်ရှုပါရန်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် နှင့် လူနေရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၆၀၉၊ အကျယ်အဝန်း (၄၀'×၆၀')ပေ ဧရိယာ (၀.၀၅၅)ဧကရှိသော နှစ် (၆၀)မြေငှားဂရန် မြေကွက်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါ မြေကွက်အမှတ် (၆၀၉)၊ မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက် ပိုင်ဆိုင်ကြောင်း နှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးဇော်ဝင်း (၁၃/မဖန(နိုင်) ၀၀၁၉၂၃)(ဘ)ဦးညွန့်ထိန် ထံမှ ဒေါ်ဆုပိုင် (၁၂/မရက(နိုင်) ၁၃၇၅၆၂)က လက်ရောက်ဝယ်ယူရန် စရံငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်နေ့မှစ၍ (၇)ရက်အတွင်း မြေကွက်နှင့် သက်ဆိုင်သည့် စာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအရ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်သိန်းကျော်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃)
ရုံးခန်း - တိုက် ၃၃၉၊ ပထမထပ်၊ ၁၅၇-လမ်းနှင့် ကျိုက္ကဆံလမ်းထိပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉ ၇၆၁၀၃၆၉၀၆၊ ၀၉-၇၃၀၅၄၉၇၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၃(က)၊မြေကွက်အမှတ်၇၂၊ မြေကွက်တည်နေရာ အမှတ်(၂၀၅/၂)(၁၁)လမ်း၊(၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကိုကို အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးကိုကို (AE-099399)သည် (၂-၁-၂၀၀၃) ရက်နေ့တွင်လည်းကောင်း၊ ဇနီး ဒေါ်တင်တင်လှသည် (၂၇-၈-၂၀၀၅) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်ကျော့ကျော့ဆွေ [၁၂/ဥကတ(နိုင်)၁၀၆၀၂၁]၊ ဦးတင်ကိုမင်း [၁၂/ဥကတ(နိုင်) ၁၀၀၈၈၇]၊ ဦးတင်ကိုလင်း[၁၂/ဥကတ(နိုင်)၁၁၀၈၈၈]၊ ဦးတင်ကိုထွေး [၁၂/ဥကတ(နိုင်)၁၀၃၄၀၁]၊ ဦးအေးဝင်း(ခ)ဦးတင်ကိုဝင်း[၁၂/ဥကတ(နိုင်)၁၃၃၈၁၅]၊ ဒေါ်စောသီရိသန့် (PZDG-000489) တို့က သားသမီးများဖြစ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ကျိုးမ်းကျိန်လွှာအမှတ် ၁၀/၄၁၈ (၅-၁၀-၂၀၁၈)၊ သေစာရင်းများနှင့် ဦးကိုကိုအမည်ပေါက် ဂရန်မူရင်းကိုတင်ပြ၍ ဒေါ်စောသီရိသန့်ထံမှ အထွေထွေကိုယ်စားလှယ်စာအမှတ် ၁၆၇/၁၈(၂၃-၈-၂၀၁၈)ဖြင့် ရရှိသူ ဦးအေးဝင်း (ခ)ဦးတင်ကိုဝင်း[၁၂/ဥကတ(နိုင်)၁၃၃၈၁၅]မှပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုတ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၀/၁၅၄၉(၁၉-၁၀-၂၀၁၈)နှင့် ကျန်သားသမီးများဖြစ်သော ဒေါ်ကျော့ကျော့ဆွေ၊ ဦးတင်ကိုမင်း၊ ဦးတင်ကိုလင်း၊ ဦးတင်ကိုထွေးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၁)ထပ်တိုက်တစ်လုံးရှိပြီး လျှောက်ထားသူများအနက် ဒေါ်ကျော့ကျော့ဆွေ၊ ဦးတင်ကိုမင်း၊ ဦးတင်ကိုဝင်း၊ ဦးတင်ကိုလင်းတို့(၄)ဦးနေထိုင်ကြောင်းတွေ့ရှိရသဖြင့် အဆိုပါလျှောက်ထားမှုအားတရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)၊
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၇၅

ဒေါ်ဝင်းမာဦး နှင့် ဦးဇော်ဝင်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၌)ရပ်ကွက်၊ ဂရုဏာ (၁)လမ်း၊ အမှတ် ၆၀၈နေဦးဇော်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ၍ လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား ခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဇွန် ၁၃ရက်(၁၃၈၁ခုနှစ် နယုန်လဆန်း ၁၁ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မေ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းတင့်)
ဒုတိယခရိုင်တရားသူကြီး(၁၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်နန်းနှင်းယုဝင်း ၁၃/တကန(နိုင်) ၂၁၀၆၅၇ မန္တလေးမြို့၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ၇၅လမ်းကြား၊ ၇၅လမ်းနှင့်၇၆လမ်းကြားနေသူမှ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်မတို့၏ Titanium Rose Co.,Ltd.သည် ၁၄-၉-၂၀၁၆ရက်တွင် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းမှတ်ပုံတင်ခွင့်ရရှိထားပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့် Titanium Rose Co.,Ltd. ၏အဖွဲ့ဝင်များဆောင်ရွက်ရန် သတ်မှတ်ထားသော စည်းမျဉ်းသဘောတူချက်များကို ကျော်လွန်ပြီး မိမိကိုယ်ကျိုးအတွက် အလွဲသုံး ဆောင်ရွက်ထားရှိမှုများကို Titanium Rose Co.,Ltd. မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နန်းနှင်းယုဝင်း
မန်နေဂျင်းဒါရိုက်တာ
Titanium Rose Co.,Ltd.

မိဘအမည်မှန်

မောင်ထက်နေလင်း၊ မောင်ပိုင်ဖြိုးဝေတို့၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်သန်း(ခ)ဦးမောင်သန်း ၁၄/လပတ(နိုင်) ၁၅၃၄၀၂ဖြစ်၍ မိခင်အမည်မှန်မှာ ဒေါ်ရင်ရင်ထွေး(ခ)ဒေါ်စိုးမိုးထွေး ၁၄/မမက(နိုင်)၁၃၆၄၄၂ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးသူရထွန်း ၁၂/ဥကတ(နိုင်) ၁၇၀၄၄၈၏သား တောင်ဥက္ကလာပမြို့နယ် အလက(၁) ပဉ္စမတန်းမှ မောင်လူမင်းအောင်အား မောင်အုပ်စိုးခန့်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ်အထက(ခွဲ) အဋ္ဌမတန်းအောင် မြင်ပြီးသူ မပြည့်ပြည့်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးသက်နိုင် ၈/စလန(နိုင်)၁၁၆၀၃၉ဖြစ် ပါသည်။

ဦးသက်နိုင်

အမြန်ရောင်းမည်

၁၀ပေ×ပေ၆၀ RC ၁ထပ်၊ အိမ်အမှတ်(၁၇)၊ သုနန္ဒာ(၆)လမ်း
(စ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
အကျိုးဆောင်များလည်းဆက်သွယ်နိုင်သည်
ဖုန်း-၀၉-၅၀၁၂၁၆၂၊ ၀၉-၉၆၅၀၁၂၁၆၂

တစ်ဦးတည်းဖြစ်ပါကြောင်း

ကသာမြို့၊ အမက(၁)မှလွန်သတ္တမတန်းမှ မပိုးအိသူ၏ ဖခင်မှာ ဦးခင်မောင်ထွန်းနှင့် ဦးထွန်းထွန်း ၅/ကသန(နိုင်)၀၀၃၆၁၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထွန်းထွန်း(ခ)ဦးခင်မောင်ထွန်း

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရမည်းသင်းမြို့၊ ပန်းတိမ်ရပ်နေ ဦးမြင့်သိန်း-ဒေါ်စန်းစန်းဝင်းတို့၏သား မောင်သက်ဟိန်းမြင့် ၉/ရမသ(နိုင်)၁၇၉၉၉၉ သည် မိဘနှစ်ပါးဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိသားစုအသိုင်းအဝိုင်းနှင့် မပတ်သက်ကြောင်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(မေးမြန်းခြင်းသည်းခံပါ။)

ဖခင် - ဦးမြင့်သိန်း
မိခင် - ဒေါ်စန်းစန်းဝင်း

အမည်ပြောင်း

ကသာမြို့၊ ရပ်ကွက်(၉)၊ အပိုင်း(၃)နေ ဦးအောင်ဆန်း၏သမီး ဒေါ်အိအိဖြိုး(အလုပ်သင်ရှေ့နေ)အား ဒေါ်အိအိသွင် ၅/ကသန(နိုင်)၀၆၈၇၂၃ ဟု ပြောင်းလဲခေါ်ပါရန်။

ဒေါ်အိအိသွင်

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဇော်မြင့် ၁၄/မအပ(နိုင်)၁၉၉၇၈၂၏ သင်္ဘောသားလုပ်သက်မှတ်တမ်း စာအုပ်အမှတ် ရန်-၁၁၀၂/၂၀၀၅ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၇၅၉၇၇၇**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့် (၄) လမ်း၊ အမှတ် (၃၉)၊ (၂) ခန်းတွဲ RC (၆) ထပ်တိုက်၏ ၅-လွှာ (ခြေရင်းခန်း) (၁၂×၅၀) ပေ၊ နှစ် (၆၀) ဂရန်မြေကွက်ပေါ်ရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြသူများဖြစ်ကြသည်ဟု ဝန်ခံပြောဆိုကမ်းလှမ်းသူများ (ဒေါ်နန်းအေးခိုင် (၁၂/မဂတ (နိုင်) ၀၇၂၀၀၅) နှင့် ဒေါ်အေးသုမွန် (၁၂/မဂတ (နိုင်) ၀၈၅၈၅၄) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟအောင် (၁၂/လမတ (နိုင်) ၀၃၄၈၄၉) က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများ နှင့်တကွ ဤကြေညာပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးသီဟအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်သန်း
B.A (Law), LL.B, D.M.L,D.B.L,D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၁၉၉/၇၄)
အမှတ် (၈၁)၊ မြေညီ၊ (ဝဲ)၊ ၁၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Phone-09-5179323, 09-450063605,09-799085227

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

၂၀၁၂ ခုနှစ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၁၁)၊ ပုဒ်မ ၃၈-ခတွင် မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားရှိပါသည်။

ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်များ သင်္ဘောတင်သည့်ရက်မှ ခြောက်လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းအသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် တာဝန်ရှိပါသည်။

ဗဟိုဘဏ်မှ အကြောင်းကြားလာမှုအရ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေဝင်ရောက်ရန်ကျန်ရှိသော ကုမ္ပဏီများအနေဖြင့် ရက်ပေါင်း(၆၀)အတွင်း မိမိတို့ဘဏ်စာရင်းသို့ ပို့ကုန်ရငွေများ ထည့်သွင်းသွားကြရန် ၂၀-၃-၂၀၁၉ ရက်တွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယနေ့အထိ ပို့ကုန်ရငွေအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း မိမိတို့၏ သက်ဆိုင်ရာဘဏ်စာရင်းတွင် ပြန်လည်ထည့်သွင်းရန် ကုမ္ပဏီ(၉၃)ခု ပျက်ကွက်လျက်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုမ္ပဏီများအနေဖြင့် ယခုကြေညာသည့်ရက်မှ ၅-၆-၂၀၁၉ရက်အထိ ပို့ကုန်ဝင်ငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့် ထည့်သွင်းရန်နှိုးဆော်လိုက်သည်။ ယင်းကာလအတွင်း ထည့်သွင်းရန်ပျက်ကွက်သည့် ကုမ္ပဏီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ်ပိတ်သိမ်းခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း နောက်ဆုံးအကြိမ်အဖြစ် အသိပေးအပ်ပါသည်။

မှတ်ချက်။ ပျက်ကွက်သည့် ကုမ္ပဏီအမည်စာရင်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website-www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ မေ ၂၀ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ကချင်ပြည်နယ်
မိုးညှင်းမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်အထောက်အပံ့မှ ရငွေ(ပြည်တွင်း)(EU Budget Grant)ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း)၏ အောက်ပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	လုပ်ငန်းအမည်	စီမံကိန်းတန်ဖိုး (ကျပ်သန်း)	၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ(ကျပ်သန်း)	နေရာ
၁	ဂဝဆန့်ကျောင်းသား/သူဆောင် ပေ(၂၁၁×၇၀) RC ၂ထပ် (၁၇၁၄၄ စ/ပေ) ၁လုံး	၄၁၁.၄၅၆	၁၀၂.၈၆၄	အစိုးရနည်းပညာကောလိပ်(မိုးညှင်း)

၂။ တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်/အချိန် - ၂၂-၅-၁၉ရက် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၀-၆-၁၉ရက် ညနေ ၄နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၂-၆-၁၉ နံနက် ၁၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း သက်ဆိုင်ရာကျောင်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။
ဖုန်း-၀၉-၄၀၀၀၁၇၉၉၈၊ ၀၉-၂၅၆၀၇၆၀၇၉

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြဝတီမြို့၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဒေါ်သန္တာမြင့် ၃/ကဆက(နိုင်)၀၁၂၃၂၉ ၏သား မောင်အောင်သူဦး ၁၂/သကတ(နိုင်)၂၁၂၉၆၇ သည် မိဘ၏ဆိုဆုံးမမှုကို လုံးဝနာခံခြင်း မရှိသည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုး ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာလိုက်သည်။

မိခင်-ဒေါ်သန္တာမြင့်

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင် ပြည်သူများအတွက် ယာယီအဆောက်အအုံများဆောက်လုပ်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အောက်ဖော်ပြပါ မြို့နယ်များရှိ ယာယီစခန်းများတွင် နေရာချထားနိုင်ရေးအတွက် ယာယီအဆောက်အအုံများ ဆောက်လုပ်ရန် တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

တည်နေရာများ
- ရသေ့တောင်မြို့နယ် (သောင်းဒရား/ရွာသစ်ကေ)၊ ပုဏ္ဏားကျွန်းမြို့နယ် (အထက်မြတ်လှဲ/သာစည်)၊ မြောက်ဦးမြို့နယ်(တိမ်ညို/ဓမ္မာရာဇ်)၊ မင်းပြားမြို့နယ်(နဒင်)၊ ဘူးသီးတောင်မြို့နယ်(မြောင်းနား/အထက်ကျွဲချိုမော်)

စခန်းအမျိုးအစား
- ကွန်ကရစ်ဖိနပ်တိုင်၊ Hollow Pipe Structure အမိုးအကာ(Aluzinc)၊ ကြမ်းခင်း (၅ ထပ်သား)

စခန်းအရွယ်အစား
- ပေ(၁၀၀×၃၀) ပေ(၁၀×၁၅၊ ၂၀ခန်း)ပါ လူနေအဆောက်အအုံ၊ ပေ(၆၅×၄၀) စားဖိုဆောင်၊ ပေ(၆၅×၂၀) လုံခြုံရေးအဆောင်၊ ပေ(၄၀×၂၅) လုံခြုံရေးရုံး/စီမံခန့်ခွဲရေးရုံး/ကျန်းမာရေးဆေးပေးခန်း၊ ပေ(၄×၂ပေ၆လက်မ) နှစ်ခန်းတွဲ အိမ်သာ

၂။ တင်ဒါလျှောက်လွှာများဝယ်ယူရန်၊ တင်ဒါစည်းမျဉ်း/စည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ၂၁-၅-၂၀၁၉ ရက်မှ ၂၇-၅-၂၀၁၉ရက် အထိ(ရုံးချိန်အတွင်း) အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်-
- ပြည်နယ်တည်ဆောက်ရေးလုပ်ငန်းအထောက်အကူပြုအဖွဲ့၊ တင်ဒါစိစစ်ရေးဌာနစိတ်၊ စစ်တွေမြို့၊ ဆက်သွယ်ရန်-ဖုန်း-၀၉-၄၅၈၃၄၄၄၇၄၊ ၀၄၃-၂၂၆၆၁

တင်ဒါလက်ခံရေး/စိစစ်ရေးလုပ်ငန်းကော်မတီ
ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်တွေမြို့

တိုးမြှင့်ပင်စင်လျှောက်ထားပါရန် ထပ်မံနှိုးဆော်ခြင်း

လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများမှ အငြိမ်းစားယူခဲ့ကြသော အောက်ဖော်ပြပါ ပင်စင်စားများမှာ တိုးမြှင့်ပင်စင်လျှောက်ထားရန် ကျန်ရှိနေပါသေးသည်။ ၄င်းပင်စင်စားများကို ဤရုံးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၂-၄-၂၀၁၃ ရက်နှင့် ၃-၃-၂၀၁၄ရက်တို့တွင် မြန်မာ့အလင်းသတင်းစာ၌ နှိုးဆော်ကြေညာခဲ့ပြီးဖြစ်ပါသည်။ သို့ပါသော်လည်း ယနေ့အထိ လာရောက်ဆက်သွယ်လျှောက်ထားခြင်းမရှိပါသဖြင့် ဤရုံးနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် ထပ်မံအသိပေး နှိုးဆော်အပ်ပါသည်။

စဉ်	အမည်	ရာထူး	ပင်စင်အမျိုးအစား
(၁)	ဦးမောင်လ	အမှုထမ်း၊တပ်ကြပ်(အစားခန့်)	သက်ပြည့်ပင်စင်
(၂)	ဒေါ်ခင်စိန်	ထုတ်လုပ်ရေး(အတန်း-၂)	နာမကျန်းပင်စင်
(၃)	ဦးကျော်တင့်	အမှုထမ်း၊ဒုအရာခံဗိုလ်(အစားခန့်)	နာမကျန်းပင်စင်
(၄)	ဒေါ်စန်းစန်းမင်း	အမှုထမ်း၊တပ်ကြပ်(အစားခန့်)	မိသားစုပင်စင်

လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများ

ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက(၁) နဝမတန်းအောင်မှ မဖြိုးဖြိုးစံ၏ ဖခင်အမည်မှန်မှာ NIKUNJA BARUA ၁၁/မဉန (ဧည့်) ၀၀၀၀၀၇ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊မြေကွက်အမှတ်(၁၂၄၁/က)၊မြေကွက်တည်နေရာအမှတ်(၁၂၄၁/က)၊စိန်မြရုံချယ်လမ်း၊(၅၆)ရပ်ကွက်၊ဒဂုံတောင်မြို့နယ်ဦးရဲမြင့်(MTVT-၀၁၃၅၆၄)အမည်ပေါက်ပါမစ်မြေမြေအားပါမစ်အမည်ပေါက်ဦးရဲမြင့်(MTVT-၀၁၃၅၆၄)ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်(၉-၉-၂၀၀၇)ရက်နေ့တွင်ဒေါ်တင်တင်ဆေ(TME-၀၁၂၄၈၃)(၁၂/မဂတ(နိုင်)၀၆၁၂၅၇)မှဝယ်ယူခဲ့ပြီး၄င်း၏မြေချပါမစ်မူရင်းမှာသိမ်းဆည်းထားရာမှခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ကျမ်းကျိန်သူအရာရှိ၏ကျမ်းကျိန်လွှာအမှတ်-၁၅၈/၂၆-၃-၁၅၊ပါမစ်ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်များဖြင့်မြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်ပျဉ်ထောင်သွပ်မိုး၂၀'×၆၀'(၁)လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။၄င်းနှင့်အတူနေထိုင်သူဒေါ်စန်းမြင့်မှလည်းဒေါ်တင်တင်ဆေမှနှစ်(၆၀)မြေငှားစာချုပ်(ဂရန်သစ်)လျှောက်ထားခြင်းအားကန့်ကွက်ရန်မရှိသဖြင့်ပါကြောင်းနှင့်ဒေါ်တင်တင်ဆေ၏မှတ်ပုံတင်အမှတ်ကွဲလွဲနေခြင်းအားရှင်းလင်းရန်အကြောင်းကြားခဲ့ရာ အရောင်းအဝယ်စာချုပ်တွင်TME-၀၁၃၄၈၃၊အိမ်ထောင်စုစာရင်းကူးယူရာတွင်(၀၁၂၄၈၃)အစား(၀၁၃၄၈၃)ဖြင့်မှားယွင်းရေးမိကြောင်း၊အိမ်ထောင်စုစာရင်းမှ(TME-၀၁၂၄၈၃)မှာအမှန်ဖြစ်ပါကြောင်း၊စာချုပ်ချုပ်ဆိုပြီးမှတ်ပုံတင်မှာဓာတ်ပုံပျက်နေပါသဖြင့်တောင်ဒဂုံ(လ.ဝ.က)ရုံးတွင်အသစ်ပြန်လည်လျှောက်ထားရာ(၁၂/မဂတ(နိုင်)၀၆၁၂၅၇)ဖြစ်ပါကြောင်းရှင်းလင်းတင်ပြလာပါသဖြင့်တင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်သစ်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ (၁၀)ရပ်ကွက်၊ တိုက်အမှတ် (၄၁)၊ အခန်းအမှတ် (၁၄) တွင်နေထိုင်သော ဒေါ်ရွှေသီရိခေတ် သည် အောက်ဖော်ပြပါ အမှတ်တံဆိပ် အမှတ်အသားများကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း မြွက်ဟကြေညာချက် ပြုလုပ်ကာ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ရန်ကုန်မြို့တွင် မှတ်ပုံတင်အမှတ် ၄/၁၉၃၄၉၊ ၄/၁၉၃၅၀၊ ၄/၁၉၃၅၁၊ ၄/၁၉၃၅၂ (ရက်စွဲ ၃၀-၄-၂၀၁၉)အရ တရားဝင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။

၄/၁၉၃၄၉

၄/၁၉၃၅၀

၄/၁၉၃၅၁

၄/၁၉၃၅၂

အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားများဖြင့် ဖက်ရှင်၊ အနုပညာနှင့်ပတ်သက်သော ဖန်တီးမှုများနှင့် အခြားသော ဝန်ဆောင်မှု လုပ်ငန်းများအစရှိသည့် ဝန်ဆောင်မှုများတွင်ပါ အသုံးပြုသွားမည် ဖြစ်ပါသည်။

ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ပုံတူပုံမှား ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တစ်နည်းနည်းတုပခြင်း၊ အခွင့်မရှိဘဲ အသုံးပြုခြင်း၊ ခွင့်ပြုချက်နှင့် သွေဖည်လျက် အသုံးပြုကြောင်း တွေ့မြင်ကြားသိပါက ကျူးလွန်သူအား တည်ဆဲဥပဒေ များနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများပြည်သူတို့ သိရှိရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေအောင်နိုင် အထက်တန်းရှေ့နေ (စဉ်-၄၃၉၃၈)
ဖုန်း-၀၉၄၂၁၇၃၆၃၈၈

ဒေါ်အေးအေး ၁၂/ဥကမ(နိုင်)၀၂၁၀၉၃ နှင့် အများသိစေရန်

ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်ခင်မျိုးဝင်း ၁၂/ဥကမ(နိုင်)၀၁၅၇၈၄၊ ဦးမျိုးဇော်ဦး ၁၂/ဥကမ(နိုင်)၁၅၀၈၅၈၊ ဒေါ်ဇင်မာဝင်း ၁၂/ဥကမ(နိုင်)၂၁၇၄၆၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် ဦးဝင်းမြင့်(ခ)ဦးလင်ကုတ်၏ ပထမအိမ်ထောင်မှမွေးဖွားသော သားသမီးများဖြစ်ပြီး ဒေါ်အေးအေးသည် ဒုတိယအိမ်ထောင်ဖြစ်ကာ ၄င်းနှင့် သားသမီးထွန်းကားခြင်း မရှိပါ။

ဖခင်ဖြစ်သူ ဦးဝင်းမြင့်(ခ)ဦးလင်ကုတ်သည် ၁၂-၄-၂၀၁၉ ရက်တွင် ကွယ်လွန်ခဲ့ပြီး ၄င်းကွယ်လွန်ချိန်တွင် ဒေါ်အေးအေး၏လက်ဝယ်၌ အောက်ဖော်ပြပါပစ္စည်းများသည် အမွေဆိုင်ပစ္စည်းများအဖြစ် ကျန်ရှိပါသည်။

(၁)။ အမှတ်(၃၆)၊ မင်းရန်အောင် ၁လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော (၄၀'×၆၀') မြေနှင့်မြေပေါ်ရှိ သုံးထပ်ခွဲတိုက်အဆောက်အအုံ။ (လက်ရှိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အေးမြင့်မိုရ်ဟိုတယ်လုပ်ငန်းအပါအဝင် အကျိုးခံစားခွင့်များ)

(၂)။ အမှတ်(၃၉/ခ)၊ မင်းရန်အောင် ၁လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော(၂၀'×၆၀') မြေနှင့်မြေပေါ်ရှိ နှစ်ထပ်ခွဲအဆောက်အအုံ။

(၃)။ အမှတ်(၄၀/က)၊ မင်းရန်အောင် ၁လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော(၂၀'×၆၀') မြေနှင့်မြေပေါ်ရှိ တစ်ထပ်အဆောက်အအုံ။ (လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အေးမြင့်မိုရ်ကွန်ပျူတာ ပန်းထိုးစက်ရုံလုပ်ငန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်)။

(၄)။ အမှတ်(၃၇)၊ မင်းရန်အောင် ၁လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော(၄၀'×၆၀') မြေနှင့်မြေပေါ်ရှိ တစ်ထပ်ခွဲအဆောက်အအုံ။ (လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော Vantage အမည်ဖြင့် အထည်ချုပ်စက်ရုံလုပ်ငန်းနှင့် အကျိုးခံစားခွင့်များ။)

(၅)။ အမှတ်(၄၁)၊ မင်းရန်အောင် ၅လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော (၁၈'×၆၀') မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ။

(၆)။ အမှတ်(၂၆၅)၊ (၂၆၆) ပထမထပ်၊ ယခင်မင်္ဂလာဈေးရှိ အကျယ်အဝန်း(၅'×၅')ဆိုင်ခန်း နှစ်ခန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်ရရှိမည့် အခွင့်အရေးအရပ်ရပ်။

(၇)။ ယာဉ်အမှတ်(2P/2465) မိုးပြာရောင် Honda Fit Shuttle မော်တော်ယာဉ်(၁)စီး။

(၈)။ ယာဉ်အမှတ်(6F/1884) Toyota Townace Pick up မော်တော်ယာဉ်(၁)စီး။

ဖော်ပြပါပစ္စည်းများတွင် ဦးဝင်းမြင့်(ခ)ဦးလင်ကုတ်၏ သားသမီးရင်းများဖြစ်သော ကျွန်ုပ်မိတ်ဆွေများအနေဖြင့် ဥပဒေအရ အမွေဆက်ခံအကျိုးခံစားခွင့်ရှိသူများဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမွေဆိုင်ပစ္စည်းများနှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေများ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်အား ခွဲဝေပေးအပ်ခြင်းမပြုမီတွင် ကျွန်ုပ်မိတ်ဆွေများ၏ အခွင့်အရေး ထိခိုက်နစ်နာစေမည့်၊ ယုတ်လျော့စေမည့် မည်သည့် လွှဲပြောင်းမှုမျိုးကိုမှ တစ်နည်းနည်းဆောင်ရွက်ခြင်းမပြုပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးစိုးမာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၄)
ဖုန်း-၀၉-၅၀၈၄၈၅၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၅၇၉၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းကြည် ၉/မခန(နိုင်)၁၄၂၁၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

ကန့်ကွက်နိုင်ပါသည်

ကျွန်တော် ဦးမင်းကိုကိုဦး ၆/ကသန(နိုင်)၀၀၀၇၇၉၊ အမှတ် ၄၉၂၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့နေထိုင်သူ ဒေါ်ခိုင်ခိုင်မင်း ၁၂/သလန(နိုင်)၀၇၇၆၆၉၊ အမှတ် ၂၉၊ ပုညဝဇ္ဇန လမ်း၊ နတ်ချောင်း၊ တာမွေ၊ ရန်ကုန်မြို့ နေထိုင်သူထံမှ အမှတ်(၄-၆-၈-၁၀) တတိယထပ်၊ သရဖီလမ်း၊ နှင်းဆီကုန်း ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော(၁၅ပေ× ၅၅ပေ) တိုက်ခန်းအား ဝယ်ယူထားပါသည်။ သို့ဖြစ်ပါ၍ ၄င်းတိုက်ခန်းနှင့်ပတ်သက်၍ အရှုပ်အရှင်း၊ ပေါင်နှံ၊ ရောင်းချထားခြင်း၊ အမွေဆက်ခံခြင်းစသော ကိစ္စအဝဝများ ရှိခဲ့ပါက တစ်ပတ် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးမင်းကိုကိုဦး
၆/ကသန(နိုင်)၀၀၀၇၇၉
ဖုန်း-၀၉-၅၁၅၀၀၆၀

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်
၁	ဒေါ်ကြူကြူသန်း	၁၂/လမန(နိုင်)၀၄၈၃၂၁	၂၉၊ သုခမြိုင်လမ်းနှင့်သီရိမင်္ဂလာလမ်းထောင့်၊ ၈-ရပ်ကွက်၊ လှိုင်	၁၄	၅/ဖ(၉-၁)	ဒေါ်သန်းမြင့်
၂	ဦးထင်လင်းဇော်	၁၂/ဥကမ(နိုင်)၂၀၁၄၀၄	၂၆၇ ဘီ ၊ ဘုမ္မာ(၈)လမ်း၊ ည-ရပ်ကွက်၊ မြောက်ဥက္ကလာပ	ည	၂၆၇ ဘီ	ကိုအေးမြင့်
၃	ဦးဝင်းနိုင်	၁၂/အစန(နိုင်)၀၈၃၈၉၅	၅၅၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်	၁၀/၀ ရွာမ	၁၄/က/၁	ဦးခမ်ခန့်မှုန်+၁
၄	ဒေါ်ခင်မိုးမိုးနိုင်	၇/ပတန(နိုင်)၀၀၇၃၄၆	၇၅၊ ကျန်စစ်သားလမ်း၊ အနန်းပင်ရပ်ကွက်၊ မင်္ဂလာဒုံ	၄၀၉/ခ (သရက်ကုန်းကွင်း)	၃၈	မစ္စစ် I ဂေါ်ခင်
၅	ဦးနန်းအောင်	၁၄/ပသန(နိုင်)၀၁၄၃၆၈	၂၈/ခ၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်း	ရန်ကုန်သစ်	၇၂၈(Portion)	ဦးတင်ဝင်း
၆	ဒေါ်ဘုန်းချစ်	၁၂/အစန(နိုင်)၀၆၈၉၂၃	၁၀/၁၀၊ အမှတ်(၄)လမ်း၊ အုတ်ဖိုကျေးရွာအုပ်စု၊ ရွှေပြည်သာ	၅၃၈/က	၄၄/က	ဦးဘညိန်း
၇	ဦးမြင့်မြတ်သူ	၁၂/ဥကတ(နိုင်)၁၈၀၈၆၆	၅၈၆/က ဘီ ၊ ဆုပြည့်ရတနာ(၄)လမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၅၆	၅၈၆/က	ဒေါ်မအောင်
၈	ဒေါ်လွင်လွင်မြင့်	၁၂/ဗဟန(နိုင်)၀၆၃၂၄၀	၃၉/ခ၊ နေသူရိန်လမ်း၊ ဆရာစံ/တောင်ရပ်ကွက်၊ ဗဟန်း	၃၅ စီဂျီ	၁၄၂၂	ဦးအောင်ထွန်း+၁
၉	ဒေါ်နန်းခင်စန်းရီ	၁၄/ရကန(နိုင်)၀၂၀၂၇၀	၄၁၆/ခ၊ တွံတေးလမ်း၊ ၁၀-ရပ်ကွက်၊ ရွှေပြည်သာ	၃၄	၄၁၆/ခ	ဦးအောင်မြင့်
၁၀	ဦးမြင့်ဦး	၁၂/လသန(နိုင်)၀၀၄၅၈၄	၁၀၆၃၊ စစ်ကိုင်းလမ်း၊ ၁၃-ရပ်ကွက်၊ ရွှေပြည်သာ	ပ/၃၇	၁၀၆၃	ဗိုလ်ကြီးသိန်းဌေး
၁၁	ဒေါ်တင်တင်ဌေး	၁၂/သတန(နိုင်)၁၅၀၅၆၆	၁၀၀၁၊ ကန်သာယာ(၂)လမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)	၃၅	၁၀၀၁	ဦးဖိုးကျန်
၁၂	ဦးဇော်မင်းသန်း	၁၄/ကပန(နိုင်)၁၅၀၂၉၂	၄၂/က၊ ရေကြည်လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်သာယာ	သကမ-၁၂	၄၂/က	ဦးဆန်ခမန်
၁၃	ဒေါ်စန်းစန်းအေး	၁၂/လမန(နိုင်)၀၈၂၅၉၀	၁၅၂/ခ၊ ဗိုလ်အောင်ကျော်လမ်း၊ ၁၄-ရပ်ကွက်၊ လှိုင်သာယာ	၇	၁၅၂/ခ	ဒေါ်ကြည်
၁၄	ဒေါ်အမာရီ	၅/ငစန(နိုင်)၀၅၃၃၀၃	၄၂၀/ခ၊ အောင်မင်းခေါင်(၃)လမ်း၊ ၇-ရပ်ကွက်၊ လှိုင်သာယာ	၂	၄၂၀/ခ	ဦးညွန့်လှိုင်
၁၅	ဦးစန်းလွင်	၁၄/ဟသတ(နိုင်)၁၁၂၂၁၆	၂၅၉၊ အေးရိပ်မြိမ်လမ်း၊ ရှမ်းချောင်းကျေးရွာအုပ်စု၊ လှိုင်သာယာ	ရှမ်းချောင်း	၂၅၉	ဦးအောင်သင်၊ ဒေါ်ဝင်း
၁၆	ဦးစောတောဖိုမူး	၁၂/ရပသ(နိုင်)၀၀၇၆၁၆	၃၈/က+ခ၊ ဝေဠုဝန်လမ်း၊ ကျောင်းကုန်းကျေးရွာအုပ်စု၊ ရွှေပြည်သာ	၅၃	၃၈/က၊ ၃၈/ခ	ဦးတင်မောင်ထွန်း၊ ဒေါ်ခင်ခင်တိုး
၁၇	ဒေါ်ကြည်ကြည်နိုင်	၇/လပတ(နိုင်)၁၃၅၁၃၇	၅၁၉/က၊ ပေါ်တော်မူလမ်း၊ ၂၀-ရပ်ကွက်၊ ရွှေပြည်သာ	၄၅	၅၁၉/က	ဦးကျော်ဝင်း
၁၈	ဦးသောင်ထွန်းဦး	၁၂/ဥကတ(နိုင်)၀၆၈၂၄၃	၄၂၁/၄၂၂/၄၂၃၊ ရတနာပုံလမ်း၊ ၁၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၁၃၂	၄၂၁၊ ၄၂၂ ၊ ၄၂၃	ဦးအုန်းကြည်၊ ဗိုလ်ကြီးစိုးမြင့်၊ ဒေါ်သောင်းညွန့်
၁၉	ဦးသန်းလွင်+၁	၁၂/ကမရ(နိုင်)၀၄၅၄၉၃	၂၆၊ ရွှေဝါထွန်းလမ်း၊ ရွာမရပ်ကွက်၊ မင်္ဂလာဒုံ	၅၂၃-A	၂၆	မာမက်မောင်
၂၀	ဦးမြင့်နိုင်ဝင်း	၇/သနပ(နိုင်)၁၃၆၉၇၆	၂၄၅၊ မင်းရဲကျော်စွာ(၈)လမ်း၊ ၃-ရပ်ကွက်၊ လှိုင်သာယာ	၂	၂၄၅	ဒေါ်ခင်စိန်

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သီဟစိုး B.S.T လက်မှတ်မူရင်း ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၅၀၁၉၈၂

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/6748 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/6728 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၅)၊ မြေကွက်အမှတ်(၁၅၂၉/ခ)၊ မြေကွက်တည်နေရာအမှတ် ၁၅၂၉/ခ အောင်ဆေးယူလမ်း(၁၉)ရပ်ကွက် လှိုင်သာယာမြို့နယ်၊ ဦးထွန်းတင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးထွန်းတင်(၁၂/လသယ(နိုင်)၀၈၆၄၅၆) ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရုံးစနစ်ထောက်ခံစာ ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

RUBY ကားစီးလုံးငှားသည်

519100
09-51-77212, 535100

ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၅) စီးယာဉ်များနှင့် Saloon,Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃အေ၊ မြေကွက်အမှတ်-၅၈၊ ဧရိယာ ၀ ဒသမ ၀၃၅ဧက=အတိုင်းအတာ (ပေ)၂၈'/၂၆'×၅၃'၆"/၅၈'=၁၅၀၅ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်-၇၊(၁၅၄)လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ မလှကျင်အမည်ပေါက် နှစ်(၉၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဒေါ်လှကျင်(မိခင်)သည် ၂၆-၁၂-၁၉၈၇ရက်တွင် လည်းကောင်း၊ ဦးကျင်စိုး(ဖခင်)သည် ၂၁-၄-၁၉၉၁ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် သားသမီးအရင်းများဖြစ်သော ဒေါ်တင်တင်အုန်း ၁၂/သကတ(နိုင်)၀၆၄၆၅၉၊ ဦးကျင်ထွန်း ၁၂/တမန(နိုင်)၁၄၄၀၀၃၊ ဒေါ်တင်တင်အေး ၁၂/တမန(နိုင်)၀၅၇၃၃၉ နှင့် ဦးချစ်ဦး ၁၂/ တမန(နိုင်)၀၄၃၁၇၆တို့ မွေးဖွားထွန်းကားခဲ့ပြီး အခြားသောသားသမီးမွေးချင်း တစ်ဦးတစ် ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ၈-၂-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေခွန်ပြေစာ၊ မလှကျင် အမည်ပေါက် နှစ်(၉၀) ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာပါသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်အုတ်ညှပ်ဖြစ်ပြီး၊ မြေညီထပ်တွင် အပျောက်ခန်းများရှိပြီး အပေါ်ထပ်တွင် အိမ်ငှားထားရှိခြင်းနှင့်ပတ်သက် ၍ လျှောက်ထားသူမှ အပျောက်ခန်းနှင့် အိမ်ငှားထားရှိခြင်းနှင့် ပတ်သက်၍ တာဝန်ယူကြောင်း ၅-၄-၂၀၁၉ ရက်စွဲပါ ဝန်ခံကတိတင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍သတိပေးတားမြစ်ချက်

အောက်ပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများသည် ဒေါ်ခင်ခင်သိန်း ၁၀/ကထန (နိုင်)၀၇၂၉၂၈၏ တစ်ဦးတည်းမူပိုင်တံဆိပ်အမှတ်အသားအဖြစ် မြဝတီမြို့နယ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၅/၂၀၁၆)ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်များဖြင့် သောက်ရေသန့်ဘူး ၂၀လီတာရေဘူးကြီး၊ ၀.၆လီတာရေဘူးနှင့် ၀.၂၂လီတာ ရေခွက်များကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် မြန်မာပြည်တစ်ဝန်းလုံးသို့ လက်လီ/လက်ကားဖြန့် ဖြူးရောင်းချလျက်ရှိနေပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်များကို အတုပြုလုပ်၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ကုန်အမှတ်တံဆိပ်တစ်ခုခုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူကူးယူပြီးတုပခြင်းဖြင့်လည်းကောင်း၊ မထင်မရှားတုပ၍ သံတူကြောင်းကွဲစာလုံးများ သုံးစွဲ၍ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဆိုင်းဘုတ်အသုံးပြုခြင်း၊ Online Shopping တွင်အသုံးပြုခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ဒေါ်ခင်ခင်သိန်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမှုအတွက် ဥပဒေနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်သိန်း
၁၀/ကထန(နိုင်)၀၇၂၉၂၈
အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့

ကန့်ကွက်နိုင်ကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၈)၊ အကွက်အမှတ်(အမက(၇) ကျောင်းကွက်)၊ ဦးပိုင်(၂)၊ ဧရိယာ ၀ ဒသမ ၂၇၅ ဧကရှိ မြေဂရန်အမှတ်အမှတ်၊ ၆၂၄-၅/၂၀၀၂- ၂၀၀၃(အေ)ဖြင့် ဒေါ်အေးပြီး ၁၃/လရန(နိုင်)၀၈၆၈၄၂မှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး ၁၄-၁၁-၂၀၁၈ ရက်တွင် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၂၅၇I/ ၂၀၁၈)ဖြင့် သားဖြစ်သူ ဦးဟန်ရေး ၁၃/လရန(နိုင်) ၀၀၅၀၄၅ထံသို့ မေတ္တာဖြင့် ပေးကမ်းထားရှိခဲ့ပြီး မြေငှားရန်ဦးပိုင်ခွဲစိတ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၇)၊ အကွက်အမှတ်(၂၃/လုံလော့ရပ်) ဦးပိုင်အမှတ်(၂၂/ဏ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၂၅ ဧကရှိ မြေကွက်အား အမှုတွဲအမှတ် ၁၂၀-၅/၁၉၈၈-၈၉(အေ)ဖြင့် ဒေါ်ရန်ကျင်အမည်ပေါက် ပိုင်ဆိုင်ပြီး ၁၈-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ သား/သမီးများဖြစ်သော ဦးလောက်စီ(ခ)မောင်ဇော် ၁၃/လရန(နိုင်)၀၅၀၇၄၇နှင့် ဒေါ်ဆွမ်စို့(ခ)ခင်အုန်းလှိုင် ၁၃/လရန(နိုင်)၀၅၀၈၈၁ တို့မှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၇-၁၂-၂၀၁၈ ရက်စွဲပါ ကြေညာစာချုပ်အမှတ်(၂၅၁I/၂၀၁၈)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဆွမ်စို့ (ခ)ခင်အုန်းလှိုင်မှ စာချုပ်အမှတ်(၂၆၄I/၂၀၁၈)ဖြင့် စွန့်လွှတ်ကြောင်းစာချုပ်၍ ဦးလောက်စီ(ခ)မောင်ဇော်မှ အမည်ပြောင်းထပ်မံအသစ် လျှောက်မြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ခရိုင်ထွေ/အုပ် လားရှိုးရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့ ကွက်သစ်)၊ ဦးပိုင်(၁၉၃၅)၊ ဧရိယာ ၀ဒသမ၀၉၆ဧကရှိမြေကို မြေဂရန်အမှုတွဲ အမှတ် ၁၄၁-၅/၀၈-၀၉(အေ) ဦးအားဖုန်အမည်ပေါက်ပိုင်ဆိုင်ပြီး ၄င်း ကွယ်လွန်၍ ဇနီးဒေါ်ကျင်ငယ်မှ စာချုပ်အမှတ်(၁၈၀I/၁၈) ဖြင့် အမွေဆက်ခံပြီး ဒေါ်ဆိုင်ခမ်းအား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၄I/၁၈)ဖြင့် မမန်အောင် ၁၃/လရန(နိုင်)၁၄၆၂၇၅အား ရောင်းချပြီးဖြစ်ပါသဖြင့် မမန်အောင်မှ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း(၂၀)အတွင်း ခရိုင်ထွေ/အုပ်သို့ လာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၆)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်အမှတ် (၁၁၆၄)၊ မြေချိန်ဧရိယာ ၀ဒသမ၀၆၉ဧကရှိမြေအား ဦးရှင်းရှင် ၁၃/နမတ(နိုင်)၀၂၇၀၆၁မှ မြေငှားလိုင်စင်အသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀) အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်(၂၇၇၉)၊ ဧရိယာ ၀ဒသမ ၀၉၆ဧကရှိမြေကွက်ကို ဒေါ်အေးအေးနိုင်မှ ပိုင်ဆိုင်သောမြေကွက်အား ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါကအထောက် အထားခိုင်လုံစွာဖြင့် ရက်ပေါင်း(၂၀)အတွင်း ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

မီးသတိပြု

ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မင်္ဂလွန်ကျေးရွာ၊ ပေါက်တောကွင်းနေ ဦးယဉ်မင်းထိုက် ၁၂/သလန(နိုင်)၁၁၃၃၈၅ ၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ ဒေါ်ဟေမာန်ဦး ၁၂/သလန(နိုင်)၁၂၈၃၄၆ နှင့်တကွ အများသိစေရန် ကြေညာအပ် ပါသည်။ ဦးယဉ်မင်းထိုက်နှင့် ဒေါ်ဟေမာန်ဦးတို့သည် ၂၁-၄-၂၀၁၄ ရက်တွင် မင်္ဂလာဧည့်ခံပွဲပြုလုပ်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာမှ ဦးယဉ်မင်းထိုက်သည် ကိုရီးယားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် ၁၁-၁၀-၂၀၁၆ ရက်တွင် သွားရောက်ခဲ့ပါသည်။ ဦးယဉ်မင်းထိုက်အနေဖြင့် နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်၍ မိမိရရှိသည့်လုပ်အားခငွေကြေးများကို ဒေါ်ဟေမာန်ဦးထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသည့်အချိန်တွင် ဒေါ်ဟေမာန်ဦးသည် ဦးယဉ်မင်းထိုက်အား တစ်စုံတစ်ရာဆွေးနွေးတိုင်ပင်ခြင်း၊ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလခန့်တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး ယနေ့တိုင် တစ်စုံတစ်ရာ ဆက်သွယ်ခြင်းမရှိခဲ့ပါ။ ခင်ပွန်းဖြစ်သူ၏ သဘောဆန္ဒမပါဘဲ နိုင်ငံရပ်ခြားသို့ သွားရောက်နေသည့် ဒေါ်ဟေမာန်ဦးအား ဦးယဉ်မင်းထိုက်မှ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ပါကြောင်း ဒေါ်ဟေမန်ဦးနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မျိုး LL.B,DBL,DIL
တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၅၇/ခ)၊ ပေါ်ဦး(၃)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ အချိန်ပိုင်းသင်တန်းအမှတ်စဉ်(၂)ကို ဖွင့်လှစ်မည် ဖြစ်ပါသည်–

၁။ သင်တန်းအမည် –
(က) Certificate in Business Management (CBM)
(ခ) Certificate in Mass Communication (CMC)
(ဂ) Certificate in Tourism Management (CTM)
(ဃ) Certificate in Business English Level I/ Level II (I CBE, II CBE)

၂။ သင်တန်းဝင်ခွင့်အရည်အချင်း – တက္ကသိုလ်ဝင်တန်းအောင်မြင်သူများဖြစ်ရမည်။
၃။ သင်တန်းကာလ – (၃)လ၊ (၁)လ ၆၀၀၀ဝိ/–
သင်တန်းကြေး – I CBE သင်တန်းအတွက် (၁)လ ၂၀၀၀ဝိ/–
II CBE သင်တန်းအတွက် (၁)လ ၂၀၀၀ဝိ/–
၄။ သင်တန်းဖွင့်မည့်နေ့ရက် – (၁၀–၆–၂၀၁၉)ရက်နေ့ (တနင်္လာနေ့)
၅။ လျှောက်လွှာထုတ်ပေး/ လက်ခံမည့်နေ့ရက်/အချိန် – (၃–၆–၂၀၁၉)ရက်နေ့ (နံနက် ၁၀:၀၀ နာရီမှ ညနေ ၂:၀၀ နာရီထိ)
၆။ လျှောက်လွှာနှင့်သင်တန်းကြေး ပေးသွင်းရမည့်နေရာ – သင်တန်းရေးရာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ အမှတ်(၂၇၃/၂၇၉)၊ ကုန်သည်လမ်း၊ (၅၄ လမ်းနှင့် ၅၅ လမ်းကြား) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၇။ သင်တန်းချိန် – CBM, CMC, CTM, I CBE, II CBE သင်တန်းများ (နံနက် ၇:၀၀ နာရီမှ ၉:၀၀ နာရီ) တနင်္လာနေ့မှ သောကြာနေ့အထိ
၈။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်–
(က) လိုင်စင်ဓါတ်ပုံ(၃)ပုံ
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) သင်တန်းကြေးများကို တစ်ပါတည်း ပေးသွင်းရမည်။
– Certificate သင်တန်းများအတွက် သင်တန်းကြေး (၁၈၀၀၀ဝိ/–)
– I CBE, II CBE သင်တန်းများအတွက် သင်တန်းကြေး (၆၀၀၀ဝိ/–)

၉။ အသေးစိတ်သိရှိလိုပါက ဖုန်း–၀၁–၂၉၂၅၆၆၊ သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။
၁၀။ သင်တန်းသားဦးရေကန့်သတ်ထားပါသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်

Muditar SuperMarket
ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်း၌သာ ခန့်ထားရန်။)

လိပ်စာ – အမှတ်(၃၁)၊ စကားဖြူခြံ၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဆက်သွယ်ရန်ဖုန်း – 01 – 539980, 2305599, 500555

(၁) Manager	ကျား/မ (၂) ဦး
(၂) Supervisor	ကျား/မ (၄) ဦး
(၃) Store Supervisor	ကျား/မ (၂) ဦး
(၄) Pharmacist	ကျား/မ (၂) ဦး
(၅) Sales	ကျား/မ (၂၀) ဦး
(၆) Cashier	ကျား/မ (၁၀) ဦး
(၇) အဝယ်တော်	ကျား/မ (၂) ဦး
(၈) လုံခြုံရေး	ကျား (၈) ဦး

အမှတ်စဉ်(၁) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ သက်ဆိုင်ရာ လုပ်ငန်းအား နားလည်ကျွမ်းကျင်၍ စီမံခန့်ခွဲလုပ်ကိုင်နိုင်သူဖြစ်ရမည်။ အသက် (၂၅) နှစ် မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။

အမှတ်စဉ်(၂)(၃)အနိမ့်ဆုံး ပညာအရည်အချင်း(၁၀)တန်း အောင်မြင်သူ ဖြစ်ရမည်။ သက်ဆိုင်ရာ လုပ်ငန်းအား စီမံခန့်ခွဲလုပ်ကိုင်နိုင်သူဖြစ်ရမည်။ သွက်လက်ဖြတ်လတ်၍ ချိုသာပျူငှာစွာ ပြောဆိုဆက်ဆံတတ်ရမည်။ အကျင့် စာရိတ္တကောင်းမွန်ရမည်။ အသက် (၁၈) နှစ် မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။

အမှတ်စဉ်(၄) ဆေးဝါးကျွမ်းကျင်လက်မှတ်ရှိရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ သွက်လက်ဖြတ်လတ်၍ ချိုသာပျူငှာစွာ ပြောဆို ဆက်ဆံတတ်ရမည်။ အကျင့် စာရိတ္တကောင်းမွန်ရမည်။

အမှတ်စဉ်(၅) အနိမ့်ဆုံး ပညာအရည်အချင်း(၁၀)တန်း အောင်မြင်သူ ဖြစ်ရမည်။ သွက်လက်ဖြတ်လတ်၍ ချိုသာပျူငှာစွာ ပြောဆိုဆက်ဆံတတ်ရ မည်။ အကျင့် စာရိတ္တကောင်းမွန်ရမည်။ အသက် (၁၈) နှစ် မှ (၃၅)နှစ် အတွင်း ဖြစ်ရမည်။

အမှတ်စဉ်(၆) အနိမ့်ဆုံး ပညာအရည်အချင်း(၁၀)တန်း အောင်မြင်သူ ဖြစ်ရမည်။ ကွန်ပြူတာ အခြေခံအသုံးပြုနိုင်သူဖြစ်ရမည်။ သွက်လက် ဖြတ်လတ်၍ စေ့စပ်သေချာမှုရှိရမည်။ ရိုးသားကြိုးစား၍ သစ္စာရှိသူ ဖြစ်ရမည်။ အကျင့် စာရိတ္တကောင်းမွန်ရမည်။ အသက် (၁၈) နှစ် မှ (၃၅)နှစ် အတွင်းဖြစ်ရမည်။

အမှတ်စဉ်(၇) အနိမ့်ဆုံး ပညာအရည်အချင်း(၁၀)တန်း အောင်မြင်သူ ဖြစ်ရမည်။ သွက်လက်ဖြတ်လတ်၍ ရိုးသားကြိုးစားသူဖြစ်ရမည်။ လုပ်ငန်း အတွေ့အကြုံရှိရမည်။

အမှတ်စဉ်(၈) အနိမ့်ဆုံး ပညာအရည်အချင်း အလယ်တန်းအဆင့် ရှိသူ ဖြစ်ရမည်။ သွက်လက်ဖြတ်လတ်၍ စေ့စပ်သေချာမှုရှိရမည်။ အကျင့် စာရိတ္တ ကောင်းမွန်ရမည်။ အသက် (၁၈) နှစ် မှ (၃၅)နှစ် အတွင်းဖြစ်ရမည်။

မှတ်ချက် ။ ။ ယခုမှစတင်မည့် လုပ်ငန်းဖြစ်သည့်အတွက် ခွင့်ရက်ရှည်ယူမည့် သူများအား ထည့်သွင်းစဉ်းစားမည်မဟုတ်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များ နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထက်ပါ လိပ်စာသို့ လာရောက်လျှောက် ထားနိုင်ပါသည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/3356 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရွှေဘိုမြို့နယ်တရားရုံးတော်
၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်–၁၀

ဦးဝင်းဇော် နှင့် ၁။ ဦးဖိုးဇော်
၂။ ဒေါ်နွယ်နီထွန်း
တရားလို တရားပြိုင်များ

ခင်ဦးမြို့၊ စိုင်ဂေါင်းကျေးရွာအုပ်စု၊ စိုင်ဂေါင်းကျေးရွာနေ ဦးခင်မောင်ဝင်း၏ သား ဦးဖိုးဇော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းဇော်က နွားဖိုးအကြွေးငွေ (၈၀၀၀၀ဝိ/–)(ကျပ်ရှစ်သိန်း) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဇွန် ၁၄ ရက် (၁၃၈၁ ခုနှစ် နယုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းစန်းဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ရွှေဘိုမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရွှေဘိုမြို့နယ်တရားရုံးတော်
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်–၁၁

ဦးထွန်း(ခ)ဦးသန်းထွန်း နှင့် ၁။ ဦးဖိုးဇော်
၂။ ဒေါ်နွယ်နီထွန်း
